www.burmeseclassic.com

ရွှေပေဒေသာစာပေ

# အာလင်းသစ်

## မာန်



(အချစ်လုံးချင်းဝတ္ထု|သစ်)

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

၂၀၁၆ ခုနှစ်၊ မေလ၊ ပထမအကြိမ်

ကွန်ပျူတာစာစီ - ခင်ပြုံးဝင်း

ထုတ်ဝေသူ - ဦးအေးလွင် (၀၀၄၀၅)
ရွှေပဒေသာစာပေတိုက်
အမှတ်(၃၃)၊ ကျီတော်လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ - ဦးအေးလွင် (၀၀၂၄၀)
'ရွှေပဒေသာအော့ဖ်ဆက်'
အမှတ်(၃၃)၊ ကျီတော်လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

ဖြန့်ဈေး - ၁၅၀၀ ကျပ်

အုပ်ရေ - ၅၀၀ အုပ်

ထုတ်ဝေသည့်စာအုပ်၊ ကတ်တလောက်အညွှန်း (CIP)

မာန်
အလင်းသစ်
ရွှေပဒေသာစာပေ၊ ၂၀၁၆၊ ရန်ကုန်။
၂၄၅-စာ၊ ၁၂ x ၁၈ စင်တီ။
(၁) မာန်

BURMESE CLASSIC

# မာန်

အလင်းသစ်

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

"တောက်…မင်းတို့ ခံလာရပြီ မဟုတ်လား"

အသက်နှစ်ဆယ်ကျော် လူငယ်လေးနှစ်ယောက်သည် စုတ်တသပ်သပ်နှင့် ညည်းညူရင်း မျက်နှာပေါ်တွင် ဖူးရောင်နေသော ဒဏ်ရာများကို လက်နှင့်တို့ထိနေ၏။ သူတို့နှစ်ယောက်၏ ပင်တိုင်သူငယ်ချင်းဖြစ်သော 'မာန်မာန' သည် သူငယ်ချင်းတွေ ခံလာရတာကိုကြည့်ပြီး ဒေါသချက်ဝန်းက အရောင်တလက်လက် တောက်ပနေ၏။ နှုတ်ခမ်းကို သွားနှင့် ဖိကိုက်ထားသည်မှာ နှုတ်ခမ်းနီထွေးထွေးလေး ပြတ်ထွက်လုမတတ်ပါပဲ။

"ငါ မပါလို့ ဒီလိုဖြစ်တာ"





"တို့လည်း ပြန်ချတာပဲကွ…ငါးယောက်နဲ့နှစ်ယောက်ဆိုတော့ အင်အားချင်းမှ မမျှတာ"

"ခု…အဲဒီကောင်တွေ ဘယ်မှာလဲ"

"လမ်းထိပ်မှာ ရှိချင်ရှိဦးမှာပေါ့…အင်အားမမျှလို့ ငါတို့က ပြန်ပြေးလာတာ"

'မာန်' နဖူးပေါ်သို့ ကျနေသည့် ဆံပင်စကို ခေါင်းငုံ၍ ဆတ်ကနဲ ခါတင်လိုက်ကာ…

"မင်းတို့ ငါနဲ့လိုက်ခဲ့"

'မာန်' ရှေ့မှ ဦးဆောင်သွားသည်နှင့် သူ၏သူငယ်ချင်းနှစ်ယောက်ဖြစ်သော 'မိုက်'နှင့်'သိုက်' က နောက်မှမကွာ။ နာမည်အပြည့်အစုံပြောရလျှင် 'မိုက်သူ'နှင့် 'သိုက်ထွန်းဦး' ပင်။ 'မာန်'တို့ သုံးယောက် အိမ်ဝပင်ရောက်သေး…

"မောင်လေး…မာန်"

"သား"

လာပါပြီ။ အစုလိုက်အပြုံလိုက်။ မာန် နောက်သို့ ပြေးလိုက်လာပြီး မာမီရော မမပါ မာန့်လက်မောင်းကို ဆွဲထားကြလေ၏။

"ဒါက ဘယ်ကိုသွားဦးမလို့လဲ သားရယ်"

"ကျွတ်…ဒီမှာ မာမီ မမြင်ဘူးလား…ဒီကောင်တွေ ခံလာရတာ သား မကျေနပ်ဘူး။ အဲဒီကောင်တွေကို ပြန်ချမလို့"

ဒေါ်သီရိမွန် ရင်ဘတ်ကိုသာ ဖိလေတော့သည်။ အစ်မဖြစ်သူ ဇေမိုင်မွန်ကလည်း မျက်လုံးကလေးပြူး၍ စိုးရိမ်နေဟန် ရှိ၏။ 'မာန်



www.burmeseclassic.com

www.burmeseclassic.com



မာန်" ဆိုတာ နာမည်နှင့်အထာကျအောင် မာန်ထက်သလို မာနကလည်း ကြီးပေသည်။ သူများက '၁' ဆိုရင် သူက ခြေထောက်တစ်ချောင်းဆွဲချပြီး '၃' ကို လုပ်ပစ်ချင်သူ။

မဟုတ်လျှင် မခံတတ်။ ထစ်ကနဲဆို စိတ်မြန်လက်မြန်နှင့် ထိုးဟယ်ရိုက်ဟယ်ဖြစ်လွန်းလို့ ရဲစခန်းမှာ အမေနှင့်အစ်မတွေ လိုက်ရှင်းရတာလည်း မကြာခဏပင်။

"မသွားပါနဲ့လား မောင်လေးရယ်...စိုးရိမ်နေရတဲ့ ငါတို့ကိုလည်း သနားပါဦးဟယ်..."

"မမလတ်...မမလတ် ကျွန်တော့်အကြောင်းကို သိတယ်နော်။ သူများနဲ့ယှဉ်ဖိုက်ရင် 'မာန်' ဘယ်တုန်းက ရှုံးဖူးလို့လဲ။ သူတို့ ငါးယောက်မကလို့ ဆယ်ယောက်ဖြစ်လည်း 'မာန်'ဆိုတဲ့ကောင်က မဖြုံဘူး"

ကေလည်း မာန့်အကြောင်းကို သိနေပါသည်။ တားသာတားနေရတာ ဒီကောင်လေးက ဖွတ်တရွတ်။ ကြောက်စိတ်ဟူ၍ နည်းနည်းပင် မရှိပါချေ။ အသက်ငယ်ငယ်လေးကတည်းကပင် မိုက်ကန်းကန်းလေးမို့ သူများနှင့် ရန်ဖြစ်ရင် ခံလာရမှာစိုးလို့ဟုဆိုကာ ဒက်ဒီကိုယ်တိုင်ပင် အရွယ်လေးရောက်လာတဲ့ မာန့်ကို ဂျူဒို ကရာတေး စသည့်သင်တန်းတွေမှာ လိုက်ပို့ပြီး သင်ယူစေခဲ့တာ။ ခုတော့...

ဒီပညာတွေ သင်ပေးခဲ့တာ မျောက်ကို အမြီးရေနံပတ်စွတ်ပြီး မီးရှို့ပေးလိုက်သလို ဖြစ်နေပါပြီ။

"မာမီတို့ ဘယ်လိုလုပ်ကြမလဲ သမီးလတ်"





"ခုမှတော့ ဘာလုပ်ရမလဲ မာမီရယ်...တားလို့မှမရတာ။ ပြဿနာဖြစ်လာရင် လိုက်ပြီးဖြေရှင်းလိုက်ရုံပေါ့"

"ခက်တယ်...အဲဒါ ညည်းအဖေ မွေးပေးတဲ့မီးစပေါ့"

ဒေါ်သီရိမွန် ရင်ဘတ်ကို ဖိ၍သာ လှည့်ပြန်ခဲ့ရတော့သည်။ အငယ်ဆုံးလေးမို့ ပိုင်းပြီး အလိုလိုက်ထားကြတော့ ဆိုးချင်တိုင်းဆိုးနေတော့တာပါပဲ။

'မာန်' တို့ကတော့ ငရဲမကြောက်သည့် လူသားတွေလို ခြေလှမ်းကျဲများနှင့် ချီတက်လာပြီ။ လရောင်ဝိုးတဝါးအောက်မှာ အသံကြားရာဆီသို့ အာရုံကို စူးစိုက်လျက် တစ်ယောက်နှင့်တစ်ယောက် စကားမပြောကြပေ။ 'မာန်' ဒေါသဖြစ်လာပြီဆိုလျှင် မိုက်နှင့်သိုက်ပင် သူ့ကို စကားမပြောရဲပါ။ မာန်မာနဆိုတာ ဘယ်သူ့ကိုမှ မကြောက်တတ်သူ။ သတ္တိရှိသည်။ လက်မြန်သည်။ စိတ်ဆတ်သည်။ သနားစရာရှိရင်လည်း သူ့လိုလူ နှစ်ယောက်မရှိပေ။

'ကျောင်းမှာ ဆင်းရဲချို့တဲ့လွန်းလို့ စရေးဆောင်းရေး မပေးနိုင်သည့်သူတွေရှိလျှင် မာန်က ဝင်၍ရှင်းပေးတတ်သည်။ ကျန်းမာရေး မကောင်း၍ ဆေးရုံတက်ကြသည့်သူတွေထဲမှာ ဆင်းရဲလွန်းသည့်လူ ရှိလို့ ငွေအခက်အခဲဖြစ်နေလျှင် သူ့လက်စွပ် ဒါမှမဟုတ် ဟန်းချိန်းကို ချွတ်ပေးတတ်သူပါ။ မာန်က အဲဒီလိုကောင်လေး။ လူရောစိတ်ရော ကြမ်းပေမယ့် ရုပ်ရည်နှင့်ဘော်ဒီကတော့ မြင်သူတိုင်း လက်ဖျားခါရသည့်အဖြစ်ပါပဲ။

ဖြူစင်ဝင်းဖန့်သော အသားအရေက နုဖတ်စိုပြေနေပြီး နှာခမ်း



www.burmeseclassic.com

www.burmeseclassic.com



ထူပြည့်ပြည့်လေးက ပိရိသေသပ်စွာ နီထွေးနေသည်။ လုံးချွန်နေသော နှာတံလေးက အထင်းသားပေါ်နေပြီး ထူထဲသော မျက်ခုံးအောက်က မျက်နက်ဝန်းလေးကလည်း မြင်သူတိုင်းကိုပင် ညှို့ယူဖမ်းစားထားနိုင်သည်ဆိုလျှင် မမှားပေ။

အရပ်ကလည်း ခပ်မြင့်မြင့်။ လေးထောင့်မကျတကျ မျက်နှာအနေအထားနှင့် မာန်မာနကို ရုတ်တရက်ကြည့်ကြည့်၊ သေသေချာချာ ဝဲကြည့်ကြည့် မိန်းကလေးလို လှပနေသည်ဟု ဆိုကြမှာပါ။ မွေးညှင်းနုလေးတွေစုရွဲ၍ နှုတ်ခမ်းမွေး၊ မုတ်ဆိတ် စသည်တို့ လုံးဝ မရှိချေ။

"ဘယ်လိုလဲ မင်းတို့ကောင်တွေ…နှစ်ယောက်ကို ငါးယောက်က ဝိုင်းပြီး အနိုင်ကျင့်တာ ယောက်ျားလားကွ"

မာန့်အသံကိုကြားသည်နှင့် ဂစ်တာတီးနေသောအုပ်စု အသံပျောက်သွားလေသည်။ တီးတိုးစကားသံများ ကြားပြီးနောက် ထိုင်နေရာမှ ထလာကြလေလျှင်…

"မင်းတို့က ကြွက်မနိုင်လို့ ကျီမီးနဲ့ရှို့တာပဲ။ ဟိုနေ့က ရန်ဖြစ်တဲ့ကိစ္စ မင်းတို့ အသုံးမကျလို့ ရှုံးခဲ့တာပဲ။ ခုမှ မိုက်နဲ့သိုက်ကို မင်းတို့ ဘာဖြစ်လို့ အနိုင်ကျင့်တာလဲ။ ယောက်ျားချင်းပဲ မျှမျှတတ လုပ်မှပေါ့ကွ"

"မင်း အပိုတွေ ပြောမနေနဲ့ မာန်မာန…အခု မင်း မကျေနပ်လို့လာတာ မဟုတ်လား"

"ဟုတ်တယ်…မကျေနပ်ဘူး"

တစ်ဖက်အုပ်စုမှ ခေါင်းဆောင်ဖြစ်သော ဝဏ္ဏအောင်က ရှေ့သို့





တိုးလာ၏။ မာန်ကို စူးစူးရဲရဲကြီး ကြည့်ကာ–

"ငါကလည်း မင်းကို မကျေနပ်ဘူး။ မင်းကြောင့် ယုယနွယ်က ငါ့ကို အဆက်ဖြတ်ပစ်လိုက်တာ"

"အဲဒါ မင်းတို့ကိစ္စ မင်းတို့ ရှင်းပါလား…ယုယနွယ်က သူ့ဟာသူ ငါ့ကို တစ်ဖက်သတ်ကြိုက်တာ ငါနဲ့ ဘာဆိုင်လို့လဲ။ မင်းဟာမင်း ယုယနွယ်ကို ထိန်းပေါ့။ မင်းသာ ထန်းလက်ရှမ်ကို နှုတ်ရုပ်ဆင်နေတာ။ ငါက စာမဖွဲ့ဘူး။ မင်း နားလည်လား"

"မင်း သိပ်ပြီး ဖင်ခေါင်းကျယ်မနေနဲ့ မာန်မာန…ယုယနွယ်က မင်းမှမင်းဖြစ်နေတာ…အဲဒီတော့ သူမြတ်နိုးတဲ့ မင်းမျက်နှာကို ငါရအောင် ဖျက်ဆီးပစ်မယ်"

မာန်က ခြေထောက်ကို ချုံ့ရုပ်ပြီး ခါးထောက်ကာ ခနဲ့ပြုံး ပြုံးလေပြီးလျှင်–

"စိန်လိုက်လေ…ငါ့မျက်နှာကိုပဲ မင်းတို့က ဖျက်ဆီးပစ်နိုင်မလား…မင်းတို့သွားတွေပဲ မင်းတို့ပါးစပ်ထဲကနေ အလည်ခရီးထွက်နေ အပြီးထွက်သွားမလား…စမ်းကြည့်ပေါ့"

"တောက်…တော်တော်ကြီးကျယ်တဲ့ကောင်…ကဲ"

"ဖြောင်း"

"ခွပ်"

"ဟိတ်"

မာန်မာနဆိုတာ အဲဒီလိုမိုက်တဲ့ကောင်ပါ။ ဝဏ္ဏအောင်ဆီမှ ထင်လာသော လက်သီးချက်ကို မျက်နှာနောက်လှန်ချ၍ ရှောင်တိမ်းပြီး



www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်က ဝဏ္ဏအောင်၏ရင်ဝနှင့် မိတ်ဆက်ပြီးသားပါ။

"ခွပ်"

"ဖြောင်း"

"ဘုတ်"

"အင့်"

တစ်ယောက်ချင်း စိန်ခေါ်ချပေမယ့် ရန်ပွဲစသည်နှင့် ကျန်တဲ့သူတွေက ရှမိုမနေပါ။ ငါးယောက်နှင့်သုံးယောက်၊ ပွဲက ကြည့်ကောင်းနေသည်။ မိုက်နှင့်သိုက် တစ်ယောက်စီပင် ထိန်းထားနိုင်ပြီး မာန်က ကျန်တဲ့သုံးယောက်နှင့် ဖိုက်နေရ၏။ မာန်တို့က သုံးယောက်လောက်ကို သွားကြားထိုးမပျက်တောင် ဖိုက်လို့ရသည်လေ။

"ဖောင်း"

"ခွပ်"

"အင့်"

"ခွပ်"

"အား"

သွားပြီး ငါးယောက်စလုံး မျက်နှာနှင့်မြေကြီး စပါယ်ရှယ် ဝမ်းဆက်ဖြစ်သွားလေ၏။

"ကဲ…အဲဒါပဲ၊ ယောက်ျားဆိုတာ သူများကို ဘယ်တော့မှ အရှုံးမပေးတဲ့ သတ္တိရှိရမယ်။ မင်းတို့နှစ်ကောင် အရည်အချင်း ညံ့သေးတယ်။ ဒီနေ့ကစပြီး နောက်ငါးရက်တိတိ ငါ ထပ်သင်ပေးမယ်… လာလိုက်ခဲ့"





မာန် သူတတ်ထားသမျှ ဂျူဒို၊ ကရာတေးပညာတွေကို သူငယ်ချင်းတွေကို ပြန်သင်ပေးလေရာ ပညာတစ်ဝက်ပဲရှိသေးတာမို့ နောက်ထပ် ဖြည့်ဆည်းပေးရန် ဆုံးဖြတ်လိုက်တော့၏။ ဘာဆရာစားမှ မချန်ဘဲနဲ့ပေါ့လေ။ ဆရာထက် တပည့်တွေက ပိုပြီး လက်စောင်းထက်သွားတော့လည်း ဝမ်းသာစရာပဲပေါ့။

✿✿



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

"ခက်တယ်...ခက်တယ်...အခက်တကာ့ အခက်ထဲမှာ ဒီအခက်က ငါ့ခေါင်းကို ဆင်နင်းသွားသလိုပဲ"

ဦးမျိုးမာန်၏အသံက ညည့်ခန်းတစ်ခုလုံး ဟိန်းထွက်သွားလေ၏။ သားယောကျ်ားလေး လိုချင်လွန်းသော ဦးမျိုးမာန် သမီးချည်းပဲ မွေးထားလို့ စစ်စစ်ပေါက်ပေါက် ဒီတစ်ယောက်ကို အချစ်တွေပုံအောကာ အလိုလိုက်မိကာမှ ကျားမြီးကို မီးကွင်းစွပ်ပေးသလို ဖြစ်နေပြီ။

"အဲဒါ ရှင့်ကြောင့်လေ...ရှင် စင်တင်လိုက်တဲ့ လူကြမ်းမင်းသားကို ရှင့်ဟာရှင်ပဲ ဘယ်လိုမင်းသမီးပြန်ဖြစ်အောင် ပြုပြင်မလဲ စဉ်းစားပေါ့"

"မောင်လေးကို အပြစ်မပြောပါနဲ့ မာမီရယ်...ဟိုဘက်က စလို့ ဖြစ်ကြတာကို...သူတို့က သူတို့သားတွေ ခံရလို့ လာတိုင်ကြတာ။





သူတို့လည်း ကိုယ့်သားတွေ ကိုယ်ထိန်းကြပါလား...ခုတော့ တစ်စိတ်ရှိ ဒီကိုပဲ လာလာတိုင်နေကြတာ ကောင်းသလား"

ချောစုစွန်က သူမ မောင်လေးကိုထိလျှင် မခံနိုင်။ ဘယ့်နှယ်...သူတို့က မစဘဲနဲ့ ကလေးက ဘယ်သူ့ကိုမှ ရန်ရှာတတ်တာ မဟုတ်ဘူး။ သူ့ကို လာရန်စလျှင်တော့ မြွေပွေးလို ပြန်ပေါက်တတ်သည့် ကောင်လေးမျိုးပဲလေ။ ဒါကို သူတို့သိရဲ့သားနဲ့။

"ချောစု...ညည်းလည်း သတိထားနော်။ မာန့်ကို ညည်းတို့ ဝိုင်းပြီး အလိုလိုက်နေကြလို့ ဒီကောင်လေး ဆိုးနေတာ"

"မာန်က စိတ်ထားလေးဖြူစင်ပါတယ် မာမီရယ်...စိတ်ဓါတ်တာကလွဲရင် သူ့မှာ ဘာအပြစ်ရှိတာမဟုတ်ဘူး။ သူများကို သနားတတ်တယ်။ ကျောင်းစာဆိုလည်း ကြိုးစားတာ ကြည့်ပါလား"

"လာပြန်ပြီလား တစ်ယောက်...ညည်းတို့ မြှောက်မြှောက်ပေးနေတာက အရေးမကြီးဘူးနော်...မာန့်ဘဝမှန်ကိုလည်း သတိရကြဦး"

ဒေါ်သီရိမွန်၏စကားကြောင့် အားလုံး မျက်နှာပျက်ယွင်းသွားကြလေသည်။ အဆိုးဆုံးက ဦးမျိုးမာန်ပါ။

"တော်တော့...သီရိ...မင်းစကားကို ရပ်တန်းက ရပ်တော့။ အဲဒီစကားကို နောက်ထပ် ထပ်ပြောရဲပြောကြည့်"

"ဟုတ်သားပဲ မာမီရဲ့...မာန့်ဘဝမှန်ကို ဒီအိမ်သားတွေကလွဲရင် ဘယ်သူမှမသိဘူး။ 'မာန်မာန'ဂေဟာကလူတွေ သစ္စာရှိဖို့ပဲလိုတာ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သီရိမွန် သက်ပြင်းချ၍ ခေါင်းတခါခါ ဖြစ်ရလေတော့၏။ သူမက အမုန်းကို အမုန်းအတိုင်း ဖြစ်စေချင်ပေမယ့် မာန်မာနဂေဟာ တစ်ခုလုံးက သူမနှင့် ဆန့်ကျင်ကာ တစ်စိတ်တည်း တစ်ဝမ်းတည်း ဖြစ်နေကြတာလေ။

"ကောင်းပြီလေ…ဘယ်သူမှ မကြိုက်ကြရင်လည်း မပြောရုံပဲ ရှိတော့တာပေါ့…နောက်မှတော့…ဟွန်း"

ပြောပြီး ထိုင်ရာမှ ထသွားလေသော ဒေါ်သီရိမွန်၏ နောက်ကျောကိုကြည့်၍ ဦးမျိုးမာန် စိတ်မကြည်မလင် ဖြစ်သွားတာတော့ အမှန်ပါပဲ။

"ဒက်ဒီ"

"ဟင်"

"မာမီက တစ်မျိုးပဲနော်"

ဦးမျိုးမာန် သက်ပြင်းချကာ…

"သမီးတို့မာမီကို အထင်မလွဲကြပါနဲ့ကွယ်…သူလည်း မိခင်တစ်ယောက်ပဲ။ သူ့စိတ်ထဲမှာ သားအတွက် စိုးရိမ်စိတ်တွေ လွှမ်းကဲနေတယ်။ ဒါပေမယ့် သူက ဖေဖေတို့ သမီးတို့လို ဖွင့်မချစ်တတ်တာပါ"

ဒေါ်သီရိမွန် အမုန်းတကယ်ပင် ဘယ်သူ့ကိုမှ ပွင့်လင်းစွာ မချစ်ပြခဲ့သူပါ။ အရာရာကို မျိုသိပ်နိုင်သော မိန်းမတစ်ယောက်။ သားသမီးကို ချစ်တာ အိပ်နေတုန်းမှ ခိုးနမ်းတတ်သော မိခင်တစ်ယောက်ပါ။ သားကိုချစ်သော်လည်း နေရာတကာ သဲသဲလှုပ်နေတာမျိုးလည်း





မလုပ်ခဲ့ပေ။

"မာမီက အရမ်းမျိုသိပ်နိုင်တာပဲနော်"

"ရှီ…ရှီ…ရှီ…ရှီ"

"ဟော…မာန်"

အပေါ်ထပ်မှ လှေချွန်တာမြမြနှင့် ဆင်းလာသော 'မာန်'။ အလွန်ချောမောလှသော ကောင်လေးမို့ တစ်ခါတလေ အစ်မတွေကပင် ငေးယူရသည်လေ။ ကားသော့ကို လက်ညှိုးမှာ ချိတ် လှည့်ပတ်ဆော့ကစားလာပုံက မိန်းကလေးများ၏အသည်းကို ပြုစားဖို့ စိန်ခေါ်နေသလိုပင်။

"ဗျာ"

"ခဏလာပါဦးကွ"

မာန် ဒက်ဒီဘေးက ဆိုဖာပေါ်တွင် ဝင်ထိုင်လိုက်၏။

"ရန်ဖြစ်တာ လျှော့ပါ သားရယ်…သားအသက်မငယ်တော့ဘူး။ ဘွဲ့လည်းရပြီးပြီ…အသိနဲ့သတိကို သား ခါးဝတ်ပုဆိုးလို မြဲထားဖို့သင့်ပြီ"

"သားလည်း ရန်မဖြစ်ချင်ပါဘူး ဒက်ဒီ…ဒါပေမဲ့ အဲဒီဝရွှာအောင်တို့အဖွဲ့က မိုက်နဲ့သိုက်ကို လိုက်ရန်ရှာနေတာ။ အလကားပါ ဒက်ဒီရာ…သူတို့ မကျေနပ်တာက သားကို"

ဦးမျိုးမာန် မျက်ခုံးနှစ်ဖက် မြင့်တက်သွားလေသည်။ ပြောရခက်မှန်းတော့ သိသားပေါ့။

"သူတို့က မောင်လေးကို ဘာမကျေနပ်ဖြစ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးမျိုးမာန်ထက်ဦးစွာ မေးလိုက်သူက ချောစုမွန်။

"သူကောင်မလေး ယုယနွယ်က မာန့်ကိုကြိုက်ပြီး သူ့ကို အဆက်ဖြတ်လိုက်လို့လေ"

"ဟောတော့"

အစ်မနှစ်ယောက် ပါးစပ်ကလေးတွေ အဟောင်းသား ဖြစ်သွားလေ၏။ ကေခိုင်ကပင်...

"မောင်လေးကရော အဲဒီယုယနွယ်ကို ကြိုက်နေလို့လား"

"စိတ်မဝင်စားပါဘူး မမလတ်ရာ...သူ့ဟာသူ မာန့်ကို ကြိုက်တာ...မာန် ဘာလုပ်ရမလဲ။ အဲဒါ သူ့ရဲ့လွတ်လပ်ခွင့်ပဲဟာ"

"ဟုတ်တာပေါ့...မိန်းကလေးက သူ့ဟာသူ စိတ်ဝင်စားတာ ငါ့သားနဲ့ ဘာဆိုင်လို့လဲ"

ဦးမျိုးမာန် သားကို အဲဒီလိုချစ်သူပါ။ သား ဘာလုပ်လုပ်၊ ဘယ်လောက်ဆိုးဆိုး အပြစ်မြင်တတ်သူ မဟုတ်။ သားအတွက် ငွေလိုရင် ငွေ၊ ရွှေလိုရင်ရွှေ၊ ဘယ်ကားစီးချင်တယ်ဆို ချက်ချင်း ဝယ်ပေးလိုက်တာ။ သားမျက်နှာမငယ်ရအောင် တစ်ဖက်မှာ သူ့လုပ်ငန်းနှင့်သူ အသီးသီး စီးပွားရှာကြသည်လေ။ ဦးမျိုးမာန်က 'မာန်မာန' ဝမ်းကုမ္ပဏီကို တည်ထောင်၍ ဦးစီးလုပ်ကိုင်ကာ သမီးလတ်ကေခိုင်မွန်က 'မာန်မာန' တူးကုမ္ပဏီကို ဦးစီးလုပ်ကိုင်နေသည်။ သမီးကြီး ချောစုမွန်က စူပါမားကတ်တစ်ခု ထောင်ထားလေ၏။ သမီးငယ် သူစာမွန်က စိန်၊ ရွှေ ရတနာရောင်းဝယ်ရေး စသည်တို့ဖြင့် အဖက်ဖက်မှ ဝင်ငွေရှာနေကြသည်လေ။ ဒေါ်သီရိမွန်ကတော့ အိမ်မှာ သူမကို





ဘာမှမလုပ်နိုင်းဘဲ ပြည့်စုံအောင်ထားသည်။ မာန်ကတော့ လောလောဆယ် ယောင်ခြောက်ဆယ် ဖြစ်နေတာပေါ့။

"ဒက်ဒီ...တစ်ခု စဉ်းစားမိတယ်"

"ဘာများလဲ ဒက်ဒီ"

မောင်နှမသုံးယောက် ပြိုင်တူပင် မေးလိုက်မိ၏။ ဦးမျိုးမာန်က သားမျက်နှာကို စူးစမ်းသလို ကြည့်၍...

"သားကို ခြေငြိမ်သွားအောင် မိန်းမ ပေးစားလိုက်ရင် ကောင်းမလားလို့"

"အို...ဒက်ဒီကလည်း"

"မဟုတ်တာ ဒက်ဒီရယ်"

"ဟာဗျာ..."

အသံတွေက ပေါက်ပေါက်ဖောက်သလို ထွက်လာသဖြင့် ဦးမျိုးမာန် ပြုံးလိုက်မိသည်။ မဖြစ်နိုင်မှန်းတော့ ဦးမျိုးမာန် သိတာပေါ့။ ဒါပေမယ့် ဒီစကားသည် မာန့်ခြေလှမ်းတွေကို ချုပ်ကိုင်နိုင်ဖို့အတွက် သွေးတိုးစမ်းလက်နက်ပင် မဟုတ်လား။

"ဘယ်လိုလဲ...သား"

"မဖြစ်နိုင်တာ ဒက်ဒီရာ...မိန်းမတော့ မယူချင်ဘူး။ သား အလုပ်တစ်ခုပဲ လုပ်ချင်တယ်"

"ဟော...သားက ဘာလုပ်ချင်လို့တုန်း"

"ကုမ္ပဏီတစ်ခု"

"ရတယ်...ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



မာန့်စကားဆုံးအောင်ပင် မပြောလိုက်ရ။ အစ်မနှစ်ယောက်က ရတာယ်ဟု တန်းပြောတော့တာပါပဲ။ မာန် မရှိဆိုသောစကားကို နားမှာ မကြားပါရစေနဲ့ဟူသောဆုကို ဘဝဟောင်းက တောင်းခဲ့မိသည် ထင်ပါ၏။ မရနိုင်ဘူးဆိုတာ မရှိခဲ့သလောက်ပါပဲ။ အဲဒီလို ပြီးပြည့်စုံ တဲ့ဘဝကို ပိုင်ဆိုင်ထားသူပါ။

"ဒါဆို ဖေဖေ့ကုမ္ပဏီမှာ သား ဝင်လုပ်ပါလား"

"အာ…မလုပ်ချင်ပါဘူး"

"ဒါဆို မမလတ်ကုမ္ပဏီမှာ ဝင်လုပ်လေ"

မာန် ခေါင်းကို ခါယမ်းလိုက်သည်။

"ဒါဆို မောင်လေးက ဘယ်ကုမ္ပဏီမှာ လုပ်ချင်လို့လဲ"

မာန် တစ်ချက်ပြုံးလိုက်ကာ…

"ကျွန်တော်…"

"ပြောလေ"

မာန်က ဒက်ဒီ့မျက်နှာကို မော့ကြည့်လေသဖြင့် မမလတ်က မပြောရဲမည်စိုး၍ ဆက်မေးလေသည်။

"ကျွန်တော် သူများကို မှီခိုပြီး အလုပ်မလုပ်ချင်ဘူး"

"အဲဒီတော့"

"ကိုယ့်အစွမ်းအစနဲ့ကိုယ် ကိုယ်ပိုင်လုပ်ငန်း၊ ကိုယ်ပိုင်ဦးနှောက် နဲ့ ကိုယ်ကိုယ်တိုင် ဦးစီးပြီးလုပ်ချင်တာ"

မာန့်ဆုံးဖြတ်ချက်ကို သဘောကျစွာ ဦးမျိုးမာန် ပြုံးလိုက်မိ၏။ ချောစုနှင့်ကေခိုင်ကတော့ မယုံရဲ ယုံရဲပုံစံနှင့်သာ။





"ဒက်ဒီ သဘောပေါက်ပြီ၊ သားက ကိုယ်ပိုင်ကုမ္ပဏီတစ်ခု တည်ထောင်ချင်တယ်ပေါ့…ရပါတယ်…သားအတွက် ဒက်ဒီက 'မာန်မာန' သင်္ဘောကို တည်ထောင်ပေးမယ် ဟုတ်ပြီလား"

"ဒက်ဒီ…တကယ်ပြောတာလား"

ဦးမျိုးမာန် လက်ဖျစ်တစ်ချက် တီးကာ…

"စောင့်ကြည့်"

"ဖြစ်ပါ့မလား ဒက်ဒီရယ်…မောင်လေးက အတွေ့အကြုံ ရှိသေးတာမဟုတ်ဘူး"

ဦးမျိုးမာန်က ဟက်ဟက်ပက်ပက်ပင် ရယ်ကာ…

"ဒီအတွက် စိတ်မပူပါနဲ့ သမီးလတ်ရယ်…သားရဲ့အရည် အချင်းကို ဒက်ဒီ ယုံတယ်။ လောလောဆယ် ဒက်ဒီတို့က နည်းနည်း သင်ပြပေးလိုက်ရုံပဲ"

ဦးမျိုးမာန် သား၏ပခုံးကို ဖက်လိုက်ပြီး -

"သား…ကြားလား…မင်းမမက မင်းကို အထင်သေးနေတာ၊ ကြိုးစားပြလိုက်စမ်းပါကွာ"

"အိုကေ…ဒက်ဒီ…သား မမထက် အောင်မြင်အောင် ကြိုးစားပြမယ်…ယုံလိုက်"

"ဒါမှ ငါ့သားကွ"

သားအဖနှစ်ယောက် လက်ဝါးချင်းရိုက်၍ လက်မထောင်လိုက် ကြသည်။ ချောစုနှင့်ကေခိုင်လည်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်၍ ပြုံးနေကြမိ၏။ မောင်ငယ် လူရွှပ်ကလေးက အလုပ်ရှုပ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားလာသဖြင့် သူမတို့ရင်ထဲမှာ အပျော်လေးတွေ စီးဝင်လာ၏။ ဒါမှ ဒီကောင်လေး ခြေငြိမ်သွားမှာ။ အင်း…တကယ်ဆိုရင်…

"သြော်…ဒါနဲ့ ဒက်ဒီကို ပြောရဦးမယ်"

မာန်က ခါးလေးဆန့်၍ ဒက်ဒီမျက်နှာကိုကြည့်ကာ ဆိုသည်။ မျက်နှာကလည်း ချက်ချင်း အရောင်ပြောင်းသွားလေပြီး…

"ဘာလဲ…သား"

"ဒက်ဒီတို့ မမငယ်ကို ကြည့်ထိန်းဦးနော်"

"ဘာဖြစ်လို့လဲ မောင်လေး"

"ဘာဖြစ်ရမလဲ…ဟို…သူဌေးလိုလို ခွေးလိုလိုနဲ့ အိမ်ကို မကြာခဏလာနေတဲ့ သက်ပိုင်ဆိုတဲ့ကောင်နဲ့ တစ်တွဲတွဲပဲ။ 'မာန်' မျက်စိရှုပ်လာရင်တော့ နားရင်းအုပ်မှာနော်…ကြည့်ပြောထား"

"ဟောကြည့်…ဓာတ်က ပေါ်လာပြန်ပြီ"

မာန် မျက်နှာသုန်မှုန်သွားသည်ကို ကြည့်၍ ဒက်ဒီနှင့်မမတွေက ရယ်ကြလေသည်။ မာန်က အဲဒီလိုကောင်မျိုးလေးပါ။ သူ့အစ်မတွေနားကို သူစိမ်းယောကျ်ားတွေကပ်တာ လုံးဝ မကြိုက်သူပင်။ မမတွေကလည်း မာန့်ကို ချစ်နေရရင် အရာအားလုံးကို မေ့ထားတတ်သူလေးတွေပါ။

နိုးရိမ်ရတာ တစ်ခုကတော့လေ ပြောရခက်တဲ့ အကြောင်းတစ်ခုကြောင့် ယောကျ်ားတွေနဲ့ ရင်ဘောင်တန်းနေတဲ့မာန် တစ်ခုခု ဖြစ်မှာကိုပါ။

---



# အခန်း (၃)

ဖြူ၊ နီ၊ ဝါ၊ ပြာ ရောင်စုံဖြာနေတဲ့ ပန်းဥယျာဉ်လေးထဲမှာ လိပ်ပြာကလေးတွေကို လိုက်ဖမ်းနေတဲ့ အလှနတ်သမီးလေးတစ်ပါးရှာ ဝါဝန်စလေး တဖားဖားနှင့် လိပ်ပြာလေးတွေကြားမှာ ဆင်တူယိုးမှားဖိုင် လှုပနေလို့ပါ။

သူမ ဆော့ကစားနေရာ ပန်းခင်းကလေးထဲမှာ ပန်းပင်တွေကို ရေလောင်းနေသော ကောင်လေးက သူမကိုကြည့်၍ သဘောကျစွာ ရယ်မောနေသည်သာ။ သူကလည်း ပန်းတွေကြားက ပန်းမင်းသား လေးနှယ်ပါ။

"ခွန်းချို"

"ဘာလဲဟာ"

www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးက ရေထမ်းပုံးကို အောက်ချကာ ခွန်းချိုဆိုသော ကောင်မလေးဆီသို့ ပြေးလာ၏။ အနီးသို့ရောက်တော့…

"လိပ်ပြာတွေကို မိတာလည်းမဟုတ်ဘဲနဲ့ လိုက်ဖမ်းနေတာ နှင် မမောဘူးလား"

"နှင်က ငါ့ကို မောမှာစိုးလို့လား"

"အင်းပေါ့"

"ဒါဆို နှင် ဖမ်းပေးလေ"

ကောင်လေးမျက်နှာက ပြုံးနေရာကနေ တဖြည်းဖြည်း ညှိုးနွမ်းရိပ်ဘက်သို့ ကူးပြောင်းသွားလေလျှင်…

"အာရုံ"

"ဟင်"

"နှင် ဖမ်းမပေးဘူးလား"

"လိပ်ပြာလေးတွေ သနားပါတယ်ဟာ…သူတို့ဘာသာသူတို့ လွတ်လွတ်လပ်လပ် ပျံသန်းပါစေ။ သူတို့ကို ဖမ်းပြီး နှင် ဘာလုပ်လို့ ရမှာမို့လို့လဲ။ ပန်းနဲ့လိပ်ပြာဆိုတာ စမ်းရေပြာနဲ့ ပန်းရွှေကြာလိုပဲ သဘာဝကိုက လိုက်ဖက်အောင် ဖန်တီးပေးထားတာ။ သူ့သဘာဝနဲ့ သူ လှနေပါစေ ခွန်းချိုရယ်"

အာရုံဦးဆိုတဲ့ ကောင်လေးက အဲဒီလိုပါ။ နာမည်နဲ့လိုက်အောင် အာရုံဦးရဲ့နံနက်ခင်းလို ရိုးသားအေးချမ်းသူပါ။

"နှင်ဟာလေ…ယောကျ်ားမဟုတ်တဲ့အတိုင်းပဲ…သိလား။ သိပ်စိတ်နုတာပဲ…အသည်းနုတဲ့ ယောကျ်ားတွေက အသည်းကွဲတတ်





တယ်တဲ့…နှင် သတိထား"

အာရုံက သွားတက်ကလေးပေါ်အောင်ရယ်ကာ…

"သူတစ်ပါး ပျော်ရွှင်ဖို့အတွက်ဆို ငါ့ခန္ဓာကိုယ်တစ်ခုလုံးကို လည်း ငါ လှူရဲပါတယ်။ ဒါပေမယ့် အသည်းကွဲမှာတော့ ကြောက် သလိုပဲ။ အဲဒါကြောင့် ငါ ရည်းစားမထားတာ"

ပန်းလေးတွေနှင့် ပြောလိုက်ပုံက အသည်းယားစရာပင်။ အာရုံဦး နှင့် နှုတ်ခွန်းချိုက ငယ်သူငယ်ချင်းတွေလေ။ ပြောမနာ၊ ဆိုမနာနှင့် ထုဖော်ထုဖက်။ ခြံချင်းကပ်လျက်ပေမယ့် ဘဝချင်းက မိုးနဲ့မြေ။ နှုတ်ခွန်းချိုတို့က မျိုးရိုးစဉ်ဆက် ချမ်းသာလာသူတွေ။ သုံးမကုန်၊ ဖြုန်းမကုန်နိုင်သော စည်းစိမ်တွေနှင့် တစ်ဦးတည်းသောသမီးလေး နှုတ်ခွန်းချိုကို အားလုံးက ဖူးဖူးမှုတ်ထားကြသည်။

အာရုံဦးတို့ဘဝက ခြံထဲမှာစိုက်တဲ့ ပန်းကလေးတွေ စိုက်ပျိုးသီးနှံ လေးတွေကို ရောင်းချစားသောက်ပြီး လူတန်းစေ့နေနိုင်ရုံသာ။ မိသားစု က သုံးယောက်။ အမေ မုဆိုးမကြီးနှင့် ညီမလေးတစ်ယောက်သာ ခင်တွယ်စရာ ရှိသည်လေ။

"ဟွန်း…အလကား…နှင် ရည်းစားမရတာ ငါ့ကြောင့်လို့ နှင် ပြောချင်တာမို့လား"

"မပြောပါဘူးဟာ…ငါကိုယ်တိုင်က စိတ်မပါတာပါ"

ခွန်းချိုက စိတ်မလုံစွာ ပြောလေသည်။ တက္ကသိုလ်တက်တုန်း ကဆို ခွန်းချိုနှင့်အာရုံက မေဂျာအတူတူမို့ အာရုံကို သဘောကျ အီစီကလီ လာလုပ်တဲ့ကောင်မလေးတွေကို ခွန်းချိုက ဘီလူးခြိမ်းတီး



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဝညာပေးလွှတ်စမြဲပင်။ ပြောလိုက်ရင် ဆင်ခြေကတော့ အာရုံ ရှည်းစားရသွားရင် သူမ အဖော်မဲ့သွားမှာစိုးလို့တဲ့။ တကယ်လည်း ခွန်းချို...အာရုံကလွဲပြီး အခြားအပေါင်းအသင်းမထားပါ။ အာရုံက လည်း ထို့အတူပင်။ ခွန်းချိုမှ ခွန်းချို...ခွန်းချိုလိုသမျှ ဖြည့်ဆည်း ပေးပြီး ခွန်းချို မကြိုက်တာဆို ဘာတစ်ခုမှ သူ မလုပ်ပါဘူးလေ။

"အာရုံ"

"ဘာလဲဟာ"

"လိပ်ပြာ ဖမ်းပေးလေ"

"မဖမ်းပါနဲ့ဟာ...သနားပါတယ်"

"မရဘူး...မရဘူး...နင် ဖမ်းမပေးရင် ဒေါ်လေးနဲ့ ငါ လှမ်းတိုင်မှာနော်...ဒေါ်လေးရေ..."

"ဟာ...ခွန်းချို"

အာရုံက ခွန်းချို၏ပါးစပ်ကို လှမ်းပိတ်ထားလိုက်သည်။ သို့သော် ဒေါ်နုနု အိမ်ထဲမှ ထွက်လာပြီး...

"သမီး...ခွန်းချို...ဘာဖြစ်လို့လဲ သမီး"

"ဘာ...ဘာမှမဖြစ်ပါဘူး မေမေ"

အာရုံက ညာလိုက်ပေမယ့် ခွန်းချိုက ခြေကလေးဆောင့် နှုတ်ခမ်းလေးစူကာ...

"ဘာလို့ မဖြစ်ရမှာလဲ ခွန်းချို...လိပ်ပြာဖမ်းခိုင်းတာကို သူ ဖမ်းမပေးဘူး ဒေါ်လေး"

ဒေါ်နုနု ကလေးဆန်သော ခွန်းချိုကို ကြည့်၍ ပြုံးလေသည်။





"ဖမ်းပေးလိုက်ပါ သားရယ်"

"ဟုတ်ကဲ့ မေမေ"

ဒေါ်နုနု ကျောခိုင်း၍ လှည့်ပြန်သွားတော့ အာရုံက ခွန်းချို ခေါင်းကို ထုဟန်ရွယ်လေပြီး...

"ချွန်တွန်းမ"

ဟုဆိုပြီး လိပ်ပြာလေးတွေနောက်ကို ပြေးလိုက်တာ တစ်မျိုး၊ ချောင်းဖမ်းတာတစ်သွယ်နှင့် ခုထိတိုင် လိပ်ပြာလေးတွေကို မမိသေး ပေ။ ကြာတော့ အာရုံ မောလာသည်နှင့်...

"ဟား...မောလိုက်တာဟာ"

ရင်ဘတ်ကို လက်နှင့်ဖိ၍ အာရုံ အမောဖြေနေခိုက် ခွန်းချိုက လက်ကလေးပိုက်ကာ အာရုံကို စူးစိုက်ကြည့်လေသည်။ ပြီးမှ...

"မောပြီလား"

"မောတာပေါ့ဟ...နင်ပဲ မေးရက်တယ်"

"ဒါဆို ကျေနပ်သွားပြီ"

ခွန်းချိုက ကိုယ်လေးနွဲ့ ခေါင်းလေးငဲ့၍ ရယ်မောကာ ပြော လိုက်သဖြင့် အာရုံက ရှုံ့မဲ့မဲ့ မျက်နှာလေးနှင့် ပြန်ကြည့်ကာ...

"နင်က ဘာကိုကျေနပ်တာလဲ"

"အဟွန်း...ငါက နင့်ကို တမင်မောအောင် ညှဉ်းတာ... ရှင်းပြီလား...တော့်လေးရေ...ခစ်...ခစ်...ခစ်"

"ဟာ"

ခွန်းချိုစကားကြောင့် အာရုံ တွေမယ်ဟုဆိုကာ ခွန်းချိုနောက်သို့



www.burmeseclassic.com

www.burmeseclassic.com



လိုက်လေလျှင် တခစ်ခစ်ရယ်ကာ ခွန်းချီ ပြေးလေတော့၏။ ဂါဝန်စလေး တဖားဖားနှင့် ပြေးနေသော ခွန်းချီနှင့်အာရုံတို့သည် မြင်ယောင်ကြည့် ရလျှင် ကုလားကား တစ်ကားထဲက စလင်းမင်းသားလေးနှင့် အနာဂ္ဂါလီတို့လိုပင်။ ပန်းဥယျာဉ်လေးထဲမှာ နေ့စဉ် ပျော်မွေ့နေခဲ့ ကြသော သူငယ်ချင်းတွေ။ ထိုပန်းခင်းကလေးနှင့် သူတို့နှစ်ဦးကို တွဲဖက်၍ ဓာတ်ပုံတစ်ပုံရိုက်ကာ ဖြိုင်ပွဲဝင်ရလျှင်…

❀❀





# အခန်း (၄)

ဒီနေ့ ကုမ္ပဏီနှင့်ဆိုင်ရာ အချက်အလက်များကို လေ့လာရန် ဒုတ်ဒီပိုင်သော 'မာန်မာန' ဝမ်းသို့ မာန့်ဒက်ဒီနှင့်အတူ လိုက်လာခဲ့ သည်။ ရုပ်လက်ရှည်မိုးပြာရောင်နှင့် ဘောင်းဘီအနက်ကို တွဲဝတ်ထား သော 'မာန့်'အသွင်က ကြည်သန့်ချောမွေ့နေ၏။ ချောသည်ဆိုတာ ထက် ပိုချောမှာပေါ့။ မာန်ဆိုတာ…

"လာ…သား"

ဦးမျိုးမာန်က ရှေ့မှဦးဆောင်သွားနေပြီး နောက်မှ မာန်က ဘောင်းဘီအိတ်ထဲသို့ လက်နှိုက်၍ ဟန်ပါပါ လျှောက်လှမ်းနေသည်။ မာန့်ကို မြင်လိုက်သည်နှင့် ကုမ္ပဏီမှ ဝန်ထမ်းကောင်မလေးတွေ၏ မျက်လုံးတွေ မာန့်ဆီမှ မခွာကြတော့ပေ။ ဒက်ဒီ့ရုံးခန်းထဲသို့ ဝင်ခဲ့သည့် တိုင် လိုက်ကြည့်နေကြဆဲပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်…သား"

"ဟုတ်ကဲ့"

ဦးမျိုးမာန် နောက်မှကပ်လိုက်လာသော မန်နေဂျာကိုဝင်းနောင်ဘက်သို့လှည့်ကာ…

"ဝင်းနောင်"

"ဟုတ်ကဲ့…ပြောပါ ဘော့စ်"

"သားနဲ့ မိတ်ဆက်ပေးရအောင် ဝန်ထမ်းတွေအားလုံးခေါ်ခဲ့"

"ဟုတ်ကဲ့ ဘော့စ်"

ကိုဝင်းနောင် အပြင်သို့ ခပ်သုတ်သုတ် ပြန်ထွက်လာခဲ့သည်။ ဝန်ထမ်းကောင်မလေးတွေ၏ ပါးစပ်များမှာ…

"တို့…အလုပ်စဝင်ကတည်းက ကုမ္ပဏီကို တစ်ခါမှ လိုက်မလာဖူးဘူးနော်"

"အေးဟယ်…ချောလိုက်တာ မှန့်ညှက်နေတာပဲ"

"ငါတို့မိန်းကလေးတွေထက်တောင် ချောသေးတယ်။ ဝင်လာကတည်းက မိန်းကလေးမှတ်လို့"

"မိန်းမချော…ချောတာပဲဖြစ်မှာပါ"

"ကုမ္ပဏီကို ဘာလာလုပ်တာလဲ မသိဘူးနော်။ နေ့တိုင်းလာရင် သိပ်ကောင်းမှာပဲ…အမေပြောလေ"

တစ်ယောက်တစ်ပေါက် ပြောနေသံတွေကို ကိုဝင်းနောင်အားလုံး ကြားနေရသည်လေ။ သူကိုယ်တိုင်လည်း ထင်ယောင်ထင်မှားဖြစ်မိ၏။ ဒီကောင် ယောကျ်ားလေးမှ ဟုတ်ရဲ့လား။ ယောကျ်ားလျှာ





လေးလို့ ထင်ရလောက်အောင်လည်း ပြောပုံဆိုပုံ၊ နေပုံထိုင်ပုံအားလုံးက ပျော့ပျောင်းနွဲ့နှောင်းဟန်မရှိ။ စဉ်းစားရခက်သည့်အရေးပင်။

"တစ်နေကုန် ထိုင်ကြည့်…တစ်စက်ကလေးမှ ငြီးငွေ့စရာမရှိဘူး"

"ဘော့စ်တော့ ဒီလိုသားမျိုး မွေးထားတာ ကံကောင်းတာပဲ"

"ကံဆိုးတာလည်း ဖြစ်နိုင်တယ်ဟေ့…လူပျိုအမေ ဆန်တစ်အိတ်နဲ့ ထောင်ထိပ်မှာ ပုန်းအိပ်ရမယ်ဆိုတဲ့စကားပုံက ဘော့စ်တို့လိုလူမျိုးတွေကို ရည်ညွှန်းဖွဲ့တာဖြစ်မှာပေါ့"

"အဟမ်း"

ကိုဝင်းနောင် ချောင်းသံပေးလိုက်တော့ စာစာကာအသံတွေတိတ်ဆိတ်သွားလေသည်။

"ဝန်ထမ်းတွေအားလုံး ဘော့စ်ခေါ်နေတယ်။ ရုံးခန်းထဲကိုသာခဲ့ပါတဲ့"

"ဘာလုပ်မလို့လဲ ကိုဝင်းနောင်"

"သူ့သားနဲ့ မိတ်ဆက်ပေးမလို့တဲ့"

"ဟယ်"

"သမီးလို့ ပြောပါတော့လား"

"သမီးဆိုရင်တော့ မျိုးဇော်ဆိုတဲ့ကောင် ငမ်းကြောထူပုံနဲ့ အလုပ်မဖြစ်လို့ ပြုတ်မှာကျိန်းသေတယ်"

ယောကျ်ားလေးတွေကလည်း ဤသို့ဤနှယ်ပါ။ မိန်းကလေးတွေမှာလည်း အချိုက သိသိသာသာပင် ရင်ဘတ်ကလေးကို ဖိကြလို့



www.burmeseclassic.com

www.burmeseclassic.com



ပျော့သွားကြပုံရပါ၏။

"ကဲ…လာကြ…လာကြ"

ကိုဝင်းနောင် ဝန်ထမ်းအားလုံးကို ရုံးခန်းထဲသို့ ဆင့်ခေါ်ခဲ့သည်။ ကုမ္ပဏီရုံးခန်းထဲမှာတော့ ဦးမျိုးမာန်တို့သားအဖ ဝန်ထမ်းတွေကို စောင့်ကြိုနေသည်လေ။ မာန်ကတော့ ခပ်တည်တည်ပင်။ ဒက်ဒီ ချပေးထားသော ဖိုင်တွဲတစ်အုပ်ကိုသာ သဲကြီးမဲကြီး ကြည့်နေမိစဉ်…

"လူစုံပြီလား ဝင်းနောင်"

"ဟုတ်ကဲ့…စုံပါပြီ ဘော့စ်"

"သား"

"ဗျာ"

သည်တော့မှ မာန် ခေါင်းမော့လာသည်။

"ဒါ…ဒက်ဒီကုမ္ပဏီက ဝန်ထမ်းတွေပဲ"

"ဟုတ်ကဲ့"

ဦးမျိုးမာန်က ဝန်ထမ်းတွေကို နာမည်နှင့်တွဲလျက် တစ်ဦးချင်း မိတ်ဆက်ပေးလေသည်။ မာန် ပြုံးသည်ဆိုရုံမျှသာ ပြုံး၍ ခေါင်းညိတ်ပြလေ၏။

"အားလုံးပဲ ခုလို တွေ့ခွင့်ရတာ ကျွန်တော် ဝမ်းသာပါတယ်"

"အားလုံး မှတ်ထားကြပေါ့။ ဒါက ကျွန်တော့်သား မာန်မာန"

အားလုံးက ပြန်လည်ပြုံးပြ၍ နှုတ်ဆက်ကြပြီးနောက်…

"ကဲ သား…သားရဲ့ 'မာန်မာန' သမီးအတွက် ဒက်ဒီက ဒက်ဒီရဲ့စက္ကူထရီကို လက်ဆောင်အဖြစ် ထည့်ပေးလိုက်မယ်၊ ကျေနပ်လား"





ဦးမျိုးမာန်၏စကားကြောင့် စက္ကူထရီမလေး ဂျူလီယာ ရင်ဖို သွားလေ၏။ မာန်မာနသားမှာ နေခွင့်ရလျှင်ဆိုသောအတွေးနှင့် ပြုံးလိုက်မိစဉ်မှာပဲ…

"ရပါတယ် ဒက်ဒီ…သားအတွက် စက္ကူထရီ မလိုပါဘူး။ မိုက်နဲ့သိုက် ရှိနေတာပဲဟာ…သူတို့လည်း အရည်အချင်းရှိတဲ့လူတွေပဲလေ"

မာန့်စကားကြောင့် ဂျူလီယာ မျက်နှာပျက်သွားရ၏။ မျှော်လင့်ချက်ကလေး ပျောက်ဆုံးသွားပြီလေ…ချက်ချင်းပါပဲ။

"ဒါဆိုလည်း သားသဘောပါပဲ"

"သားအတွက် စိတ်ချ…ဒက်ဒီ…ဒက်ဒီ အားကိုးရတဲ့ သားကောင်းတစ်ယောက်ဖြစ်အောင် သား ကြိုးစားမယ်"

"ဝမ်းသာတယ်ကွာ…သားကို ဒက်ဒီ ယုံကြည်အားကိုးပါတယ်"

မာန် ကုမ္ပဏီလုပ်ငန်းဆိုင်ရာ အချက်အလက်များကို တစ်နေကုန် လေ့လာခဲ့ပြီး ကျေနပ်လောက်သည့်အချိန်မှာ ပြန်ခဲ့တော့၏။ ဒက်ဒီက အလုပ်သိမ်းမှ အတူပြန်ရန်ပြောဝေမယ့် မာန် ကုမ္ပဏီမှာ ဆက်မနေချင်တော့၍ ပြန်လာခဲ့ခြင်းပါ။ ဝန်ထမ်းကောင်မလေးတွေရဲ့ အကြည့်စူးစူးတွေအောက်မှာ သူ စိတ်ရှုပ်လာသောကြောင့်ပါ။

မာန် ရှေ့မှာ ကားတစ်စီး ကိုးလိုးကန့်လန့် ရပ်ထားတာတွေ့သဖြင့် ပျက်နေသလားဟု ကူညီရန် ကားကို ရပ်လိုက်၏။ ကားတံခါးကို ဖွင့်ဆင်းလိုက်သည်နှင့် သူ့ဆီသို့ ပြေးလာပြီး နိုင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်ကြသူတွေက ဝဏ္ဏအောင်တို့အုပ်စု။

"ဟင်"

မာန် အံ့ဩသလိုဖြစ်သွားပေမယ့် ဂရုမစိုက်ပါဘူး။

"ဘယ်လိုလဲ မာန်…ငါတို့ကိုကြည့်ပြီး လန့်သွားသလား"

"ကျစ်"

မာန် ခါးထောက်၍ရပ်လိုက်ရင်း 'ကျစ်' ကနဲလုပ်ကာ မျက်နှာလွှဲလိုက်၏။ ဝဏ္ဏအောင်၏မျက်နှာက အောင်နိုင်သူကြီးတစ်ယောက်လို။ မာန်က ဖြီးမှ တစ်ယောက်ချင်း၏မျက်နှာကို ကြည့်ကာ…

"မင်းတို့…ကိုယ့်လမ်းကိုယ်သွား…ကိုယ့်အလုပ်ကိုယ်လုပ်ကြတာပဲ ကောင်းလိမ့်မယ်"

"ဒါ…တို့အလုပ်ပဲလေ။ ထမင်းတစ်ခါစားတိုင်း ငါက ငါ့ညာဘက်သွားကို စမ်းကြည့်ပြီး မင်းကို သတိရနေတာ။ အဲဒါကြောင့် အလွမ်းပြေ ဒီမှာလာစောင့်နေတာ"

ဟိုတစ်ခါ ရန်ဖြစ်တုန်းက မာန့်လက်ချက်နှင့် ဝဏ္ဏအောင်သွားတစ်ချောင်း ကျိုးသွားခဲ့သည်။ ဒါကို မကျေနပ်ဖြစ်နေကြတာ။

"အဲဒီတုန်းက မင်းတို့ညံ့လို့ မင်းတို့ ခံရတာပဲ။ တစ်ယောက်တည်းဆိုပြီး ငါ့ကို လာမကျောနဲ့။ မင်းတို့ မောသွားမယ်။ မာန်မာနကို ထရံခွာချသလို လွယ်လွယ်နဲ့ ကျိုးပဲ့သွားအောင်လုပ်လို့ မရဘူး။ အဲဒါ မင်းတို့ သိလား"

"ဟား…ဟား…ဟား…ဟား"

ဝဏ္ဏအောင်က ဟက်ဟက်ပက်ပက် ရယ်မောလေ၏။ ပြီးမှ…





"သိပ်ပြီးလည်း ကိုယ့်ကိုယ်ကိုယ် အထင်ကြီးမနေပါနဲ့ကွာ…ကျားတောင်မှ ဝံပုလွေနဲ့တွေ့တော့ သားကောင်ဖြစ်သွားသေးတာပဲ။ မင်းတစ်ယောက်တည်းကိုတော့ ပါးပါးလေး…ပြီးတော့ မင်းက…ဟဲ…ဟဲ…"

"အေး…ငါ့လက်သီးတွေက ပုတီးကိုးပတ်ချနေတာ မဟုတ်သလို ခြေထောက်တွေကလည်း လူမျိုးဘာသာမရွေးဘူး။ မင်းတို့ကြိုက်သလိုယူဉ်…တိန်ညင်ဆိုတာ အသံညှက်ပေမယ့် စူးကသက်တယ်။ ကြောက်တတ်ရင် နှစ်ခါသေတတ်တယ်…နားလည်သား"

ဝဏ္ဏအောင်၏အပေါင်းအဖော်တွေက ရှေ့သို့ တိုးလာကြသည်။ ဒီတစ်ခါတော့ အဖွဲ့က သုံးယောက်။ မာန့်ကို တစ်ယောက်တည်းဆိုပြီး အပိုင်တွက်ကာ သရော်နေသည့်မျက်လုံးတွေ…။

"ကြာပါတယ် ဝဏ္ဏရာ…အချိန်ဆွဲမနေနဲ့။ ဒီကောင့်ကို မှတ်သောက်အောင် လက်တွေ၊ တံတောင်တွေ မြည်းနိုင်းရအောင်…နောက်သွားရင်တော့ ဟဲ…ဟဲ…"

မာန် ခနဲ့တဲ့တဲ့ ပြုံးကာ…

"မာန့်မာနတဲ့…တစ်ခါပြရုံနဲ့ မမှတ်မိတော့လည်း အထာသေးတဲ့ ကရာတေးသင်တန်းလေး ပြလိုက်ရတာပေါ့"

"တော်တော် လေကျယ်တဲ့ကောင်…ကဲကွာ"

သုံးယောက်နှင့်တစ်ယောက်။ အမဲပျောက်လို့ ဝိုင်းလိုက်နေတဲ့ ခွေးအုပ်ကြီးသဖွယ်။ ခါတိုင်းလို မာန် ပေါ့ပေါ့လေးနှင့်တော့ ချေပလို့



www.burmeseclassic.com

www.burmeseclassic.com



မရပါ။ သတိတစ်ချက် လစ်လို့မရ။ မျက်စိမှိတ်လိုက်တာနဲ့ တစ်ကွက် မှားလျှင် အိမ်အပြန် သရေပြားပင် မနည်းပါရမည်။ ထို့ကြောင့် မာန် အသိနှင့်သတိကို ဘယ်တစ်ဆုပ် ညာတစ်ထမ်းထား၍ ခုခံနေရ၏။ သတိထားနေသည့်ကြားမှပင်…

"ခွပ်"

"အ"

နှစ်ယောက်စလုံး လဲသွားနေချိန် တစ်ယောက်…တစ်ယောက် ချင်းသာ ယှဉ်ရတော့သည့်အလှည့်မှာ ဘယ်အချိန်က ကုန်းထလာ သည်မသိသော တစ်ယောက်က အလစ်မှာ ဝင်ထိုးလေတော့ မာန် မေးရိုးဆီမှ ခွပ်ကနဲ အသံနှင့်အတူ ပူကနဲ ဖြစ်သွားလေ၏။

"ကျွာ…ကဲ"

"ဖြောင်း"

"အား"

မာန် နောက်သို့ ဂျွမ်းသုံးပတ်ပြန်ပြီးမှ အရှိန်နှင့်ပြေးကာ တစ်ယောက်၏ကျောကုန်းကို ညာခြေနဲ့ ကန်ထည့်လိုက်ပြီး ဘယ်ခြေ က ထိုလူ၏မျက်နှာကို ဖြတ်ကန်လိုက်၏။

"ယား"

တစ်ယောက်သာ ကျန်တော့၍ ဝင်လာသော လက်သီးကို လက်နှင့်ပုတ်ထုတ်ပြီး တစ်ဖက်လူ၏မျက်နှာကို လက်ပြန်ရိုက်ချလိုက် သည်။

"ဖြန်း"





"အား"

ယယ်သံငယ်ရင်းပါအောင် အော်ပြီး လဲကျသွားလေတော့သည်။ သုံးယောက်စလုံး ခေါင်းမထောင်နိုင်ကြတော့ပြီမို့ မာန် နှုတ်ခမ်းထောင့် မှ စီးကျလာသော သွေးစီးများကို လက်နှင့် ခပ်ကြမ်းကြမ်း သုတ်ပစ် လိုက်ပြီး…

"ထွီ"

တံတွေးတစ်ချက်ထွေးကာ ကားပေါ်သို့ ပြန်တက်ခဲ့လေ၏။ ကားစက်နှိုးပြီးနောက် ရှေ့ကားကို ကျော်တက်ရန် မိမိကားကို နောက်သို့ ဘက်ဆုတ်ပြီး ဝူးကနဲ မောင်းထွက်ခဲ့တော့သည်။ မာန်မာန က လူကြည့်တော့သာ မိန်းကလေးလို ပျော့ပျောင်းသည် ထင်ရပေ မယ့် တကယ်တမ်း ဖိုက်ကြပြီဆိုလျှင် အလွန်အဆိပ်ပြင်းသော မြွေပွေး တစ်ကောင်လိုပါ။

အဲဒါ…မာန်မာနမဲပေါ့။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

"ခွန်းချို…ခွန်းချိုရေ…ခွန်းချို"

ခွန်းချိုတို့အိမ်ဝတွင် ပန်းစည်းတွေကိုကိုင်လျက် တကြော်ကြော် အော်ခေါ်နေသည်က အာရုံ။ ခွန်းချိုက အပေါ်ထပ်မှာမို့ မကြားပေမယ့် ညှို့ခန်းထဲတွင် ဂျာနယ်ထိုင်ဖတ်နေသော ခွန်းချို၏မိခင် ဒေါ်ခင်မျိုးသက်က ကြားလေသဖြင့် ဂျာနယ်ကို စားပွဲပေါ်သို့ချ၍ လျှောက်လာကာ…

"ခွန်းချို…ခွန်းချိုရေ"

"သား…အာရုံ…ခွန်းချို အပေါ်ထပ်မှာရှိတယ်…သား"

အာရုံက အပြုံးကလေးနှင့် ပန်းစည်းလေးတွေကို ငုံ့ကြည့်ကာ

"မေမေက ဘုရားတင်ဖို့ ပန်းတွေ ပို့ခိုင်းလိုက်လို့ပါ အန်တီသက်"





အာရုံ လက်ထဲမှ ပန်းစည်းလေးတွေကို အန်တီသက်အား လှမ်းပေးလိုက်၏။

"ပန်းကလေးတွေက လှလိုက်တာကွယ်"

"လာပို့တဲ့လူကရော မလှဘူးလား အန်တီသက်"

အန်တီသက်အား အာရုံက စလိုက်လေလျှင် အန်တီသက်က ရယ်မော၍ အာရုံခေါင်းလေးကိုမှတ်ကာ…

"လှပါတယ် သားရယ်…လှပါတယ်…သားက ယောကျ်ားပီသပြီး ဘယ်အချိန်ကြည့်ကြည့် ရှင်းသန့်နေတာပါ။ စိတ်ထားဖြူစင်တော့ လူကလည်း ဖြူစင်တာပေါ့ကွယ်"

"နောက်နေ့လည်း ဘုရားပန်းတွေ အများကြီး လာပို့မယ်နော် အန်တီသက်"

"သားက အန်တီသက် မြှောက်ပြောနေတယ်ထင်လို့လား…တဲ…အိမ်ထဲဝင်ပါဦး…အန်တီသက်ကိုယ်တိုင် သားကို ကော်ဖီဖျော်တိုက်မလို့"

"နေပါစေ…အန်တီသက်…ကျွန်တော် မသောက်တော့ပါဘူး။ ပန်းတွေ ဖောက်သည်သွားပို့ရဦးမှာမို့လို့ပါ"

အန်တီသက်က အဲဒီလို အဆင့်အတန်းမခွဲခြားတတ်သူပါ။ သူမတင် မဟုတ်ပါဘူး။ 'နွတ်ခွန်းချို' ရိပ်မြုံတစ်ခုလုံးက လူတွေမှန်သမျှ သဘောရော မနော‌ပါ ဖြူစင်ကြသူတွေ။ ဒါကြောင့် အာရုံနှင့်ခွန်းချိုတို့၏ခင်မင်မှုတွင် ဘာအနှောင့်အယှက် အတားအဆီးမှ မရှိခဲ့ပါ။

"ခဏလေးပါ သားရယ်…အန်တီသက် စိတ်မကောင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အောင် မလုပ်ပါနဲ့…ဝင်ဦးနော်"

"ကဲ…အန်တီသက် သဘောပါပဲဗျာ"

"ဒီလိုမှပေါ့…ကဲ…လာ…အထဲဝင်"

အာရုံ အိမ်ထဲသို့ လိုက်ဝင်လာခဲ့သည်။ အန်တီသက် ကော်ဖီဖျော်ရန် မီးဖိုဘက်သို့ ဝင်သွားခိုက်…

"ဟယ်…အာရုံ…နင် ရောက်နေတယ်"

"ဟုတ်တယ်…ပန်းတွေ လာပို့တာလေ"

"ဒါဆို…အတော်ပဲ…ငါတစ်ယောက်တည်း အိမ်မှာ ပျင်းနေတာဟ…နင်ရောက်လာတော့ အဆင်ပြေသွားတာပေါ့"

"ဘာခိုင်းဦးမလို့လဲ"

အာရုံစကားကြောင့် ခွန်းချိုက မျက်စောင်းကလေးဝင့်ကာ အာရုံပခုံးကို လှမ်းရိုက်လေ၏။

"ဟဲ့…နင့်စကားက ငါကပဲ နင့်ကို အနိုင်ကျင့်ပြီး အမြဲခိုင်းနေတာကျနေတာပဲ"

"မဟုတ်လို့လား"

"ဟုတ်တယ်"

နှစ်ယောက်သား ရယ်မိကြလေသည်။ သူတို့နှစ်ယောက်က ဒီလိုပါပဲ။ ခွန်းချို ဂျိုကျသမျှကို အာရုံက သည်းခံပြီး မညည်းမညူ လုပ်ပေးတတ်သလို ခွန်းချိုကလည်း အာရုံကို ညှဉ်းရမှ ကျေနပ်သူပင်။

"ကဲ…ပြော…ဘာလုပ်ပေးရမလဲ"

"ဂစ်တာတီးပြ…သီချင်းဆိုပြ"





"အဲဒါတော့ မဖြစ်ဘူး…ငါ ပန်းတွေ ဖောက်သည်သွားပို့ရဦးမှာဟ"

"မရဘူးနော်…အာရုံ ငါက ဆိုခိုင်းရင် ဆိုပြ…ဒါပဲ"

"မညစ်ပါနဲ့ မိခွန်းရာ"

ပြောရင်းမှ အာရုံက ထပြေးဖို့ ကြိုးစားလေသည်။ ခွန်းချိုက သည်းလျှင်ပေါ့။ အာရုံ အင်္ကျီစကို လှမ်းဆွဲထားကာ…

"ဒီလိုမလုပ်နဲ့လေ…ပြန်ထိုင်"

အာရုံ မျက်နှာလေး ရှုံ့မဲ့ကာ…

"ထိုင်ဆိုထိုင်ပါ့မယ်ဗျာ…အင်္ကျီကိုတော့ မဆွဲပါနဲ့။ မတော်တဆ အင်္ကျီပြဲသွားရင် အသစ်ထပ်မဝယ်နိုင်လို့ပါ"

"အပိုတွေ ပြောမနေနဲ့။ ငါ ဝယ်ပေးတော့မယူဘဲနဲ့။ အသားမှတ် မာနကြီးနေတယ်။ မပူနဲ့…ဘောထုပ်တွေ ပေါ်မှပေါ့ပဲ"

"အဲဒါ…မာနကြီးတာ မဟုတ်ဘူး။ သူများကို အားမကိုးချင်လို့ပါ"

"ကဲ…ထားပါတော့။ နင် ဆိုပြမှာလား…မဆိုပြဘူးလား"

"မဆိုဘူး"

"အာရုံ"

ခွန်းချို၏အသံကလေးက မာဆတ်ဆတ်ဖြစ်သွားပြီး လူကလည်း မတ်တပ်ထရပ်လိုက်လေလျှင် ခွန်းချို စိတ်ကောက်တော့မည်ဆိုသော အာရုံ သိလိုက်ပြီပေါ့။ သူမ စိတ်ကောက်ပြီဆို တော်တော်နှင့် ချော့ရတတ်ပါ။ အာရုံ မျက်နှာချိုပြန်သွေးပြီး…



www.burmeseclassic.com

www.burmeseclassic.com



"ခွန်းချို"

"ဘာလဲ"

"ဟဲ…ဟဲ…ဆို…ဆိုတော့လည်း ဆိုပြပါ့မယ်။ စိတ်တော့ မကောက်နဲ့နော်…နင်က လိမ္မာပါတယ်"

"ဒါဆိုလည်း ပြီးရော"

ခွန်းချို ဂစ်တာပြေးယူနေခိုက် အန်တီသက် ပြန်ရောက်လာပြီး-

"ကဲ…သား…ဒီမှာ ကော်ဖီသောက်…ပြီးတော့ သမီးလေး ဆင်းမလာခင်ပြန်…တော်ကြာ ဟိုက ဆင်းလာတာနဲ့တိုးလို့ ဂျိုကျ မှဖြင့် ပန်းသွားမပို့ဖြစ်…ဖြစ်နေဦးမယ်"

အာရုံ ကော်ဖီပန်းကန်ကို ကိုင်ရင်း ရယ်လေသည်။

"အန်တီသက်ပြောတာ နောက်ကျနေပြီ…မရွှေချော ဆင်းလာပြီးသွားပြီ။ ပျင်းလို့ သီချင်းဆိုပြပါတဲ့။ ခု ဂစ်တာသွားယူ တယ်…တောင်းပန်လို့ကို မရတာ"

"ဒီကလေးမလေးနဲ့တော့ ခက်ပါတယ်"

"အာရုံ"

ဆင်းလာပါပြီ။ မရွှေချောက ဂစ်တာကို ကိုင်ပြီး ခုန်ပေါက် ဆင်းပြေးလာ၏။ ပြီး အာရုံ ရင်ခွင်ထဲသို့ ဂစ်တာကို ထိုးထည့် အာရုံအားတွင် ဝင်ထိုင်လေသည်။ လက်ထဲမှ သောက်လက်စ ကော် ပန်းကန်ကို အာရုံ ချလိုက်သည်တွင်…

"ကော်ဖီသောက်ပါစေဦး သမီးရယ်"

"ရပါတယ် အန်တီသက်ရယ် ကျွန်တော် ဖိုက်ပြည့်သွားပါပြီ"





"ဟွန်း…မပြောလိုက်ချင်ဘူး"

အန်တီသက်က မျက်စောင်းဝင့်၍ ထွက်သွားလေသည်။ အာရုံ လက်တွေက ဂစ်တာကြိုးလေးတွေပေါ်သို့ ရောက်သွားပြီး…

"ငါ ဘာသီချင်းဆိုပြရမလဲ"

"နင်ကြိုက်တာဆိုလေ"

သံစဉ်လေးတွေ စတင်စီးမျောလာခဲ့ပြီ။ အာရုံက ဂစ်တာတီးပြီး သီချင်းဆိုရတာကို အလွန်ဝါသနာပါသူပင်။ စားချင်တာက အကောင် ကြီး…စားရတာက ပုစွန်ဆိတ် ဖြစ်နေသူပါ။ အာရုံ ဖြစ်ချင်တာက အဆိုတော်။ လက်တွေ့ဘဝက ဥယျာဉ်မှူး ဖြစ်နေရသည်လေ။ သံစဉ် တွေရဲ့နောက်မှာ အာရုံအသံလေးက ယှဉ်တွဲ၍ လိုက်ပါလာခဲ့ပြီ။

ကိုယ်တိုင်သိတဲ့အသိ×××တစ်ချို့တစ်ဝက်နဲ့×××မလုံလောက်တဲ့ ဘဝတစ်ခုကို တည်ဆောက်ဖို့ ကြိုးစားရင်း×××ငါ့အချိန်တွေ တဖြည်းဖြည်း ပွဲကြွေလာ ဒဏ်ရာများနဲ့×××ရင်းပြီးချစ်တဲ့အချစ်တွေ အခြေအနေမတူတဲ့အခါ×××မျှော်လင့်သောဘဝတစ်ခုဟာ အစိတ်စိတ် တွဲကြွေတာ×××

အာရုံ စိတ်တွေက သီချင်းထဲမှာ စီးမျောနစ်ဝင်နေသည်။ မျက်လုံးကလေးမှိတ်၍ သီဆိုနေသော အာရုံမျက်နှာကို ခွန်းချို စိုက်ကြည့်နေမိ၏။ နဖူးပြီး ပြေပြစ်ချောမောသော အာရုံမျက်နှာပြင် ပေါ်မှာ နှုတ်ခမ်းမွေးရေး၊ မုတ်ဆိတ်မွေးရေးလေးတွေက စိမ်းနုရှိန်းမြနေ သည်။

နင်ကျေနပ်ဖို့ဆိုရင်×××ဘာမဆို အဆင်သင့်ပါ×××ငါ လိုက်



www.burmeseclassic.com

www.burmeseclassic.com



လျှော့ပေးမှာပါ×××ငါပိုင်တဲ့ ဘဝတစ်ခုကို ပေးဆပ်ရင်းနဲ့×××နှင် စေရင်သွားဆို ထွက်သွားမှာပါ×××ဘာမဆို နှင်ခိုင်းတဲ့အတိုင်းလုပ်မှာပါ×××သေဆိုရင်လည်း ငါသေဖို့အသင့်ပါ×××အရောရောပဲ×××မင်းရဲ့သဘောအတိုင်းပါကွာ×××နှင်လိုရင် ဘဝတစ်ခုလုံးပေးမှာပါ××× နှင်မလိုရင်တော့ ငါဟာ အလိုက်တသိ ထွက်ခွာ×××

သီချင်းလေးဆုံးသွားသည်နှင့်··

"ဖြောင်း···ဖြောင်း···ဖြောင်း···ဖြောင်း"

ခွန်းချိုက လက်ခုတ်တီး၍-

"နှင် အရမ်းတော်တာပဲ အာရုံရယ်"

"တော်လည်း ဘာကောင်မှဖြစ်မလာပါဘူးဟာ"

ဂစ်တာကို ဘေးသို့ချရင်း အာရုံက ဆိုလိုက်သည်။ ခွန်းချိုတစ်ခုခုကို စဉ်းစားသွားမိဟန်နှင့်···

"ဟဲ့···အာရုံ ငါ တစ်ခု စဉ်းစားမိတယ်ဟ"

"ဘာလဲ"

"ဟိုလေ···တီဗီမှာ အိမ်မက်ဆုံရာသီချင်းပြိုင်ပွဲအစီအစဉ်တွေ ထုတ်လွှင့်ပေးနေတယ်လေ"

"အဲဒါ ငါက ဘာလုပ်ရမလဲ"

ခွန်းချို၏ မျက်လုံးကလေးတွေမှာ အရောင်တဖိတ်ဖိတ် တောက်ပလျက်···

"နှင် ဝင်ဆိုကြည့်ပါလား··အချို့ဆို အဲဒီအစီအစဉ်ကနေပြီး ဆုရလို့ အဆိုတော်ဖြစ်သွားသူတွေလည်း ရှိတာပဲဟာ"





အာရုံ မျက်ခုံးနှစ်ဖက်ကို ကျုံ့၍ စဉ်းစားနေပြီးမှ···

"ဟုတ်တယ်နော်···ငါ စိတ်ဝင်စားသလိုပဲ။ ဒါပေမယ့် ငါ့မှာ သိုစရိတ် ဒီစရိတ်အတွက် ပိုက်ဆံမရှိဘူးဟ"

"ငါ လိုက်ပို့ပေးမှာပေါ့"

"နှင် တကယ်ပြောတာလား"

"တကယ်"

အာရုံ သွားချွန်လေးတွေပေါ်အောင်ပင် ရယ်မိတော့သည်။

"ကဲ···အဲဒါကနောက်မှ··ခုလောလောဆယ် ငါ ပန်းတွေ သွားပို့လိုက်ဦးမယ်"

အာရုံတစ်ယောက် ခွန်းချိုရှေ့မှောက်မှ ထွက်ခွာလာခဲ့သည်။ လောလောဆယ်မှာ ပန်းတွေက သွားပို့ရဦးမည်မဟုတ်လား။

အဆိုတော်ဖြစ်ဖို့က ဘယ်နေမှန်းမသိ။

လောလောဆယ် ပိုက်ဆံမရှိတာအတွက် ရှိလာဖို့ ခြေထောက် ကို အလုပ်ပေးရဦးမည်သာ။

❀❀



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

စီးပွားရေးလောကတွင် 'မာန်မာန' သရီး၏ အောင်မြင်မှုက စီးပွားရေးသမားတွေ ပါးစပ်များတွင် အတော်ယူစရာ ကောင်းလောက် အောင် အရှိန်မြင့်တက်ခဲ့သည်။ အသက်ငယ်ပေမယ့် ဦးနေဝင်းဝိုင်းဆိုင် ရာ အတွေးအခေါ်တွင် သူများတွေထက် သာလွန်စွာ ကွက်ကျော်မြင် တတ်သော 'မာန်'အရည်အချင်းကို ဖခင်ဦးမျိုးမာန်ပင် လက်ဖျားခါရ လေ၏။ မိုက်နှင့်သိုက်တို့ကလည်း ခေသူတွေမဟုတ်ပါ။ ခေါင်း သုံးခေါင်း၏အစွမ်းက စီးပွားရေးလောကကို အုပ်စိုးဖို့ အရှိန်ယူလျက်။

မိုက်နှင့်သိုက်က မာန့်အပေါ်မှာ သစ္စာရှိကြသည်။ ယခုဆိုလျှင် သူတို့နှစ်ယောက်ကို အရင်လို အလုပ်သမားတန်းလျားမှာ မထားတော့ ဘဲ တိုက်ခန်းငှားပေးပေမယ့် မာန့်အနားမှာပင် အနီးကပ်နေပါရစေဟု ဆိုကာ လက်မခံကြပေ။





"မာန်"

"ဟင်"

"ဒီမှာထားတဲ့ ပစ္စည်းတွေ ရောက်ပြီ…မင်း လိုက်ကြည့်ဦး လေ"

"မင်း သွားနှင့်လေ…ပြီးမှ ငါ သိုက်နဲ့လိုက်လာခဲ့မယ်"

မိုက် စားပွဲပေါ်မှ ဖုန်းကို ကောက်ယူပြီး ထွက်သွားလေသည်။ မိုက်နှင့်သိုက်က မာန်တို့ ပြင်ဦးလွင်မှာနေခဲ့စဉ်ကတည်းက အတူတူ ကြီးပြင်းလာခဲ့သူတွေ။ မိုက်က ဒက်ဒီလူယုံတော် ဦးရွှေသူ၏သား ဖြစ်သလို သိုက်က ထမင်းချက်ဒေါ်အုံးမေ၏သား ဖြစ်သည်။ အလွန် သစ္စာရှိသော ဦးရွှေသူနှင့်ဒေါ်အုံးမေကို ဒက်ဒီကိုယ်တိုင်ပင် လက်ဆက် ပေးခဲ့သည်လေ။ မိုက်နှင့်သိုက်တို့က ဖအေပါနှင့်မအေပါပေမယ့် ညီအစ်ကိုအရင်းတွေလို ချစ်ကြသောကြောင့် သူတို့မိသားစုလေးမှာ ဘာပြဿနာမှ မရှိခဲ့ပါ။ ဦးမျိုးမာန်ကိုလည်း ကြောက်ကြသည်လေ။

မာန်တို့မိသားစု ပြင်ဦးလွင်ကနေ ရန်ကုန်ကို ပြောင်းလာတော့ မာန် ရှစ်နှစ်ပဲ ရှိသေးသည်။ သစ္စာရှိသောမိသားစုကို တစ်ပါတည်း ခေါ်လာခဲ့ကြသည်လေ။ ကျောင်းသားဘဝကာလများတွင် မာန်က မိုက်နှင့်သိုက်ကလွဲလျှင် ဘယ်သူ့ကိုမှ အပေါင်းအသင်းမလုပ်ပါ။ ဒက်ဒီက သူတို့နှစ်ယောက်ကို မာန်နှင့်တန်းတူနီးပါး ဆက်ဆံ၍ ကျောင်းထားပေးခဲ့သည်ပဲလေ။

ထို့ကြောင့် သူတို့သုံးယောက်စလုံး ကျောင်းမှာ တစ်ခုံတည်း ထိုင်၍ စာကျက်တော့လည်း အတူတူ။ ဆယ်တန်းအောင်တော့လည်း



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်စလုံး ဂုဏ်ထူးသုံးဘာသာစီ။ တက္ကသိုလ်တက်တော့လည်း မေဂျာအတူတူမို့ ညီအစ်ကိုမောင်နှမရင်းတွေပမာ အကြောင်းသိတွေမို့ တွဲသောလက်တွေက မြဲနေခဲ့သည်။

ယခု ကုမ္ပဏီလုပ်ငန်းကြီး အောင်မြင်လာခဲ့တော့ သူတို့ ရထိုက်သည့် ခံစားခွင့်ကို ပေးခဲ့သော်လည်း အားလုံးက ပယ်ချခဲ့သည်သာ။

"အပိုတွေ လုပ်မနေစမ်းပါနဲ့ မာန်ရာ…တစ်သက်လုံး အတူတူနေလာကြပြီးမှ ခုမှ ခွဲမထုတ်ပါနဲ့ကွာ…တို့တွေ အိမ်ထောင်ရက်သားကျမှသာ တစ်မျိုးစီစဉ်ချင်စီစဉ်…ခုနေတော့ ဒီအတိုင်းပဲနေကြတာပေါ့"

"သိုက်ပြောတာ မှန်တယ် မာန်…ငါကတော့ မာန်မာနဂေဟာထဲကို လူစိမ်းတွေကို အဝင်မခံနိုင်ဘူး။ တို့မရှိရင် မင်းတို့ လူသစ်ရှာရမှာ…ဘယ်လိုမှ ဖြစ်မှာမဟုတ်ဘူး။ အဲဒါ မင်းအတွက်ပြောတာ"

သူတို့စကားတွေက မှန်နေသဖြင့် မာန် ငြိမ်နေလိုက်ရသည်။ အမှန်တကယ်ပဲ မာန့်ကိုယ်ရေးကိုယ်တာ အတွင်းရေးကိစ္စကို လူစိမ်းတွေ မသိစေချင်ပါ။

"ငါက စေတနာနဲ့ ပြောမိတာပါ…မင်းတို့နှစ်ယောက်ရဲ့ဘဝကို မာန့်မာနမှာပဲ မနစ်မြုပ်စေချင်လို့ပါ"

"ပြောရမယ့်လူတွေလားကွာ…ခုဆိုရင် ငါတို့အဖေနဲ့အမေရော ပင်ပင်ပန်းပန်း ဘာလုပ်ရလို့လဲ။ အဖေက ကားဝင်လာရင် တံခါးဖွင့်ပေး၊ အမေက မေမေသီနဲ့ ချက်တာပြုတ်တာ ကူရတာလောက်ပဲရှိတာ။ ငါတို့ဆိုလည်း မင်းဒက်ဒီရဲ့ကျေးဇူးကြောင့် ဘွဲ့ရပညာတတ်တွေ ဖြစ်လာရတာ။ ငါတို့ ကျေးဇူးမကန်းပါရစေနဲ့ကွာ…"





နောက်ဆုံးတော့ မာန် လက်လျှော့လိုက်ရသည်။ ဒါပေမယ့် အလုပ်သမားတန်းလျားကို ဖျက်ပြီး ထိုနေရာမှာ တိုက်ပုလေးတစ်လုံးကိုတော့ တည်ဆောက်ပေးခွင့်ရခဲ့သည်။ ကိုယ့်အတွေးနှင့်ကိုယ် မာန်တစ်ယောက်တည်း ကျေနပ်စွာ ပြုံးမိခိုက်တွင်…

"ဟဲ့…MD တစ်ယောက်တည်း ပြုံးနေတယ်…ကြည့်ကောင်းလိုက်တာနော်"

"တစ်ယောက်တည်း ပြုံးနေပုံထောက်တော့ ရှိးမှရှိးရဲ့လားမသိဘူး"

"ညောင်ပင်ကြီး ဒီလောက်ကြီးမှတော့ ရက္ခစိုးကပ်ပြီပေါ့ဟဲ့"

မာန် ထိုအသံများကို ကြားနေရပေမယ့် မကြားချင်ယောင်ဆောင်ကာ တစ်ဖက်လှည့်၍ ပြုံးနေလိုက်သည်။ စပ်စုတာ မိန်းမသားတွေရဲ့သဘာဝ မဟုတ်လား။ ကိုယ်သည်လည်း တကယ်တော့…

"MD ကိုရတဲ့ မိန်းမကတော့ အတော်ကံကောင်းတာပဲ"

"တို့…မဟုတ်တာတော့ သေချာတယ်နော်…အဟိ"

ထိုစဉ် သိုက် ဝင်လာပြီး ထိုအသံများကို တစ်စွန်းတစ်စ ကြားသသဖြင့် မျက်နှာခပ်တည်တည်နှင့် ဟောက်လေသည်။

"ဘာတွေပြောနေကြတာလဲ…ကိုယ့်အလုပ်ကိုယ်မလုပ်ဘူး။ နင်တို့မိန်းကလေးတွေကိုပဲ စပ်စုတယ်"

ကောင်မလေးတွေ ငြိမ်သွားလေ၏။ သိုက်က မာန့်ဆီသို့ လျှောက်လာကာ…



www.burmeseclassic.com

www.burmeseclassic.com



"မာန်…ပစ္စည်းတွေရောက်ပြီ…လိုက်ကြည့်ဦးလေ"

"ကြည့်မယ်လေ…မင်းကို စောင့်နေတာ။ အတူတူသွားကြည့်ကြတာပေါ့"

မာန် စားပွဲပေါ်မှ ဖိုင်တစ်အုပ်ကို စားပွဲအံဆွဲထဲသို့ ထည့်ပြီး သိုက်နှင့် ထွက်လာခဲ့တော့သည်။

❀❀❀





## အခန်း (၅)

"ညီမလေး"

"ရှင်…ကိုကြီး"

"နင် ဘာလုပ်နေတာလဲ"

အာရုံ ပဲသီးတွေကို စည်းနေရင်းမှ ညီမဖြစ်သူ နေခြည်တွေးကို သမ်းမေးလိုက်ခြင်းပါ။ မိခင်ဖြစ်သူ ဒေါ်နုနုက သားကို တစ်ချက်အော့ကြည့်ပြီး ပန်းတွေကိုသာ ဆက်၍ စည်းနေလေသည်။ နေခြည် အိမ်ထဲမှထွက်လာပြီး…

"ကိုကြီး ဘာခိုင်းမလို့လဲ…ညီမလေး စာကျက်နေတာ"

"ဒီနေ့ ကျောင်းပိတ်တာပဲဟာ…ပြီးမှ စာကျက်…ပဲသီးတွေ လာစည်းဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

နေခြည်က ပဲသီးတွေ ကူစည်းလေစဉ် အာရုံက စက်ဘီးကို အိမ်ထဲမှထုတ်၍ ယူလာခဲ့သည်။ ပြီး ပန်းစည်းတွေကို စက်ဘီးကယ်ရီ ယာခုံပေးသို့တင်၍ ကြိုးနှင့်တုတ်ရန် ပြင်ဆင်နေသည်တွင်…

"အာရုံ"

အသံကြားရုံနှင့် ဘယ်သူဆိုတာ အာရုံ သိပြီးသားပါ။ ထို့ကြောင့် လှည့်မကြည့်ပါဘဲနှင့်…

"ဒီနေ့တော့ ဆောရီးပဲနော်…ငါ မအားဘူး။ ခိုင်းစရာရှိရင် နောက်မှခိုင်း"

"မခိုင်းပါဘူး အာရုံရယ်…ငါ့မြင်တာနဲ့ ငြင်းချက်က ထုတ်ပြီးသားပဲ"

"မသိဘူးလေဟာ…နင်က ငါ့ကို တွေ့တာနဲ့ တစ်ခုခုခိုင်းရ ကျေနပ်တာ မဟုတ်ဘူးလား"

နေခြည်က သူတို့နှစ်ဦးကိုကြည့်၍ တခစ်ခစ် ရယ်လေသည်။ ပြီး ဒေါ်နုနုအနားသို့ တိုးကပ်ကာ…

"မေမေ"

"ဘာတုန်း သမီးရဲ့"

"ကိုကြီးနဲ့မမခွန်းချိုက အရမ်းလိုက်တာပဲ…သိလား"

"ဟဲ့…ကြားသွားဦးမယ်။ ကလေးက ကလေးလိုနေစမ်း"

ဒေါ်နုနု သမီးဖြစ်သူကို တိုးတိုးကျိတ်ကျိတ် ဆူလေသော် နေခြည် ဓက်ကလေးပုသွားလေ၏။ မျက်လုံးကတော့ အာရုံနှင့်ခွန်းချိ





ကို သာ မကြာခဏ ခိုးကြည့်နေမိသည်လေ။

"အာရုံ"

"ပြော"

"နင် ပန်းတွေသွားပို့မလို့လား"

"ဟုတ်တယ်လေ…ဘာဖြစ်လို့လဲ"

"ငါလည်းလိုက်ချင်တယ်"

"ဘာ"

အာရုံ ပန်းတွေကို ပွေ့ယူနေရင်းမှ ခွန်းချိုကို ပြန်ငဲ့ကြည့်မိ၏။ ပန်းတွေကို မပွေ့ဖြစ်တော့ဘဲ ခါးထောက်ရပ်လိုက်ကာ…

"ခွန်းချို"

ဘာလဲဟူသောသဘောနှင့် ခွန်းချိုက မေးဆတ်ပြလေလျှင်…

"နင့်ကိုယ်နင် ဘာများမှတ်နေလဲ။ ပန်းရောင်းတာ ဆင်းရဲသားတွေရဲ့အလုပ်…နင့်လို တစ်ပင်တိုင်မြနန်းက ရွှေအိမ်စံမင်းသမီးကို ငါက ခေါ်သွားရမှာလား။ လျှောက်ပြီး လိုက်နေစရာမလိုဘူး…ဖြစ်လည်း မခေါ်ဘူး"

"အာရုံ"

ခွန်းချို၏အသံက ချွဲနွဲ့နေသည်။ အာရုံ လက်မောင်းကို ဖက်တွယ်လျက်…

"ငါ အိမ်မှာ တစ်ယောက်တည်းနေရတာ ပျင်းလို့ပါ…ခေါ်ပါနော်…ငါ လိုက်ပါရစေနော်…နော်လို့"

"ပျင်းနေရင် ဟိုမှာ နေခြည် ရှိတယ်။ ကျန်ခဲ့…မခေါ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ခွန်းချို ဂျိုကျပြီ။ ခြေကလေးဆောင့်၍ မြေကြီးပေါ်သို့ ထိုင်ချ လိုက်လေတော့…

"နင်မခေါ်ရင် ငါ ထိုင်ငိုမှာနော်…တစ်နေ့တစ်နေ့ အိမ်တွင်း ပုန်းလုပ်နေရတာ ငါ မနေချင်တော့ဘူး…အီး…ဟီး…ဟီး"

ပြောရင်းမှ ခွန်းချို အသံပြဲကြီးနှင့် အော်ငိုပြုလေတော့သည်။

"ဟာ…ဟော့…ခွန်းချို"

"သမီး…ခွန်းချိုလေး မငိုရဘူးလေ"

ဒေါ်နုနု မနေသာတော့ အိမ်ပေါ်မှဆင်း၍ ခွန်းချိုဆီသို့ လျှောက် သွားကာ…

"သမီးကလည်းကွယ်…မဖြစ်နိုင်တာကို မလုပ်ချင်ပါနဲ့။ သမီး ကို ခေါ်သွားရင် ခွန်းချိုရိပ်မြုံကလူတွေ သားကို ဘာပြောကြမလဲ။ မလိုက်ပါနဲ့ ကလေးရယ်"

ခွန်းချိုကို ဒေါ်နုနု ချော့နေစဉ် ခွန်းချို၏အဘွားနှင့်မိခင် အား တို့ခြံထဲသို့ ပြေးဝင်လာကြလေ၏။

"ဟော…ပြောရင်းနဲ့ ဟိုမှာ နင်တို့အိမ်ကလူတွေ လိုက်လာ ကြပြီ…ပြဿနာမရှာပါနဲ့ ခွန်းချိုရာ"

"ဘာပြဿနာရှာလို့လဲ…ငါ လိုက်ချင်လို့ပါဆို"

ဒေါ်ခင်မျိုးရီနှင့် ဒေါ်ခင်မျိုးသက် မြေကြီးပေါ်မှာ ခြေပစ်လက် ပစ် ထိုင်ငိုနေသော ခွန်းချိုကိုကြည့်ပြီး ပျာယာခတ်သွားလေတော့၏။

"အလို…မြေးလေး…ဘာဖြစ်တာလဲ။ ဘယ်သူက ဘာလုပ် လို့လဲ။ ဘွားဘွားကို ပြောစမ်း"





ဒေါ်ခင်မျိုးသက်ကလည်း…

"မေမေကလည်း သူ့ကို ဘယ်သူက ဘာလုပ်ရဲမှာလဲ။ ဒီ ကလေးမအကြောင်း သမီး ကောင်းကောင်းသိတယ်။ သူ အာရုံကို တစ်ခုခု ဂျိုကျနေတာပဲ ဖြစ်မယ်…ဟုတ်တယ်မို့လား သား"

ဒေါ်ခင်မျိုးသက်က အာရုံ့မျက်နှာကို မော့ကြည့်ပြီးမေးလျှင် အာရုံက ခေါင်းကို ကုတ်လျက် အဖြေခက်စွာ ရယ်လေသည်။ ထိုအခါ ခွန်းချိုကပင်…

"အလကား ကြီးကျယ်စရာမရှိ ကြီးကျယ်တာပါ မေမေရာ… တစ်ခါတလေ လွတ်လွတ်လပ်လပ်နေချင်လို့ သူနဲ့ ပန်းရောင်းလိုက်ပါ့ မယ်လို့ ပြောတာကို မခေါ်ဘူးတဲ့"

"အလိုလေး…လေး…လေ"

ဒေါ်ခင်မျိုးရီ ရင်ဘတ်စည်တီးလေတော့၏။

"မဖြစ်နိုင်တာ မြေးရယ်…မြေးက သူဋ္ဌေးသမီးပဲဟာ… ပန်းရောင်းလိုက်စရာလား"

"မသိဘူး…မသိဘူး…လိုက်မှာပဲ။ ဆင်းရဲတာတွေ၊ ချမ်းသာ တာတွေ သမီး နားမလည်ဘူး။ လိုက်ချင်တာ လိုက်ရမှကျေနပ်မယ်"

ဒေါ်ခင်မျိုးရီက သမီးဖြစ်သူ ခင်မျိုးသက်၏မျက်နှာကို ကြည့် သော်။ ဒေါ်ခင်မျိုးသက်က သက်ပြင်းဖွဖွချရင်း…

"လိုက်ပါစေ မေမေ…ဒါမှ သမီးလေးလည်း ဆင်းရဲသားတွေ ရဲ့ဘဝကို နားလည်ပြီး ကိုယ်ချင်းစာတတ်မှာ"

"ဟင်…မေမေ တကယ်ပြောတာလား"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မျိုးသက်က ပြုံး၍ ခေါင်းညိတ်ပြလေလျှင် ခွန်းချို လက်ခုပ်ကလေးတီး၍ ထခုန်လေသည်။ ပြီး အာရုံ လက်မောင်းကို ဆွဲကိုင်လှုပ်ယမ်းကာ…

“ဘယ့်နှယ်လဲ…အာရုံ၊ နင် ငါ့ကို မခေါ်ချင်လို့ မရတော့ ဘူး…သိလား”

အာရုံက အန်တီသက်ကို အားနာသလို ကြည့်လေလျှင်…

“ခေါ်သွားလိုက်ပါ သားရယ်…အန်တီသက်တို့ ပြန်မယ် နော်”

“ဟုတ်ကဲ့…အန်တီသက်”

ဒေါ်ခင်မျိုးရီနှင့်ဒေါ်ခင်မျိုးသက် ပြန်သွားပြီးနောက် ခွန်းချိုက ပန်းတွေကို ပွေ့ပိုက်လျက် မြောက်ကြွကြွ ပုံစံလေးနှင့်…

“ကဲ…အာရုံ သွားကြမယ်”

“နင် ပန်းတွေပွေ့ပြီး နောက်ကစီးလိုက်လို့ ဖြစ်ပါ့မလား”

“ပါးပါးလေးပါ…ဖြစ်ပါတယ်…သွားစို့”

အာရုံ ခွန်းချိုကို မျက်စောင်းချီလျက် စက်ဘီးကို စတင်၍ နင်းလိုက်သည်။ တော်သေးတာပေါ့။ ဒီနေ့ ပန်းက နည်းလို့။ နေ့တိုင်း ဆို အများကြီး။ ဒီနေ့က ပန်းဖောက်သည်သမားတွေက ကိုယ်တိုင် လာယူသွားကြသဖြင့် ဘုရားပန်းအတွက် သီးသန့်မှာသည့် အိမ် တစ်အိမ်သို့ ပို့ရမှာမို့ ပန်းက နည်းသည်လေ။ ခွန်းချိုက ပန်းစည်း တစ်ဖက် ပွေ့လျက်ပင် ဇွဲကနဲ ခုန်တက်ကာ လိုက်ပါသွားလေ၏။

“သားရဲ့…ခွန်းချိုလေးပါနေတာ စက်ဘီးကို ဖြည်းဖြည်း





နင်းနော်”

“ဟုတ်ကဲ့ပါ…အမေရဲ့”

အာရုံ နောက်လှည့်အော်ခဲ့ပြီး ဆက်နင်းလာခဲ့၏။ လမ်းမပေါ်သို့ ရောက်သည်နှင့် အာရုံက စက်ဘီးကို အရှိန်နှင့်နင်းလေသည်တွင် ခွန်းချိုက အာရုံ ခါးကို လက်တစ်ဖက်နှင့် ဖက်ထားလေလျှင် ခါးပေါ် သို့ ကျရောက်လာသော နွေးထွေးသည့် လက်တစ်ချောင်း၏ အတွေ့ အထိကြောင့် အာရုံ ရင်ထဲမှာ ရှိန်းမြနွေးထွေးသွားလေသည်။ အနွေး ဓာတ်ကလေးစီးဝင်ကာ ရင်ခုန်သံတွေကလည်း တဒိတ်ဒိတ်။ ဒါ ဘာဝေဒနာလဲ။ သူမ၏လက်ဖျားကလေးမှာ ရင်ခုန်သံတွေ မြန်စေမည့် ဆေးစွမ်းတစ်လက် သုတ်လိမ်း၍များလာခဲ့သလား။ အာရုံ စက်ဘီးကို ညာလက်တစ်ဖက်နှင့်သာထိန်း၍ ဘယ်လက်က ခွန်းချို၏လက်ဖျား လေးကို ဆုပ်ကိုင်လိုက်သည်တွင် ခွန်းချိုကလည်း အာရုံကျောပြင်တွင် သူမ၏ပါးကလေးကို ကပ်ထားလေတော့၏။

“အာရုံ”

“ဟင်”

“နင် ရည်းစားမထားနဲ့နော်”

“ဘာဖြစ်လို့လဲ”

“နင် ရည်းစားထားရင် ငါ အဖော်မဲ့သွားမှာပေါ့”

အာရုံ ပြုံးလိုက်မိပါသည်။

“နင်ကရော”

“ငါကတော့…ဟဲ…ဟဲ…အာမ မခံနိုင်ဘူး”



www.burmeseclassic.com

www.burmeseclassic.com



"တော်တော်တရားတာပဲနော်…ဒါပေမယ့် နင် စိတ်ချပါ။ ငါ ဘယ်တော့မှ ရည်းစားမထားဘူး။ နင့်အနားမှာ လိုအပ်နေသေးသရွေ့ ငါ နေပေးမယ်။ နင် မလိုအပ်လို့ ထွက်သွားဆိုတဲ့နေ့မှ ငါ ထွက်သွားမှာပါ။ အဲဒါတော့ နင်…ယုံ"

ခွန်းချို ကျေနပ်စွာပင် ရယ်မော၍ အာရုံ ခါးလေးကို ဖိ၍ တင်းကျပ်စွာ ဖက်ထားမိသည်။ ခုချိန်ထိတော့ ခွန်းချို ရင်ထဲမှာ အာရုံ ဆိုတဲ့ ကောင်လေးတစ်ယောက်ကိုသာ ခင်မင်တွယ်တာနေခဲ့သည် ဆိုရင် မမှားပါဘူး။ သူမရင်ထဲမှာ အချစ်ဆိုတာ မရှိသေးပေ။ နားလည်းမလည်။ အချစ်နယ်ကို ခြေဆန့်ဖို့လည်း တစ်ခါမှ စိတ်ကူး မယဉ်ခဲ့ဖူးပါ။

အာရုံအပေါ် ဆိုးနေနွဲ့နေရတာကိုပင် သူမ အလွန်ပျော်သည် လေ။ ခွန်းချိုအပေါ် အရာရာနားလည်ခွင့်လွှတ်ပေးတတ်သော ကောင်လေးကို ရင်ထဲမှာ ထာဝရအမှတ်ရနေမှာပါလေ။ ဘယ် လောက်ဝေးဝေး ဘယ်နေရာကိုပဲရောက်ရောက်ပေါ့။

"အာရုံ"

"……"

"နင် ငါ့ကို အဲဒီလောက်တောင်ခင်လားဟင်"

"အဲဒါထက်တောင် ပိုသေးတာ"

အာရုံစကားကြောင့် ခွန်းချို သူ့ကျောမှာကပ်ထားတဲ့ မျက်နှာ လေးကို ခွာလိုက်ကာ…

"ဟင်…နင့်စကားကြီးက ဘာကြီးတုန်း"





"ဘာမှမတုံးပါဘူး"

"ဒါဆို အချွန်အတက်တွေနဲ့လား"

"အင်း…ဒူးရင်းသီးလေ"

"ဒါဆို ကိုဒူးရင်း…အဲလေ…ကိုဒူးဒူး"

"အဲလိုကြီးတော့ မခေါ်ပါနဲ့ဟ"

"ခေါ်မှာပဲ…ကိုဒူးဒူး"

ပြောပြီး ခွန်းချိုက တခစ်ခစ်နှင့် ရယ်လေသည်။ ခွန်းချိုသာ ပျော်မယ်ဆိုရင် ဘယ်လိုပဲခေါ်ခေါ် အာရုံက ကျေနပ်နေမယ့်ကောင် ပါလေ။

"စက်ဘီးနင်းတာ နည်းနည်းမြန်ပါဦး အာရုံရဲ့…တကာတည်း ခုမှ ဆိုဖာပေါ်ထိုင်နေတာကျနေတာပဲ…မလှုပ်တလှုပ်နဲ့"

"နင် မြတ်ကျမှာစိုးလို့ပါ…အမေက နင်ပါလို့ ဖြည်းဖြည်းနင်း လို့ မှာလိုက်တယ်လေ"

"ရပါတယ်…နင်း"

"ကဲ…နင်းပြီ"

အာရုံ စက်ဘီးကို အားလေးပိုစိုက်၍ မြန်မြန်နင်းလေတော့ သည်။ အရာရာမှာ ခွန်းချိုစိတ်တိုင်းကျ ဖြစ်စေရမည်လေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

ကားလေးက ပြေးလိုက် တုံ့ကနဲ ရပ်သွားလိုက်ပါပဲ။ ကားတွေက ကျပ်နေတာဆိုတော့လေ။ သိုက်ဆိုတဲ့ကောင်က သောကြာသားပီပီ စကားတွေ တတွတ်တွတ် ပြောနေတာ မကုန်နိုင် မခန်းနိုင်ပါပဲ။ မိုက်က ကားမောင်းနေရင်းမှ နောက်ခန်းရှိ သိုက်ကို လှမ်းစလေသည်မှာ…

"ဒီကောင့်ကို မွေးတုန်းက အမေအုန်း ကြက်ဖင်စားထားတဲ့နေ့ပဲဖြစ်မယ်ကွ"

"ဟေ့ကောင်…မတာရုံးမပြောနဲ့။ ပုရစ်ကြော်စား မွေးတာရော မဖြစ်နိုင်ဘူးလား။ ပုရစ်ကမှ နားငြီးအောင် အော်တာကွ"





"ပုရစ်ဆို ပုရစ်နားပင်းဖြစ်ဖို့က များတယ်"

"လက်သီးတစ်ချက်နဲ့ မျက်ချေးထွက်အောင် ထိုးလိုက်ရရင်ကော"

ပြောမနာ ဆိုမနာ သူငယ်ချင်းတွေမို့ သိုက်က မာန့်ကို လက်သီးနှင့်ရွယ်စဉ် မာန်က ဟက်ကနဲ ရယ်၍…

"ငါ့မျက်ချေးမထွက်ခင် မင်းပါးစပ်က သွားချေးတွေ အရင်ထွက်ကျသွားနိုင်တာကိုရော သတိရမိလား"

"သိပါတယ် ဖိုက်တင်မင်းသားရယ်…မင်းနဲ့ နိုင်းယှဉ်လို့ရေမှန်း"

"သဘောပေါက်လွယ်သားပဲ"

မာန် မျက်မှန်ကိုချွတ်၍ အင်္ကျီလည်ပင်းမှာ ချိတ်လိုက်သည်။ မိုက်က ကားမှန်ထဲမှတစ်ဆင့် မာန့်ကိုကြည့်ပြီး…

"တို့သူငယ်ချင်းကတော့ တကယ့်ကို မျက်နှာပွင့်တယ်ကွာ…မင်းကို မြင်လိုက်တဲ့ကောင်မလေးတိုင်း နှစ်ခါပြန်မကြည့်ဘဲကို မနေနိုင်ဘူး"

မာန်က ဟန်ပါပါ အင်္ကျီကော်လံစကို ဆွဲထောင်ရင်း…

"ဟဲ…ဟဲ…ဒီလိုပဲဖြစ်ရမယ်လေ…ငါကိုယ်တော် သဘောကောင်း လျှောက်တင်တဲ့ မောင်မင်းကို အသပြာထောင်ထုပ်နဲ့ ဆောင်သမုဒ်ကနေ ပေးသနားတော်မူမယ်ဗျား"

"အမိန့်တော်မြတ်အတိုင်းပါ ဖလား…"

"ငါ့ကိုရော ဘယ်သမုဒ်ကနေ ဘာများပေးသနားဦးမလဲ"



www.burmeseclassic.com

www.burmeseclassic.com



သိုက်အမေးကြောင့် မာန် စဉ်းစားဟန်ပြုပြီး ပြုံးလိုက်ကာ…

"မောင်မင်းအတွက်ကတော့ မြောက်သမုန်ကနေ…"

မာန် စကားကို ဖြတ်ထားလိုက်သဖြင့် မိုက်က အထာပေါက်စွာ ခွီးကနဲ ရယ်ချလိုက်လေလျှင်…

"ဟာ…ဟော့ကောင်…မြောက်သမုန်ကနေ ပေးမယ့်ဆုတော် လာဘ်တော်ကြီးတော့ ငါ ကန့်ကွက်ပါရဲ့ကွာ…ထွီ"

မာန်နှင့်မိုက်က တဟားဟား အော်ရယ်ပေတော့၏။

"မင်းက ဘာကို အထာပေါက်တာလဲ။ ငါပြောတာက မင်းကို မြောက်သမုန်ကနေ ကျောက်ထုပ်ကို ပေးသနားမယ်လို့ ပြောတာ။ မင်းအမေဒေါ်အုံးမေရဲ့ ကျောက်ထုပ်လေ"

"တော်သေးတာပေါ့ကွာ…ကျောက်ထုပ်ကယ်လို့ ကျောက်ထုပ်သာမကယ်ရင် ဟိုနေရာကို တန်းရောက်နိုင်တယ်"

ရယ်စရာပြောရင်း အဖွဲ့ကျနေကြသော သူတို့ကားရှေ့သို့ စက်ဘီး တစ်စီးက ဟန်ချက်ပျက်ကာ တိုးဝင်လာလေလျှင် မိုက်က ကားကို လျှင်မြန်စွာ ဘရိတ်အုပ်လိုက်၏။

"ကျွီ"

"ဟာ"

"အို"

"အား"

စက်ဘီးနင်းလာသော ကောင်လေးက သူတို့ကားကို မြင်ပြီး မျက်လုံးကလေးပြူးကာ စက်ဘီးက လဲကျသွားလေသည်။ စက်ဘီး





တခြား လူတခြားဖြစ်သွားသောသူတွေကို ကြည့်လိုက်တော့ ကောင်လေးနှင့်ကောင်မလေး။ ကောင်မလေးလက်ထဲတွင် ပွေ့ပိုက်လာသော ပန်းတွေကလည်း မြေပြင်ပေါ်မှာ တကွဲတပြားစီ။ ကောင်မလေးက လဲနေရာမှ လူးလဲထသော်လည်း ကောင်လေးက တုတ်တုတ်မျှပင် လှုပ်ရှားခြင်းမပြုပေ။

"ဟာ…ဟိုကောင် ဘာဖြစ်သွားတယ်မသိဘူး။ တို့ ခဏဆင်းကြည့်ရအောင်"

သုံးယောက်သား ကားပေါ်မှဆင်း၍ မာန် ကောင်မလေးကို ပြေးထူလိုက်၏။ မိုက်နှင့်သိုက်က ကောင်လေးဆီသို့ပေါ့လေ။

"ညီမလေး ဘာဖြစ်သွားသေးလဲ"

ကောင်မလေးက မာန့်ကို မော့ကြည့်ကာ…

"ဘာ…ဘာမှမဖြစ်ပါဘူး။ လက်ထောက်ကျလို့ လက်နည်းနည်းနာသွားတာ"

"ဟုတ်လား…တို့ကားနဲ့ မတိုက်မိတာတော့ သေချာပါတယ်နော်"

"ဟို…ကားနဲ့က အဝေးကြီးပါ…ဟင်"

ကောင်မလေးက သူ့ကို စကားပြောနေရင်းမှာ သူ့အဖော် ကောင်လေးကို လှမ်းကြည့်ပြီး ဟင်ကနဲဖြစ်ကာ ထပြေးသွားလေ၏။

"အာရုံ"

မာန်လည်း ခုမှ သတိရကာ ကောင်လေးဆီသို့ ပြေးသွားလိုက်၏။ မိုက်နှင့်သိုက်က ကောင်လေး၏မေးစေ့ကို ကိုင်၍ လှုပ်ယမ်းကာ



www.burmeseclassic.com

www.burmeseclassic.com



ခေါ်နေသည်။

"ဘာဖြစ်သွားတာလဲ"

"မသိဘူး မာန်…တို့ ဆင်းလာကတည်းက သတိလစ်နေတာပဲ"

"ကျွတ်"

မာန် ကျွတ်ကနဲ လုပ်လိုက်မိ၏။ ဒါ စိတ်ရှုပ်ခြင်း၏သင်္ကေတပင်မဟုတ်လား။ ထိုင်နေတော့ အကောင်းသား၊ ထသွားမှပင် အကျိုးမှန်းသိတယ်ဆိုတာမျိုးတော့ ဖြစ်နေပြီထင်ပါရဲ့။ အမြင်မတော်လို့ဆင်းကြည့်မိကာမှ အမူတောင်ပတ်တော့မလိုပါလား။

"အာရုံ…အာရုံ…နှင် ဘာဖြစ်တာလဲ။ အာရုံ နှင် ထပါဦး။ နှင် ဘာဖြစ်သွားတာလဲ"

စိုးရိမ်နေသော အမူအရာနှင့် ကောင်မလေးက တတွတ်တွတ်ခေါ်နေသည်။ ဖြူဖျော့ဖျော့လေးဖြစ်နေသော ကောင်လေးမျက်နှာကိုငုံ့ကြည့်ပြီး မာန် ကရုဏာသက်သွားမိတာတော့ အမှန်ပါပဲ။

"တို့…ဒီအတိုင်း ထိုင်ကြည့်နေလို့တော့ မဖြစ်ဘူး။ မာန်…ဒီကောင် မတော်တဆ သေသွားရင် ဘယ်လိုလုပ်မလဲ…တစ်ခုခုတော့ စီစဉ်ပေးမှဖြစ်မယ်"

"ခုမှတော့ ပို့မယ့်ပို့ ကုသိုလ်ရောက်အောင်ပဲ ပို့ရတော့မှာပေါ့။ သူ့ကို ကားပေါ်မွေ့တင်ခဲ့"

"ဟို…ဘယ်ကိုသွားကြမှာလဲဟင်"

တုန်တုန်ရီရီလေးနှင့်မေးရှာသော ကောင်မလေးကို မာန်တစ်ချက် ငဲ့ကြည့်လိုက်မိ၏။ ဘာမှမသိနားမလည်သော ကလေးတစ်ယောက်လို မာန့်ကို အားကိုးတကြီး ကြည့်နေရှာသည့်ပုံက သနားစရာပင်။

"မင်းအဖော်က သတိလစ်နေတာပဲ။ ဆေးရုံပဲ ပို့ရမှာပေါ့။ မတော်လို့ တစ်ခုခုဖြစ်သွားရင်…တို့ကို အမှုပတ်မှာကွ"

"သူ ဘာမှမဖြစ်နိုင်ပါဘူးနော်"

"ဒါကတော့ တို့…မပြောတတ်ဘူး။ ဆရာဝန်မှ သိလိမ့်မယ်ပေါ့"

"ကဲ…အခီ…မင်းမေးခွန်းတွေ ဖြေနေရတာနဲ့ အချိန်လင့်ပြီး လူနာဒုက္ခရောက်သွားလိမ့်မယ်။ ကားပေါ်တက်"

"ရှင်"

"ရှင်မနေနဲ့…အချိန်မရှိဘူး…တက်ဆိုတက်"

မာန့်အသံက ကျယ်သွားသဖြင့် ကောင်မလေး ခေါင်းငုံ့သွားကာ ငိုလေလျှင်…

"ဟော့…မင်း ဘာလို့ငိုတာလဲ"

"ခွန်းချို ဘာလုပ်ရမှန်းမသိလို့ပါ။ ခွန်းချို လိုက်ခဲ့တော့ စက်ဘီးကို ဘယ်လိုလုပ်မှာလဲဟင်"

"မင်း တော်တော်လျှာရှည်တာပဲ။ မင်း စက်ဘီးကိစ္စနဲ့ လူတစ်ယောက်အသက် ဘာကိုရွေးမလဲ။ စက်ဘီးက အသစ်ဝယ်လို့ရတယ်။ ကဲ…မင်း ကားပေါ်တက်မှာသာတက်။ အဲဒီစက်ဘီး တစ်ခုခုဖြစ်ရင် ငါ အသစ်ပြန်ဝယ်ပေးမယ်"







www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို စိတ်မြန်သူပီပီပင် မာန် ကောင်မလေးလက်ကို ဆောင့်ဆွဲကာ ကားပေါ်သို့ တွန်းတင်လိုက်သည်။

"သိုက်…စက်ဘီးကိစ္စ မင်းကြည့်ရှင်းလိုက်ကွာ။ ပြီးမှ မင်း ထက္ကစီငှားပြီး လိုက်လာခဲ့"

တစ်ခွန်း၊ တစ်မိန့်၊ တစ်အာဏာကို သိုက် မလွန်ဆန်ရဲပါဘူး။ မာန်က သေဆိုရင်တောင် မရဏမင်းရဲ့လက်တွင်းမှာ သက်ဆင်းကာ လည်စင်းပေးမယ့်သူမို့ မာန်ပြောသမျှ နာခံဖို့ ခေါင်းခါခြင်း၊ လက်ကာခြင်းကို ထာဝရ ပါမစ်ပိတ်ထားသူ။ မိုက်နှင့်မာန်ကတော့ ကားပေါ်က လူနာ ဆေးရုံကို အမြန်ရောက်ရေးသာ စိတ်လောနေ၏။ ကောင်မလေးက လူနာကို ပွေ့ထားရင်းမှ တရှုံ့ရှုံ့ ငိုနေရှာသည်လေ။ ကောင်မလေးနှင့်ကောင်လေး ဘယ်လိုတော်စပ်သလဲဟု မမေးမိ။ နာမည် ဘယ်သူလဲဟုလည်း မေးဖို့ သတိမရ။ ဘယ်လိုအဆင့်အတန်းမျိုးကလဲဟူ၍လည်း မစူးစမ်းမိဘဲ ဆေးရုံသို့ မာန်တို့ ရောက်လာခဲ့သည်။

"ဒီက အစ်ကို့မှာ ဖုန်းလေးများပါမလားမသိဘူး"

ကောင်မလေးက သူ့ဘောင်းဘီအိတ်ထဲမှ ဖုန်းကလေးကို ကြည့်၍ သိသိနှင့် မေးနေပြန်သဖြင့်…

"ဘာလုပ်မလို့လဲ"

"ခဏသုံးခွင့်ပြုပါနော်…အိမ်ကို ဖုန်းဆက်ချင်လို့ပါ"

မာန် ဖုန်းကို ထုတ်ပေးလိုက်သည်။ ကောင်မလေးကြည့်ရတာတော့ သာမန်အဆင့်အတန်းမျိုးထဲက မဖြစ်နိုင်ပါဘူး။ သူမ ဝတ်စားဆင်ယင်ပုံမှာ အထက်တန်းလွှာထဲကပဲဖြစ်မည်ဆိုတာ မာန် အကဲခတ်





မိပါသည်။ ကောင်လေးကြည့်ရတာတော့ ခပ်နွမ်းနွမ်းလေးပါပဲ။ သူတို့နှစ်ယောက်၏ အဆင့်အတန်းက မိုးနဲ့မြေလို ကွာခြားနေနိုင်လေသား။ သူတို့ ဘယ်လိုပတ်သက်နေသလဲ။ လဲပေါင်းများစွာက ခေါင်းထဲမှာပင်ရှိနေပြီး…

"မာန်"

"ဩော်…မိုက်…ဘယ်လိုလဲ…အခြေအနေ"

မိုက်မျက်နှာက အရာတစ်ခုကို နှမြောတွန့်တိုသလို ပျက်ယွင်းနေသည်။ မိုက်ထံမှ ဖြေရှင်းပြချက်တွေ ထွက်လာတော့ မာန် ကောင်လေးအတွက် စိတ်မကောင်းဖြစ်သွားရ၏။ ကောင်လေးမှာ နှလုံးရောဂါရှိနေတယ်တဲ့။ သူ့ကို စိတ်ချမ်းသာအောင်ထားရမည်။ အထိတ်တလန့် မဖြစ်ပါစေနဲ့တဲ့။ ချို့တဲ့လွန်းလို့ ရောဂါကို မကုနိုင်ရှာခဲ့ဘူးဆိုတာကို သိလိုက်ရတော့ ကောင်လေးအတွက် မာန် အတော်စိတ်မကောင်းဖြစ်သွားရသည်သာ။

"မိုက်"

"ပြောလေ"

"သူနဲ့ပတ်သက်သမျှ အရာရာအဆင်ပြေအောင် မင်း လုပ်ပေးလိုက်ပါ။ ငွေကို လိုသလောက်ပြော…ဟုတ်ပြီလား"

"မာန်"

"ဘာပြောဦးမလို့လဲ"

"သူ့ကို တို့ကားနဲ့ မတိုက်မိဘူးလေကွာ…အဲဒီလောက်အထိ လုပ်ပေးစရာလိုလို့လား"



www.burmeseclassic.com

www.burmeseclassic.com



မာန် သက်ပြင်းချလိုက်ပြီး…

“ငါက တာဝန်အရ လုပ်ပေးတာ မဟုတ်ဘူးလေကွာ… စေတနာသက်သက်နဲ့ လုပ်ပေးတာပါ။ သူ့ကို သနားလို့ပါ”

“ဩော်”

မိုက် ဩော်ဆိုပြီး တွေကနဲ ဖြစ်သွားလေသည်။ ကျားဝတ်ရုံကို ဘယ်လိုပဲ ခြုံထားခြုံထား ယန်းကယန်းပါပဲလေ။ အခြားနေရာတွေမှာ မာန် ဘယ်လောက်ပဲ ကြမ်းကြမ်းရမ်းရမ်း အခုလို ချိုးတဲ့သူတွေ ဘဝမလှသူတွေ၊ ရိုးသားအေးချမ်းသူတွေအပေါ်မှာတော့ သနားတတ်သည်သာ။ ကူညီချင်စိတ်လည်းရှိသည်လေ။ အမြင်မတော်ရင် ကူညီတတ်ကြသူတွေရှိပေမယ့်…

မာန် သနားလွယ်တာက…

အဲဒါ မိန်းမတစ်ယောက်ရဲ့စိတ်သဘောထားနူးညံ့ခြင်းပါပဲ။

“ဟေ့ကောင်”

“ဟင်”

“မင်း ငါ့ကို ဘယ်လိုမျက်လုံးနဲ့ ကြည့်နေတာလဲ။ အခု ပြန်ပြင်လိုက်စမ်း”

လေသံက မာနေသည်မို့ မိုက် ချက်ချင်း မျက်နှာလွှဲလိုက်ပြီး

“အေး…အေးပါကွာ”

“အခုရော သူ့အတွက် ဆေးဖိုးတွေ ရှင်းဖို့လိုပြီလား”

“အဲဒါပဲ ဟိုကောင်မလေးကို ပြောမလို့…သူ ဘယ်ရောက်သွားလဲ”





“ဟိုမှာ ဖုန်းပြောနေတယ်။ သူ့ကို မပြောနဲ့။ ငါ ပေးလိုက်မယ်။ မင်း သွားရှင်း”

ပြောပြီးတာနှင့် မိုက် ပိုက်ဆံအိတ်ထဲကနေ တစ်သောင်းတန် ဆယ်ရွက်ကို ထုတ်ပေးလိုက်လေသည်။ မိုက်က ပိုက်ဆံကိုယူပြီး ထွက်သွားမယ်လုပ်တော့…

“နေဦး”

“…………”

“ပိုက်ဆံလိုရင် ငါ့ကိုပဲပြော…ကြားလား”

“အေးပါ”

ဗဟဗဟ



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

"ခုလိုကူညီတာ ကျေးဇူးတင်ပါတယ် သားရယ်…တကယ်ပါ…ဒေါ်လေး ဘယ်လိုကျေးဇူးဆပ်ရမှန်းကို မသိတော့ဘူး"

သောကမြူခိုးငွေ့တွေကြားမှ အချိုသာဆုံးအသံနှင့် မာန့်ကို ကျေးဇူးတင်စကားတွေဆိုနေသော ဒေါ်နုနု။ ကျေးဇူးတရားဆိုတာ ဈေးခင်းပြီး ရောင်းစားလို့မရပေမယ့် တစ်ခါတောင်းစားဖူးတဲ့ ထမင်းတစ်လုတ်၏တန်ဖိုးသည်ပင် တစ်သက်လုံးဆပ်လို့ ကုန်နိုင်ခဲ့သည် မရှိဘူးလေ။

"ကျွန်တော် ကျေးဇူးတင်ခံချင်လို့ ကူညီတာမဟုတ်ပါဘူး ဒေါ်လေး…အမြင်မတော်တာတွေ့ရင် လျစ်လျူရှုမထားတတ်တာ ကျွန်တော့်စိတ်ရင်းမှန်ပါ"

"ဒီလိုစိတ်ထားမျိုးရှိတာ ကောင်းတာပေါ့ကွယ်…သားက ရုပ်ကလေးကလည်း ချော၊ စိတ်ကောင်းလေးကလည်းရှိတော့





ဒေါ်လေးဖြင့် မြင်မြင်ချင်းကိုပဲ ကိုယ့်သားလေးလို ချစ်သွားတာ…တကယ်ပါကွယ်"

မြှောက်ပြောတာမဟုတ်ဘူးဆိုတာ မာန် သိပါသည်လေ။ အခြေအနေမှန်ကို လက်မခံနိုင်ပေမယ့် မာန် သိတာပေါ့။ အချို့က သည်း တကယ်မသိလို့။ အချို့ကျတော့လည်း မာန် မကြိုက်မှာစိုးလို့ သာ မပြောကြတာ။ မိန်းမချော ချောတယ်ဆိုတဲ့စကားကတော့ ချူတိုင်းလိုလို ပြောနေကြတာပါပဲ။

"မေမေ"

"ဟင်…သား"

အာရုံက လှမ်းခေါ်လေသဖြင့် ဒေါ်နုနု လူနာခန်းထဲသို့ ပြေးဝင်သွားလေသည်။ ကုတင်ပေါ်တွင် ငုတ်တုတ်ကလေးထိုင်နေသော သားကိုကြည့်၍ ဒေါ်နုနု ရင်ထဲမှာ ဆို့နစ်ကြေကွဲသွားရ၏။ မာန်တို့ကို မြင်တော့ အာရုံက ငေးကြောင်ကြောင်လေးကြည့်ကာ…

"သူတို့က ဘယ်သူတွေလဲ မေမေ"

"သားအသက်ကို ကယ်တင်ခဲ့တဲ့ ကျေးဇူးရှင်တွေပေါ့ သားရဲ့၊ ကျေးဇူးတင်စကား ပြောလိုက်ပါဦး"

အာရုံ ခေါင်းညိတ်လိုက်ကာ…

"ခုလို ကူညီခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်…ဟို…"

"တို့နာမည် မာန်မာနပါ…အားလုံးကတော့ မာန်လို့ပဲ ခေါ်တယ်"

နာမည်မသိ၍ အခေါ်ခက်နေသော အာရုံကို မာန် ကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် မိတ်ဆက်ပေးလိုက်၏။ နောက် မိုက်နှင့်သိုက်ကိုလည်း မိတ်ဆက်ပေးလိုက်သည်။ အာရုံ မျက်နှာဖြူဖျော့ဖျော့လေးပေါ်မှာ အပြုံးရိပ်ကလေးက ယှက်သိုင်းဖွဲ့လျက်...

"အဲဒီနေ့က ကျွန်တော် ကားနဲ့ မလွတ်လောက်ဘူးထင်ပြီး လန့်သွားတာ"

"နောက်တော့ သတိထားပေါ့ အာရုံ...ကိုယ်က လန့်တ... တယ်ဆိုရင် သတိနဲ့ စက်ဘီးစီးပေါ့"

"ဟုတ်ကဲ့"

ဒေါ်နုနုက သား၏လက်ကလေးကို ဆုပ်ကိုင်လိုက်ချိန်တွင် အာရုံ တစ်ခုခုကို သတိရသွားဟန်နှင့်...

"ဒါနဲ့ ခွန်းချို...ခွန်းချိုရော မေမေ...သူ ဘာဖြစ်သွားသေးလဲ ဟင်"

"ခွန်းချို ဘာမှမဖြစ်ပါဘူး သားရယ်...အိမ်ကို ခဏပြန်သွား တယ်...ပြန်လာမယ်လို့တော့ ပြောတာပဲ"

"တော်ပါသေးရဲ့"

အာရုံ ကိုယ့်အရေးထက် ခွန်းချို တစ်ခုခုဖြစ်သွားမှာကို အရိ... ဆုံးပါ။ ဥယျာဉ်မှူးတို့၏နှလုံးသားသည် သူတို့စိုက်ပျိုးထားသော ပန်းကလေးတွေကဲ့သို့ အတွင်းစိတ်က နူးညံ့မွေးထုံနေတတ်၏။ ... ပိတုန်းတို့က စကားလုံးကြွယ်ကြွယ်ဆိုလာရင်လည်း ယုံလွယ်သ... လွယ်တတ်ကြ၏။ ဥယျာဉ်မှူးတို့၏ ထုံးစံဘဝကို ရုန်းကန်ဖြတ်... ရတာ ကြမ်းတမ်းလှပေမယ့် အသည်းပန်းကလေးကတော့ အချ...





လေးတွေ ဆွတ်ပျံ့နေခဲ့သည်သာ။ ခွန်းချိုကို သူ့ရဲ့နှလုံးသားထဲမှာ မျှော်လင့်တောင့်တနေခဲ့သည်ဆိုတာ...သြော်...မဖြစ်နိုင်မှန်းသိပေမယ့် နှလုံးသားက ချမှတ်လိုက်တဲ့အမိန့်ကို သေမိန့်ပင်ဖြစ်စေဦးတော့ ဘယ်သူက တွန်းလှန်ငြင်းဆန်နိုင်ခဲ့လို့လဲ။

"အာရုံ"

"ဗျာ"

"သက်သာရဲ့လား"

"ဟုတ်ကဲ့...သက်သာပါတယ် ကိုမာန်"

ကိုမာန်ဆိုသောကြောင့် မာန် ပြုံးလိုက်မိသည်။ သူ့ကို ကိုမာန်ဟု ခေါ်သောအသံမျိုး ကြားရတာ ဒါ ပထမဆုံးအကြိမ်ပါ။ အမြဲတမ်း သန့်ပြန့်ချောမွေ့နေသော မာန့်ကို ဘယ်သူကမှ အသက်နှစ်ဆယ်ကျော် ပါဟု ထင်မထားကြ၍ 'ကို' တပ်၍ခေါ်တဲ့သူက ရှားသည်လေ။ တရို တသေ ခေါ်ကြပြီဆိုလျှင် အလုပ်သဘောအရ MD အစ်ကိုလေး၊ ဒါမျိုးသာ ခေါ်ကြသည်သာ။

"မင်းအသက် ဘယ်လောက်ရှိပြီလဲ အာရုံ"

"နှစ်ဆယ့်ငါးနှစ်ပါ"

"ဒါဆို မင်း ငါ့ကို ကိုမာန်လို့ မခေါ်နဲ့တော့"

"ဘာဖြစ်လို့လဲ"

"မင်းနဲ့ငါ အသက်အတူတူပဲ။ မင်း ငါ့ကို ခင်တယ်ဆိုရင် ရင်းရင်းနှီးနှီး မာန်လို့ပဲခေါ်ပါ"

ဖော်ရွေသော မာန့်ဆက်ဆံရေးကြောင့် အာရုံရော ဒေါ်နုနုပါ



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာပီတိ ဖြစ်ရ၏။ မာန်မာနကင်းသော မာန့်ကို ဘာကြောင့်များ မာန်မာနဟု နာမည်ပေးထားကြပါလိမ့်။

"ဪ…ဟုတ်လား…သားတို့နှစ်ယောက်က အသက်အတူ တူဆိုပေမယ့် ရက်တွေ၊ လတွေတော့ ရှိမှာပေါ့…ကြီးသူကို ရိုသေ၊ ရွယ်တူကို လေးစားတဲ့ သားရဲ့"

"မေမေပြောတာ မှန်တယ်…ကိုမာန်"

"ကဲဗျာ…ဒါဆိုပြောပါဦး။ အာရုံရဲ့မွေးသက္ကရာဇ်"

ဒေါ်နုနုကဲ သားရဲ့ပခုံးလေးကို ကိုင်ကာ…

"သားက….ခုနှစ် ဇန်နဝါရီလ ဆယ့်လေးမှာ အာရုံတက်ချိန် မွေးတာလေ…ဒါကြောင့် အာရုံဦးလို့ နာမည်ပေးထားတာ"

မာန် အံ့သြသွားရသည်။ ဒီလောက်တောင်ပဲ တိုက်ဆိုင်သတဲ့လား။ သူ အာရုံကို မြင်ကတည်းက ခင်မင်ခဲ့တာ။ ဘယ်လောက် အထိလဲဆိုရင် အာရုံ ဆေးရုံတက်ရသည့်စရိတ်ကိုပင် မာန် အားလုံး ပံ့ပိုးပေးခဲ့သည်လေ။ နှလုံးရောဂါရှိနေသော ဝေဒနာသည်လေး အာရုံကို မာန် အရမ်းသနားခဲ့တာပါ။ ကူညီရင်းမှ မာန် သတိထားမိ တာက အာရုံနှင့်သူ အစားအသောက် အကြိုက်ချင်းတူတာပင်…

ခု မွေးသက္ကရာဇ်ပါ လာတူနေတာတော့ အံ့သြစရာကောင်းလှ၏။ ဆေးရုံကိုရောက်ပြီး အာရုံကို အဝတ်လဲပေးတော့ ယူလာသည့် အာရုံအဝတ်အားလုံးက အဖြူနှင့်အပြာတွေချည်းသာ။ မာန်လည်း အဝတ်ဆို အဖြူနှင့်အပြာကိုသာ အဝတ်များသည်လေ။

ပြီးတော့…





အာရုံက ချဉ်ဟင်းနှင့်ငါးပိထောင်းကြိုက်သတဲ့။ မာန်လည်း အိမ်မှာ ဘယ်လောက်ပဲ ဟင်းကောင်းကောင်း ချဉ်ဟင်းနှင့်ငါးပိ ထောင်းကို ချက်ခိုင်းစမြဲပင်။

"သား"

"ဗျာ"

"ဘာတွေစဉ်းစားနေတာလဲ"

ဒေါ်နုနုအမေးကြောင့် မာန် ဟက်ကနဲ ရယ်လိုက်သည်။

"တိုက်ဆိုင်လွန်းလို့ပါ…ကျွန်တော့်ကိုလည်း ….ခုနှစ် ဇန်နဝါရီ ဆယ့်လေးမှာပဲ အာရုံမတက်ခင် လေးနာရီ နှစ်မိနစ်မှာ မွေးတာတဲ့"

"ဟင်"

ဒေါ်နုနု မျက်နှာပေါ်တွင် အရောင်ပြောင်းလဲခြင်းတို့က မြန်ဆန် သွက်လက်လှ၏။ ဒါ ဖြစ်နိုင်ပါ့မလား။ တစ်ချိန်လုံး ငြိမ်နေကြသော သိုက်နှင့်မိုက်ပင် အံ့သြရသည်အထိပါ။

"ဒါဆို မင်းတို့နှစ်ယောက်က မိနစ်လောက်ပဲကွာတာပေါ့"

"ဒါပေါ့…ကြားတယ်မို့လား အာရုံ…ငါက မင်းထက် မိနစ် လောက်ပဲ ကြီးတာ…'ကို'တပ်ခေါ်ဖို့ မလိုဘူးထင်တယ်"

"ကဲပါဗျာ…ဒါဆိုလည်း ကိုဖြုတ်ပြီး ခေါ်ပါ့မယ်…ကျေနပ် တယ်မို့လား"

"အိုကေ"

မာန်က သဘောတူသည့်သင်္ကေတဖြင့် လက်ဝါးထောင်ပြိုက်



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် အာရုံကပါ လက်ဝါးလေးထောင်ကာ လက်ဝါးချင်းရိုက်လိုက်ကြ၏။ နောက်တော့…

"တို့ကို ပြန်ခွင့်ပြုဦး အာရုံ…အာရုံ ဆေးရုံက မဆင်းမချင်းတော့ တစ်နေ့တစ်ခေါက် ပုံမှန် တို့…လာမှာပါ"

"ဟင်…ဆေးရုံကဆင်းရင် မလာတော့ဘူးပေါ့"

အာရုံ မျက်နှာပျက်သွားသဖြင့် မာန်က ရယ်လေသည်။

"ဆေးရုံက ဆင်းပြီးသွားလည်း အားတဲ့အခါတော့ လာလည်မှာပေါ့ အာရုံရဲ့"

သည်တော့မှ အာရုံ မျက်နှာလေး ပြုံးသွားလေသည်။ သံယောဇဉ်ဆိုတာ မမြင်နိုင်တဲ့ ကြိုးတစ်ချောင်းပါလား။ အာရုံစိတ်ထဲမှာရော မာန့်စိတ်ထဲမှာပါ သွေးမတော်သားမစပ်ပါပဲနှင့် ဘာကြောင့် မြင်မြင်ချင်း တစ်ယောက်ကိုတစ်ယောက် ခင်တွယ်နေမိပါလိမ့်မည့် အတွေးကိုယ်စီနှင့်သာ။

"ကိုမာန်မာနတို့ ပြန်တော့မလို့လား"

ပြန်ဖို့လှည့်လိုက်စဉ် နောက်ဘက်မှ ဝင်လာသော ခွန်းချို၏ အသံကြောင့်…

"မင်းတို့နဲ့တွေ့မှ ကိုယ်တော့ ဘိုးဘွားရိပ်သာဝင်ရတော့မည် ဖြစ်နေပြီ"

"ပုတီးဝယ်ပေးရမလား…မာန်"

"ရတယ်…ရတယ်…သားသား ပုတီးမနိုင်သေးပါဘူး ခင်ဗျာ"





အားလုံး ရယ်ပွဲဖွဲ့မိကြသည်။ အာရုံတစ်ယောက်မှာလည်း ပျော်စရာစကားလုံးလေးတွေကြားမှာ ဝေဒနာကိုပင် ခဏမေ့သွားလေတော့သည် ထင်မိ၏။

"သွားမယ်နော်…ဘိုင့်ဘိုင်"

နှုတ်ဆက်၍ ထွက်ခွာသွားသော မာန့်ဟန်အမူအရာလေးကို ကြည့်၍ ခွန်းချို၏ရင်ထဲမှာ တစ်ခါမျှ မကြုံဖူးသေးသော ရင်ခုန်သံတိုးလျှလျှက နားဝမှာ မကြားရပေမယ့် ရင်ဝမှာတော့ ဗုံးတွေ၊ အမြှောက်တွေ ပေါက်ကွဲနေသလိုပင်။ ချောမောပြေပြစ်ခြင်း၊ တည်ကြည်ခန့်ငြားခြင်းဟူသော ကျက်သရေဆောင် ဂုဏ်ဒြပ်တွေက မာန့်ကိုယ်ပေါ်မှာ တစ်သွေးတည်း၊ တစ်သားတည်း ကပ်ငြိနေလေသည်။

ရှေးဘဝက ဘယ်လိုဆုတောင်းမျိုးကို တောင်းခဲ့လို့များ ဒီလောက် ဆွဲဆောင်မှုတွေ အားကောင်းနေရတာတဲ့လဲကွယ်။

"ဟဲ့…ခွန်းချို"

"ဟင်"

"ကြည့်လှချေလား…ပါးစပ်က သွားရည်တွေ ဘာတွေကျနေဦးမယ်"

"နင်ကလည်း"

ခွန်းချို ရှက်ကိုးရှက်ကန်း ဖြစ်သွားလေတော့၏။ ခွန်းချိုက ကိုရီးယားမင်းသားတွေကို ကြိုက်တဲ့သူလေ။ မာန်က ကိုရီးယားမင်းသားလေးနဲ့တူတာကိုး။ သူ လိုက်ကြည့်မိတာလွန်သွားသား။



www.burmeseclassic.com

www.burmeseclassic.com



"နင်…တစ်ယောက်တည်းလာတာလား ခွန်းချို"

"အင်း…ဟုတ်တယ်၊ အစကတော့ သွားသွားပါ လိုက်လာမလို့ပဲ။ လာခါနီးကျမှ ခေါင်းနည်းနည်းမူးလို့ဆိုပြီး ကျန်ခဲ့တာ။ ဘယ်လိုလဲ…နင် သက်သာရဲ့လား အာရုံ"

"သက်သာပါတယ်"

"ဪ…ဒေါ်လေး…အာရုံ ဘာစားပြီးပြီလဲဟင်"

"အခုထိ ဘာမှမစားသေးဘူး သမီး…စားချင်စိတ်မရှိလို့တဲ့လေ"

"ဟုတ်လား"

ခွန်းချိုက မေးတော့ အာရုံက ခေါင်းညိတ်ပြလေသည်။

"မစားချင်ဘူးဆိုပြီး မစားဘဲမနေနဲ့လေ…တစ်ခုခုလေးတော့ စားမှပေါ့"

ပြောပြီး ခွန်းချိုက ထရပ်လေတော့…

"နင် ဘယ်သွားမလို့လဲ"

"နင်စားဖို့ တစ်ခုခုသွားဝယ်မလို့ပါ"

"မဝယ်ပါနဲ့…ငါ ဘာမှမစားချင်ဘူး"

"မရဘူး…စားရမယ်"

ဒါ ခွန်းချိုရဲ့ တစ်ချက်လွှတ်အမိန့်တော်ပါ။ ခွန်းချိုပြောသမျှ အာရုံ လွန်ဆန်လို့ရခဲ့ဖူးတာမှ မဟုတ်တာ။ ဒီတော့ ကြည့်နေလိုက်ရုံသာ။





# အခန်း (၁၀)

လှမမာကြီးလို အိပ်ရာထဲမှာ ငြိမ်နေရတာ အာရုံ စိတ်ပျက်လှပါသည်။ တစ်နေ့တစ်နေ့ အိပ်လိုက်စားလိုက်နှင့် အချိန်ကုန်နေရသည့် သူ့အဖြစ်ကို မကျေနပ်ပါ။

ထို့ကြောင့်…

အိမ်ထဲမှ အပြင်သို့ ထွက်လာခဲ့၏။ အာရုံကိုမြင်တော့ နေခြည်က ပန်းတွေစည်းနေသော မီခင်ကို လက်ကုတ်၍ ပြလေလျှင်…

"ဪ…ဟဲ့…သား"

"ဗျာ…မေမေ"

"အပြင်မှာ လေတိုက်နေတယ်လေ…အေးမှာပေါ့…အင်္ကျီထပ်ဝင်ဝတ်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နုနု ပန်းတွေကိုချခဲ့ပြီး အာရုံဆီသို့ လျှောက်သွားလေသည်။

"သား…ကလေး မဟုတ်ပါဘူး မေမေရယ်…ပြီးတော့ သားဆေးရုံက ဆင်းခဲ့တာလည်း ကြာပြီပဲ။ အိမ်ထဲမှာ ခွေခေါက်ပြီး မနေချင်တော့ဘူး။ ကျန်းမာရေးနဲ့ ညီညွတ်အောင် လေကောင်းလေသန့်လည်း ရှူပါရစေဦး"

"မေမေက စိုးရိမ်လို့ပါ သားရယ်"

"မစိုးရိမ်ပါနဲ့…ဒီမှာ မေမေ့သား ကျန်းမာဝဖြိုး အလှတိုးနေတာမမြင်ဘူးလား"

အာရုံက လက်သီးကိုဆုပ်ပြီး သူ့လက်မောင်းကြွက်သားများကိုပြလေသဖြင့် ရယ်မိကြသည်။ နေခြည်က ကလေးပီပီပင် လှမ်းစလေ၏။

"ဘာလဲ…ကိုကြီး ကေသီပန်တွေ သောက်ထားလို့လား"

"ဟဲ့…သမီး ဒါ…ညည်းပြောရမယ့်စကားလား"

ဒေါ်နုနုက သမီးဖြစ်သူကို လှည့်၍ မာန်မဲလိုက်တော့ အာရုံကအပြုံးမပျက်နှင့်သာ။

"ညီမလေးက ကလေးပဲရှိသေးတာ။ ဘယ်ပြောရင် ဘယ်ရောက်မယ်ဆိုတာ မသိလို့ပါ မေမေရယ်…ခွင့်လွှတ်လိုက်ပါ"

"မိန်းကလေးဆိုတာ နေရာတကာ ပြောလို့ မသင့်တော်ဘူး သားရဲ့…မင်းကသာ ကလေးလို့ပြောတာ၊ ဒီနှစ်ပဲ တက္ကသိုလ်တက်ရတော့မယ်"

အာရုံက နေခြည့်ကို လှမ်းကြည့်လိုက်သည်။ မေမေပြောသလိုပဲ





ညီမလေး ကလေးမဟုတ်တော့တာ အာရုံ ခုမှသတိထားမိ၏။ အမျိုးကြီးအားဖားဖြစ်နေသော နေခြည့်ဟန်ပန်လေးက အလှထိပ်ခေါင်စာရင်းထဲမှာ ပယ်ဖျက်ခြင်းခံရရင်တောင် ယဉ်စစနှင့် မြင်ရသူတို့၏ရင်ကိုနှလုံးစိတ်ဝမ်း အေးချမ်းစေသည့် ရုပ်ရည်ရူပကာမျိုးပါ။

"ညီမလေး"

"ရှင်…ကိုကြီး"

"တက္ကသိုလ်ရောက်ရင် ရည်းစားမထားရဘူးနော်"

"စိတ်ချပါ ကိုကြီးရဲ့…ညီမလေးက ဘွဲ့ရပြီး မေမေနဲ့ကိုကြီးကို လုပ်ကျွေးဦးမှာ"

"အေးပါ…နောက်မှ ဘာဘာညာညာ ကြားလို့ကတော့အသေပဲ"

ဒေါ်နုနုကတော့ သားနှင့်သမီးကို ကြည့်၍ အေးချမ်းကြည်နွေးနေ၏။ လိမ္မာသော သားနှင့်သမီးကို သူမ မွေးရကျိုးနပ်ပါသည်လေ။

"အာရုံရေ"

အသံနှင့်လူ ထပ်တူညီစွာ ရောက်လာသည်က ခွန်းချိုအိတ်ထဲမှာ ချိုင့်တစ်လုံးကို ဆွဲလျက်…

"သမီး…ခွန်းချိုပါလား"

"ဟုတ်တယ် ဒေါ်လေး…ဒီမှာ အာရုံအတွက် ကြက်သားသုပ်ဆိုတာ…နှလန်ထလေး သွားရေယိုနေမှာသိလို့လေ"

"ဒုက္ခရှာလို့ ခွန်းချိုရယ်…စောစောလာပို့ရောပေါ့"

"မြင်လား…ဒေါ်လေး…အာရုံ တော်ကြီးကျနေတာ"



www.burmeseclassic.com

www.burmeseclassic.com



အာရုံက ခွန်းချိုလက်ထဲမှ ချိုင့်ကို ဆွဲယူပြီး ဖွင့်လိုက်သဖြင့် ခွန်းချိုက မျက်စောင်းဝင့်၍ ဆိုလေသည်။ အာရုံက အရေးမစိုက်သလို ပခုံးတွန့်ပြပြီး ကြက်သားသုပ်ကို နှိုက်စားလေသဖြင့်…

"ဟဲ့…ဟဲ့…ဩော်…ဘယ်လိုဖြစ်တာလဲ သားရယ်… လက်မဆေး ဘာမဆေးနဲ့"

"မမခွန်းချို လာပို့တဲ့ ဟင်းမို့လို့ ဣန္ဒြေမဆည်နိုင်ဖြစ်နေတာ နေမှာပေါ့ မေမေရဲ့"

"ကောင်မလေး ဘာတွေလျှောက်ပြောနေတာလဲ"

နေခြည့်စကားလေးက အာရုံ နှလုံးသားကို မစို့မပို့လေး ထိခတ်သွားလေသဖြင့် ရှက်သွေးဖြန်းသွားသော အာရုံတို့ ကြည့်၍ ခွန်းချိုက ရယ်လေသည်။

"အိုးကမပူ စလောင်းကပူမနေစမ်းပါနဲ့ အာရုံရယ်… ကဲ… လာ ငါ ကြက်သားသုပ် ထည့်ကျွေးမယ်"

ခွန်းချိုက အာရုံ့လက်မောင်းကို ကိုင်၍ ဆွဲခေါ်ကာ အိမ်ထဲသို့ ပြန်ဝင်လာခဲ့သည်။ ခွန်းချို ကြက်သားသုပ်တွေကို ပန်းကန်ထဲသို့ ထည့်၍ အာရုံကို ကျွေးလေတော့ အာရုံ ရင်ထဲမှာ နွေးထွေးလို့သား။ ခွန်းချိုကိုယ်တိုင် သူမလက်နှင့် ခွံ့ကျွေးလေသဖြင့် အာရုံ့နှလုံးသားတွေက ကာရံထားသော စည်းရိုးကို ချိုးဖျက်၍ ချစ်ခြင်းဆိုသော နယ်ဘက်ကို ကျူးကျော်ချင်လာပြီ။ သို့သော်လည်း…ဘယ်နေရာမှာမှ ထိတွေ့ဆက်စပ်ဖို့ မဖြစ်နိုင်တဲ့ ဘဝနှစ်ခုကို အာရုံ ဘာကြောင့် စိတ်ကူးယဉ်နေမိပါလိမ့်။





စိတ်ကူးယဉ်တာ ပိုက်ဆံပေးရတာမဟုတ်ပေမယ့် ကိုယ်နှင့် တန်မရာကို မှန်းမိရင် စိတ်ကူးယဉ်တာသည်လည်း ကိုယ့်ကိုယ်ကိုယ် ဖြန့်သတ်မယ့် ဓားတစ်လက်ကို သွေးတာနဲ့ အတူတူပါပဲ။ အာရုံ ခွန်းချို မျက်နှာပေါ်မှ သူ့အကြည့်ကို ရုတ်သိမ်းလိုက်လေလျှင်…

"အာရုံ"

"ဟင်"

"ကိုမာန်က အရမ်းချောတာပဲနော်…ပြီးတော့ ထက်မြက်မယ့် ပုံပဲ…သိလား"

မျက်လုံးကို ပင့်အကြည့် ရင်ထဲမှာ နင့်ကနဲ ဖြစ်သွားရသည်။ ချက်ချင်းပင် ကျောက်ခဲတစ်လုံးကို မျိုချမိသလို ရင်ထဲမှာ ဆို့နင့် လေးလံသွားပြီး လည်ချောင်းထဲမှာလည်း တစ်ခုခု နင်နေသလိုပင်။ စကားလုံးတို့သည် ဘယ်ခြေကစပြီး ဘယ်လမ်းကို လျှောက်ရမှန်းမင် သိတော့။ ပါးစပ်ထဲတွင် ဝါးလက်စ ကြက်သားဖတ်ကလေးကိုပင် အသည်းမျိုချလိုက်ရ၏။

"ကို"

"ဘာဖြစ်တာလဲ အာရုံ…ရေသောက်မလား"

အာရုံ ပြန်မဖြေမီပင် ခွန်းချိုက ရေတစ်ခွက်ပြေးခပ်လေ၏။ အညီ ကြင်နာပြမယ့်အစား မြင်သာတဲ့နေရာမှာပဲ နေပါတော့လား ခွန်းချို ရယ်…

"ရော့…အာရုံ ရေသောက်ချလိုက်"

ချော်လဲရောထိုင်ဆိုသလို အာရုံ ရေခွက်ကို ယူ၍ သောက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရလေသည်။ ထို့နောက် ကြက်သားသုပ်ကို ခွန်းချိုက ထပ်၍ ခွံ့ကျွေး
နိုက် အာရုံက ခွန်းချိုလက်ကို ပြန်တွန်းကာ…

"တော်ပါပြီဟာ"

"ဟင်…နင် စားလို့မကောင်းဘူးလား…အာရုံ"

"ကောင်းပါတယ်…ဗိုက်ပြည့်နေလို့ပါ"

ခွန်းချိုက ပျက်ယွင်းနေသော အာရုံမျက်နှာကို မော့ကြည့်ကာ-

"နင် ဘာဖြစ်သွားတာလဲ"

"ဘာမှမဖြစ်ပါဘူး…ဗိုက်ထဲမှာ မအီမလည်ကြီး ဖြစ်သွားလို့ ဘာမှမဖြစ်ဘူး…ဟဲ…ဟဲ"

အာရုံ ပျက်ယွင်းနေသော မျက်နှာကို ပြုပြင်ရင်း မျက်နှာချို နသွားလိုက်သည်။ ဝေဒနာကို မကြေညာချင်ပါဘူးလေ။ လူတိုင်းအ သွယ်အကျိုးပေးနဲ့သူပဲဟာ။ ခွန်းချို မာန့်ကို စိတ်ဝင်စားလည်း သူ မနာလို စရာအကြောင်း မရှိသင့်ပါ။ ဘဝအကျိုးပေး နုံချာလွန်းသော ကိုယ့် ကံကြမ္မာကိုသာ ကျိန်ဆဲပစ်လိုက်ချင်၏။

"ဒါဆို ကြက်သားသုပ်တွေ ဒေါ်လေးနဲ့နေခြည့်အတွက် ထ ထားခဲ့မယ်"

အာရုံ ခေါင်းညိတ်ပြလိုက်ရုံသာ။ သူ့မှာ ပြောစရာစကား မရှိတော့ပဲလေ။

"ငါ့ကို ပန်းလိုက်ခူးပေးဦးလေ အာရုံရဲ့"

"ခွန်းချိုရယ်…ပြောနေစရာလား။ ငါ့ခြံထဲက ပန်းမှန်သမျှ နင် ကြိုက်တာကို ခူးခွင့်ပေးထားတာပဲ…ခူးသွားလေ"





"မတူဘူးလေ…ငါက နင်ခူးပေးတဲ့ပန်းကိုပဲ လိုချင်တာ… အဲဒါမှ ဘုရားတင်တဲ့အခါ ပန်းစိုက်တဲ့ နင်နဲ့ ပန်းလှူတဲ့ငါက နောင် ဘဝမှာ ခုလိုသူငယ်ချင်းအဖြစ်နဲ့ ရေစက်ဆုံမှာပေါ့"

နောင်ဘဝမှာ ဆုံချင်သေးသတဲ့လား။ ဒါဆိုရင် အာရုံကလည်း ဆုတောင်းလိုက်ချင်ပါသည်။ ဘဝဆက်တိုင်းဆက်တိုင်း လူ့ဘဝဆိုတာ ကို ရခဲ့ပါလျှင် သူနှင့်ခွန်းချို၏ ဘဝနှစ်ခုကို ညီမျှခြင်းချလို့ တန်းတူ ညီမျှရပါစေသားလို့ပေါ့။ ဒီဘဝမှာ မညီမျှခဲ့လို့ တန်ဖိုးဖြတ်လို့ မရတဲ့ ဆွေးမြားကို ကိုယ့်လည်မှာဆွဲခွင့်ကြုံမှာ မဟုတ်ပါဘူးလေ။

အိပ်မက်ထဲမှာတောင် ယောင်လို့မမက်ရဲတဲ့ ပန်းသဇင်တစ်ခက် ကို ဘယ်ရွှေနှန်းရှင်ကိုများ ဆက်သရဦးမယ်ဆိုတာ မသိနိုင်တော့…

"အာရုံ"

"………"

"ငါ ပြောတာ နင် ကြားရဲ့လား"

"ကြားပါတယ်…ငါ ခူးပေးရင် နင် ဘာပန်းပဲဖြစ်ဖြစ် ထယ်ယူမှာလား"

"အင်း…ယူမှာပေါ့"

"ဒါဆို ငါ ဟိုပန်းခူးပေးမယ်"

"ဘယ်ပန်းလဲ…အာရုံ"

"ခွေးချေးပန်း"

"ဟင်…ငါက အဟုတ်မှတ်လို့ နားထောင်နေတာ ခွေးကောင် ဒီပန်းကို နင်ပဲပန်"



www.burmeseclassic.com

www.burmeseclassic.com



ခွန်းချို ပါးစပ်ကလည်းပြော၊ လက်ကလည်း အာရုံခေါင်းကို ခေါက်ကာနဲ့ ခေါက်ပြီးသား ဖြစ်သွားလေသည်။ ဒါ စိတ်ဖြေစရာတစ်ခု ပဲမဟုတ်လား။ ခေါင်းကိုပဲခေါက်ခေါက်။ ကျောကိုပဲရိုက်ရိုက် နောက်ဆုံး ဓားနဲ့ထိုးမယ်ဆိုရင်တောင် အာရုံဆိုတဲ့ကောင်က ရင်ကော့ ပေးမယ့်ကောင်ပါ ခွန်းချိုရယ်…။

၈၈၈





## အခန်း (၁၁)

ကိုယ်တိုင်သိတဲ့အသိ တစ်ချိုတစ်ဝက်နဲ့ မလုံလောက်တဲ့ ဘဝ အခိုက်ကို×××တည်ဆောက်ဖို့ကြိုးစားရင်း×××ငါ့အချိန်တွေ တဖြည်း ဖြည်း ပွဲကြွေလာ×××ဒဏ်ရာများနဲ့ ရင်းပြီးချစ်တဲ့အချစ်တွေ အခြေ အနေမတူတဲ့အခါ×××မျှော်လင့်သောဘဝတစ်ခုဟာ အစိတ်စိတ် ကြေတာ××××

မာန်ရဲ့ခြေလှမ်းတွေ ရပ်တန့်သွားလေသည်။ သီချင်းသံက ဆိုနေတဲ့ သီချင်းသံမို့ ရပ်ပြီးနားထောင်လိုက်မိတာလေ။ မာန်က ကိုယ်တိုင်သာ သီချင်းမဆိုတတ်တာ။ သူများဆိုတာ နားထောင်ရခြင်း ကိုတော့ ကြိုက်သည်လေ။ အခုလည်း အာရုံ သီချင်းသံကို နားထောင် နေမိ ပြုံးလိုက်မိ၏။ ဒီကောင် သီချင်းဆိုကောင်းသားပဲလို့လေ။



www.burmeseclassic.com

www.burmeseclassic.com



နင် ကျေနပ်ဖို့ဆိုရင် ဘာမဆိုအဆင်သင့်ပါ×××ငါလိုက်လျော ပေးမှာပါ…ငါပိုင်တဲ့ဘဝတစ်ခုကို ပေးဆပ်ရင်းနဲ့×××နင်စေရင် သွားဆိုထွက်သွားမှာပါ×××ဘာမဆို နင်ခိုင်းတဲ့အတိုင်းလုပ်မှာပါ××× သေဆိုရင်လည်း ငါသေဖို့အသင့်ပါ×××အရာရာဟာ မင်းရဲ့သဘော အတိုင်းပါကွာ×××နင်လိုရင် ဘဝတစ်ခုလုံးပေးမှာပါ…နင်မလိုရင် တော့ငါဟာ အလိုက်တသိ ထွက်ခွာ×××

အာရုံက သီချင်းထဲမှာ နစ်မျောနေလို့ မာန့်ကို မမြင်ပေမယ့် မာန်ကတော့ ခြေလှမ်းတွေ စတင်ရွေ့လျားကာ အာရုံအနားသို့ ရောက် လေလျှင်…

"ဖြောင်း…ဖြောင်း…ဖြောင်း"

"ဟင်"

လက်ခုပ်သံကြောင့် အာရုံ ဖျတ်ကနဲ မော့ကြည့်လိုက်တော့…

"မာန်"

"မင်းက သီချင်းဆို တော်တော်ကောင်းတာပဲ။ စီးရီးထုတ်ရင် အောင်မြင်နိုင်တယ်"

အာရုံက မာန် ဝင်ထိုင်လို့ရအောင် ထိုင်ခုံအစွန်းဘက်သို့ ရွှေ့ပေး ရင်း ပြုံးလေသည်။ စီးရီးထုတ်ဖို့မပြောနဲ့၊ ကိုယ့်မှာက ဆီးသီးသုပ်စား ဖို့တောင် စဉ်းစားချင့်ချိန်နေရလောက်အောင် စီးပွားရေးက ချို့တဲ့သည် လေ။ မိသားစုဝမ်းစာအတွက်တောင် ခြံထဲမှာ ပန်းတွေနဲ့ အသီးအရွက် တွေ စိုက်ပျိုးစားနေရတာမဟုတ်လား။

မာန်ကတော့…





အာရုံ့ဘေးမှာ ဝင်ထိုင်ရင်း စိတ်ကူးထဲမှာ အာရုံအတွက် တစ်ခုခုကို စဉ်းစားမိလိုက်သည်။ အာရုံကို တစ်နေ့ရာရာမှာ ထူးချွန် အောင်တာ မာန့်ရဲ့စေတနာပါ။ ဒီကောင့်ကို ဆေးရုံမှာ သွားကြည့်ခဲ့ရင်း ရင်ထဲမှာ ရင်းနှီးသလို ခံစားလာခဲ့ရတာလေ။ မိုက်နဲ့သိုက် ပြောတာ တော့ မာန်နဲ့အာရုံက ရုပ်ချင်းတူနေသလိုပဲတဲ့။ ဒါကြောင့်ပဲ ခင်မိတာ သားတော့ မပြောတတ်တော့ပါဘူး။

"တို့…တကယ်ပြောတာနော် မာန်…မင်းနဲ့အာရုံက ရုပ်ချင်း တော်တော်ဆင်တာကွ။ အမြွာဆိုရင် ယုံလောက်တယ်။ မြန်းကနဲဆိုရင် တော့ တူမှန်းမသိသာဘူး။ ဆံပင်ပုံနဲ့ ဝတ်စားဆင်ယင်မှု ကွာခြားတာ ကြောင့်ပါ။ ပြီးတော့ မင်းက ပိုနုတယ်၊ မဟုတ်ရင် တော်တော်တူ မှာကွ"

လို့ ပြောခဲ့ကြတာကို ကြားယောင်ပြီး အာရုံ မျက်နှာကို ကြည့်လိုက်တော့…

"ငါ သီချင်းဆိုတာ တော်တော်ကောင်းလား မာန်"

"ဟာ…ကောင်းတာပေါ့၊ အသံကို ငြိမ်နေတာပဲ။ စီးရီးသာ ထုတ်လို့ကတော့ ပေါက်မှာကျိန်းသေပဲ။ ရုပ်ကလည်း ချော၊ အသံ ကလည်း ကောင်းဆိုရင် အိုကေပဲ"

မာန်က လက်မထောင်၍ ပြောလေတော့…

"မင်း လက်မကို ထောင်မနေစမ်းပါနဲ့ကွာ…ငါ့မှာ စီးရီးထုတ် ဖို့မပြောနဲ့၊ ဆီးသီးသုပ်ဝယ်စားဖို့တောင် ပိုက်ဆံမရှိဘူး"

"မင်းကလည်း ပြောလိုက်တာ ကိစ္စတုံးမဲ့။ မင်းမှာမရှိပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ငါ့မှာ ရှိတယ်လေကွာ"

"ဟင်"

အကြည့်ချင်းဆုံသွားကြတော့ မာန့်မျက်ခမ်းက ယုံကြည်မှုအပြည့်နှင့် ပြုံးနေပုံပါ။ အနီးကပ်ကြည့်မိပြီး အာရုံ စိတ်ထဲမှာ တစ်ခုခုကို သံသယဝင်မိသလိုပါပဲ။ မဖြစ်နိုင်ပါဘူး။ အချို့က ရှေးဘဝမှာ ဆုတောင်းကောင်းခဲ့လို့ ခုဘဝမှာ ရုပ်ချော၊ ဥစ္စာပေါဖြစ်နေတာ ဘာဆန်းတာမှတ်လို့။

"အာရုံ"

"ဟင်"

"မင်းအသံကို အချေကြမ်းသွင်းကြည့်ရအောင်ကွာ"

"ငါ့မှာ"

"မင်း ဘာမှတွေးပူမနေနဲ့၊ အစစအရာရာ ငါ ကူညီမယ်"

"မင်း တကယ်ပြောတာလား မာန်"

"တကယ်ပေါ့ကွ…ငါ မင်းကို ကူညီမယ်ဆိုတာ မင်းကို ခင်လို့၊ ပြီးတော့ မင်းရဲ့အသံနဲ့အဆိုအပေါ်မှာ ယုံကြည်မှုရှိလို့ပေါ့ကွ"

"မာန်"

အာရုံက မာန့်လက်ကို ဆုပ်ကိုင်လိုက်ပြီး…

"ငါ ဝမ်းသာလိုက်တာ မာန့်ရာ…မင်း ကျေးဇူးကို ငါ မမေ့ပါဘူး…တကယ်ပါ"

"မင်း စိတ်ချပါ…ယုံကြည်မှုဆိုတာ အောင်မြင်မှုရဲ့လမ်းစပဲ အာရုံ"





အာရုံ မာန့်ကားနဲ့ အတိုက်ခံရမလိုဖြစ်တာ ဘုရားက ဖန်ဆင်းပေးတဲ့ ကောင်းခြင်းအစလားတော့ မသိပေ။ အခုပဲ ကိုယ်မမှန်းနိုင်တဲ့ အရာတစ်ခုကို မာန်က ဖန်ဆင်းပေးတော့မယ်တဲ့။

ꩩꩩ



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

မာန့်စိတ်ထဲမှာ အာရုံအရေးကိုပဲ တွေးနေမိသည်။ အာရုံရဲ့ရှေ့ရေး အလားအလာက အာရုံဦးကနေ နေရောင်ခြည်တွေစပြီး ဖြာထွက်လာစေဖို့ မာန် ကူညီမှဖြစ်မှာပါ။ ဒါကြောင့် မာန် ဖုန်းကိုထုတ်လိုက်ပြီး နံပါတ်တွေကို နှိပ်လိုက်လေလျှင်…

"တူ…တူ…"

"……….."

"တူ….တူ"

တစ်ဖက်က ဖုန်းကိုင်သံကို ကြားလိုက်ရပြီးနောက်…

"ဟယ်လို…အမိန့်ရှိပါခင်ဗျာ"





"အန်ကယ်လ် ဦးခင်ညိုလားခင်ဗျာ…ကျွန်တော် မာန်မာနပါ"

"မာန်လား…ပြော…သား…အန်ကယ်လ်ပါ"

"သြော်…အန်ကယ်လ် ကျွန်တော် အန်ကယ်လ်နဲ့ ဆွေးနွေးစရာလေးရှိလို့ပါ"

"အထူးအခေါ်နီးပါလား…ပြောလေ…အန်ကယ်လ် ဘာကူညီရမလဲ"

"ကျွန်တော် စီးရီးတစ်ခွေလောက် ထုတ်ကြည့်ချင်လို့…အဲဒါ အန်ကယ်လ် ကူညီပါနော်"

တစ်ဘက်မှ ရယ်သံသဲ့သဲ့ကို မာန် ကြားလိုက်ရ၏။

"အန်ကယ်လ် ကူညီနိုင်မလား၊ ကျွန်တော် အရင်းအနှီးထုတ်ပေးမှာပါ"

"သားရယ်…အန်ကယ်လ်တို့က မိသားစုတွေပဲဟာ…ငွေရေးကြေးရေး ပြောစရာမလိုပါဘူး။ ဘာလဲ…သား ဆိုမှာလား"

"မဟုတ်ဘူး အန်ကယ်လ်… ကျွန်တော့်သူငယ်ချင်း တစ်ယောက်ပါ"

မာန် အကူအညီတောင်းလိုက်တာက လှိုင်းထက်ဝေးသီချင်းမှ ထုတ်လုပ်သူ ဦးခင်ညိုပါ။ ဦးခင်ညိုက ဒက်ဒီ့သူငယ်ချင်းမို့ မာန့် တောင်းဆိုမှုကို ငြင်းမှာတော့မဟုတ်ပေ။ ပြီးတော့ မာန်က အရင်းအနှီး ထုတ်ပေးမှာဆိုတော့လေ…

"ကျွန်တော် သူ့ကို အခွေကြမ်းလုပ်ပေးပြီး အန်ကယ်လ်ဆီ နားထောင်ကြည့်လေ။ သူ့အသံက ငြိမ့်တယ်။ အောင်မြင်မယ်လို့ယုံသည်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ယုံကြည်လို့ပါ”

“မာန်က ယုံကြည်တယ်ဆိုရင် အန်ကယ်လ်လည်း ယုံကြည်ပါတယ်။ မာန်က တော်ရုံလူကို ချီးမွမ်းတာမှမဟုတ်တာ”

“ကျေးဇူးပဲ…အန်ကယ်လ်၊ ဒါဆို ကျွန်တော် အန်ကယ်လ်ဆီ လာခဲ့မယ်လေ”

“ကောင်းပြီ…သား…ဒါပဲလား”

“ဒါပဲ အန်ကယ်လ်…ကျေးဇူးပဲနော်”

မာန် ဖုန်းလေးကို ကြည့်ပြီး ပြုံးနေသဖြင့် မိုက် နားလည်ရခက်သွားလေသည်။ ဒီကောင် ဘာတွေ အရှုပ်ထနေပါလိမ့်။

“မာန်”

“ဟင်”

“မင်း ဘာတွေလျှောက်လုပ်နေတာလဲ”

မာန် ဟက်ကနဲ ရယ်ကာ…

“ဘာဖြစ်လဲကွာ…ကြိုတင်ပြင်ဆင်မှုပေါ့၊ ငါ အာရုံဆီ သွားကြည့်လို့ သူ မလုပ်ဘူးဆိုတော့လည်း အစီအစဉ်ကို ဖျက်သိမ်းလိုက်ရုံပဲ…ဘာဆန်းတာမှတ်လို့”

မိုက် ခေါင်းထဲသို့ အတွေးတစ်ခု ဝင်ရောက်လာလေ၏။ အာရုံနဲ့ ပတ်သက်ပြီး မာန့်ရင်ထဲမှာ ဘာတွေဖြစ်နေတာလဲ။

“မင်း စိတ်မဆိုးဘူးဆိုရင် ငါ တစ်ခုလောက် မေးချင်တယ် မာန်”

“မင်းနဲ့ငါ့ကြားမှာ ပြောစရာမလိုဘူးထင်တယ်”





“ဒါဆို ငါ မေးမယ်နော်”

“ကဲ…မေးကွာ”

မိုက်က မာန့်မျက်နှာကို အကဲခတ်သလိုကြည့်ရင်း…

“မင်း…အာရုံကို စိတ်ဝင်စားနေတာလား”

မာန့်မျက်နှာက ချက်ချင်းပင် တည်သွားလေ၏။ မိုက်နေရာမှာ အခြားတစ်ယောက်သာဆိုရင် မာန့်လက်သီးက ထိန်းချုပ်၍ရမှာ မဟုတ်ပေ။

ခုတော့ စိတ်ကို ထိန်းရင်း…

“မှန်တယ်…ဒါပေမယ့် ငါ အာရုံကို စိတ်ဝင်စားတာ တပ်မက်ခြင်းမျိုးမဟုတ်ဘူး။ ညီအစ်ကိုလို၊ သူငယ်ချင်းလို ငါနဲ့ အကြိုက်ချင်းတူတာကို စိတ်ဝင်စားတာ၊ မင်း သိထားဖို့က မာန့်မာန ဆိုတာ ထာဝရယောကျ်ားပဲ။ ငါ့ဘဝမှာ တစ်ထောင့်ငါးရာ မေတ္တာ ဆိုတာ နှလုံးသားထဲကို ခိုဝင်ကိန်းအောင်းလာခဲ့ရင် ငါ ချစ်မှာက မိန်းကလေးပဲ မိုက်”

မိုက် ခေါင်းငုံ့၍ ကျသွားလေသည်။ သူ မှားသွားပြီ။ တကယ် ဆို သူ မထင်သင့်ပါ။ မာန်က မိန်းကလေးဘဝ အလွန်မုန်းသောသူ ပါ။ ကိုယ်တိုင်က မိန်းကလေးဖြစ်နေပေမယ့် သူ့ကိုယ်သူ ယောကျ်ား လို့ ခံယူထားသူပင်။ ထို့ကြောင့် မိန်းမနှင့်ပတ်သက်သည့်အရာဆို ဘာတစ်ခုမှ မလုပ်ခဲ့။ မာန်မာနဂေဟာမှာရှိတဲ့လူတွေကလွဲရင် မာန် မိန်းကလေးဆိုတာ ဘယ်သူမှ မရိပ်မိကြပါ။ ယောကျ်ားနဲ့တူအောင် ခိုက်ချက်ဖိုက်ချက်က တကယ့်ယောကျ်ားတွေထက် သာ၏။ လူဆန်း



www.burmeseclassic.com

www.burmeseclassic.com



သည်က မိန်းမစိတ်ပျောက်နေ၍လားမသိ။ မိန်းမပါဟု ရိပ်မိမှာ ကြောက်ရွံ့စွာ လည်ပင်းက လည်စေ့လုံးလုံးလေးကပင် မာန့်စိတ်ကို ကြောက်၍ဖြစ်မည်။ မာန့်လည်ပင်းထဲမှာ ပုန်းကွယ်မနေရဲဘဲ အပြင်သို့ မသိသာ စူထွက်ပေးနေရ၏။ ဒါကြောင့် ဘယ်သူကမှ မိန်းကလေးပါဟု မထင်ခဲ့ခြင်းပါ။

မိုက်နှင့်သိုက်ပင်လျှင် မာန့်ကို တကယ့်ယောကျ်ားအဖြစ်ပဲ စိတ်မှာထင်နေမိ၏။ ထို့ကြောင့် မိန်းကလေးတစ်ယောက်အဖြစ် စိတ်ဝင်စားခြင်း၊ စိတ်ဖောက်ပြန်ခြင်းကို လုံးဝ အလျဉ်းမရှိခဲ့ပါ။

"ဆောရီးပဲ မာန်…ငါ မှားသွားတဲ့အတွက် မင်း အပြစ်ပေးမယ်ဆိုရင် ငါ ခံပါ့မယ်"

"ဒီတစ်ကြိမ်တော့ ငါ ခွင့်လွှတ်လိုက်မယ် မိုက်…နောက် တစ်ကြိမ် ဒီလိုစကားမျိုး မင်းပါးစပ်က မထွက်မိအောင် ကြိုးစား"

"ငါ ကတိပေးပါတယ် မာန်"

မိုက်ရော မာန်ပါ အတန်ကြာအောင် ငြိမ်သက်သွားကြပြီး မိုက် မျက်နှာချိုပြန်သွေးဖို့ ကြိုးစားရသည်။ မာန်မျက်နှာ ပြေလျော့သွားချိန်တွင်…

"မာန်"

မာန်က ပေစောင်းစောင်းနှင့် ပြန်ကြည့်လေ၏။

"နှုတ်ခွန်းချိုက တော်တော်လှတယ်နော်…မင်းကိုလည်း စိတ်ဝင်စားပုံရတယ်"

"လာဖောမနေနဲ့ မိုက်…မင်းအပြစ်ကို နှုတ်ခွန်းချိုနဲ့ ဖုံးကွယ်





လို့ရမယ် ထင်နေလား"

"တကယ်ပြောတာပါကွာ…ဒီတစ်ခါ နှုတ်ခွန်းချိုနဲ့တွေ့ရင် မယုံကြည့်လိုက်…သူ မင်းကို ကြည့်တဲ့မျက်လုံးတွေက မရိုးဘူး"

"ဘာလဲ…စောင်းနေလို့လား"

"ပြောရက်လိုက်တာ…မင်းမှာ နှလုံးသားမရှိဘူးလား"

မိုက်က မခံနိုင်သလို ရှုံ့မဲ့၍ ပြောလေတော့ မာန် ရယ်မိသွားလေ၏။ တကယ်တော့ မာန် သိတာပေါ့။ ခွန်းချို သူ့ကိုကြည့်တဲ့ မျက်လုံးလေးတွေထဲမှာ စိတ်ဝင်စားမှုတွေ စီးဝင်နေမှန်း မာန် သိတာပေါ့။ မာန်လည်း ခွန်းချိုဆိုတဲ့ အလှဘုရင်မလေးကို မျက်ဝန်းထဲမှာ သိမ်းမှတ်ထားသလိုဖြစ်ခဲ့တာ ဘယ်သူသိနိုင်မှာလဲ။ မာန် စဉ်းစားနေတာက သဘာဝချင်းတူညီနေတဲ့ ပန်းတစ်ပွင့်ကို သူ ပန်ဆင်ဖို့သင့်ပါ့မလား။ မာန်…မိုက်ပခုံးကိုပုတ်ကာ…

"အလကား နောက်တာပါကွာ…တကယ်တော့ ငါလည်း ခွန်းချိုကို စိတ်ဝင်စားပါတယ်"

"မင်း တကယ်ပြောတာလား"

မာန် ခေါင်းညိတ်ပြလေတော့ မိုက် ကျေနပ်သွားဟန်ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

"မေမေ…မေမေရေ သား ပြန်လာပြီ…ညီမလေးရေ"

အာရုံအသံက ခြံတစ်ခြံလုံးကို လွှမ်းမိုးသွားလေ၏။ အာရုံ ဝမ်းသာနေတာမြင်ရတော့ ခွန်းချိုလည်း အတိုင်းမသိပါပဲ။

"မေမေ"

"ဟော…မေမေ ကိုကြီးတို့ ပြန်လာပြီ"

"မေမေ…ညီမလေး"

အာရုံ မိခင်ကို ဝမ်းသာအားရ ပြေးဖက်လိုက်လေ၏။

"သား"

"မေမေ…မေမေ့သား အခွေကြမ်းအတွက်တော့ အောင်မြင်သွားပြီဗျ"





"ဟယ်…မေမေ ဝမ်းသာလိုက်တာ သားရယ်"

"ဟေး…ဒါမှ တို့ကိုကြီးကွ"

ဒေါ်နုနု ဝမ်းသာလွန်း၍ မျက်ရည်များပင်ကျရသလို နေခြည်က သည်း လက်ခုပ်ကလေးတီးလို့ အာရုံ ခါးကိုဖက်ကာ ပျော်နေရှာသည်။ တကယ်ဆို သူတို့မှာ ဘာမှနားမလည် မသိခဲ့ရသော်လည်း အန် ဖုန်းဆက်ပြီးပြောလို့ သိပြီးပါပြီ။ သတင်းသာကြားပြီး ပျော်ရသည့်အရသာနှင့် လူကိုယ်တိုင်ပြန်လာလို့ ပျော်ရသည့်အရသာက ဘယ်တူပါ့မလဲလေ။

"အဖြစ်သည်းနေလိုက်ကြတာ…ခွန်းချိုကိုလည်း သတိရကြဦး"

"ဩော်…ဟုတ်သားပဲ၊ ဒေါ်လေး အပျော်လွန်သွားလို့ပါ သမီးရယ်…ခွင့်လွှတ်ပါနော်"

"အဲဒါ…ကိုမာန့်ကို ကျေးဇူးတင်ရမယ် သိလား"

နေခြည်က ခွန်းချိုကို တစ်ဖန် ပြေးဖက်ရင်း ဆိုလေသည်။ မိသားစုကလေးမှာ ဆင်းရဲတာကလွဲရင် စိတ်ညစ်စရာဆိုတာ မရှိသလောက်ပင်။ တစ်ဦးနှင့်တစ်ဦး အလွန်ချစ်ခင်ကြပြီး နားလည်မှုရှိသော မိသားစုလေးပါ။

"ဟော…အမေက ဘာဖြစ်လို့ ငိုရပြန်တာလဲ"

ဒေါ်နုနု မျက်ရည်တွေ သုတ်နေသဖြင့် အာရုံက မေးလေခြင်းပါ။ ဒေါ်နုနု သားအတွက် စိတ်မကောင်းဖြစ်သွားလေခြင်းပင်။ အခုလိုဖြစ်ချင်ရှာသော သားကို သူမမှာသာ ပိုက်ဆံရှိခဲ့ရင် ချက်ချင်းပင်



www.burmeseclassic.com

www.burmeseclassic.com



အဆိုတော်ဖြစ်အောင် ငွေတွေပုံအောပြီး ပေးလိုက်ချင်ရဲ့။ ကူညီနိုင်တဲ့ သူရှိပေမယ့် အဖြစ်မှန်ကိုသာ ဖွင့်ပြောလိုက်ရင် သူမ သားကို ဆုံးရှုံးရမှာ။

သူမ…

သားကို အရမ်းချစ်သည်။ ဘယ်တုန်းကမှလည်း ခွဲခွာဖို့ စိတ်ကူးမရှိခဲ့ပါဘူး။

“မေမေ”

“မေမေ…ဘာမှမဖြစ်ပါဘူး သားရယ်…သားဖြစ်ချင်တဲ့ အဆိုတော်ဖြစ်အောင် မေမေက လုပ်မပေးနိုင်လို့ စိတ်မကောင်းဖြစ်ရတာပါ”

“ဒါနဲ့များ မျက်ရည်အကုန်မခံစမ်းပါနဲ့ မေမေရာ…သား ယောက်ျားပါ၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်တယ်၊ ကြိုးစားလို့ ရနိုင်ပါတယ်။ ကံကြမ္မာက သနားရင် ဖြစ်လာမှာပေါ့”

အာရုံက ဖြေသိမ့်စကားဆိုလိုက်၏။ မေမေ မျက်ရည်ကျတာကို သူ မကြည့်ရက်ပါ။ သူ့ဘဝမှာ မေမေသာ ပထမ၊ မေမေသာ ဒုတိယပါလေ။

“သိပ်အားမငယ်ပါနဲ့ ဒေါ်လေးရယ်…ခွန်းချိုလည်း ရှိနေတာပဲ…တတ်နိုင်သလောက်တော့ ခွန်းချို ကူညီမှာပါ”

“ဟုတ်သားပဲ…မေမေရဲ့…ကိုကြီး စိတ်မကောင်းအောင် မလုပ်ပါနဲ့၊ ကိုကြီးရောဂါက…အဲ”

လွတ်ကနဲ ထွက်သွားပြီးမှ နေခြည် သူမပါးစပ်ကို လက်နှင့်ပိတ်လိုက်မိ၏။ ဒေါ်နုနုလည်း စိုးရိမ်ထိတ်လန့်ဟန်နှင့် နေခြည့်ကို ငေးကြည့်လိုက်၏။ အာရုံကို သူ့ရောဂါအကြောင်း မသိစေချင်ပါ။ ဆရာဝန်၏ပြောကြားချက်အရ နှလုံးရောဂါသည်လေး အာရုံကို အထူး ဂရုစိုက်ပါတဲ့။ ဝမ်းသာလွန်း၊ ဝမ်းနည်းလွန်း၊ စိတ်ထိခိုက်လွန်းတာ တွေဖြစ်ခဲ့ရင် အချိန်မရွေး အသက်အန္တရာယ် ရှိနိုင်သည်တဲ့။

ရောဂါပျောက်ကင်းဖို့ဆိုတာက နှလုံးအစားထိုးကုမှ ရနိုင်မည်။ ဒီအကြောင်းတွေကို အာရုံသာသိလျှင် စိတ်အားငယ်သွားမှာကို ဒေါ်နုနု အလွန်စိုးရိမ်ပါသည်လေ။

“နေခြည်ကလည်း အာရုံရောဂါက ဘာဖြစ်လို့လဲ။ ခုခေတ်ထဲမှာ ဆေးဝါးတွေက ပေါပေါ့…ပြီးတော့ ဒီဆင်ကိုးစီးစားလို့ မကုန်တဲ့ ခန္ဓာကိုယ်ကြီးက ရောဂါသည်ဖြစ်နိုင်မလား”

“ဟုတ်တယ်လေ သမီးရဲ့…နှလုံးရောဂါရှိတာလေးများ ပြောနေစမ်းပါနဲ့။ အချို့ နှလုံးရောဂါသည်တွေ အသက်ခုနစ်ဆယ် ရှစ်ဆယ်အထိ အသက်ရှည်နေတာ ဘယ်လိုလုပ်မလဲ။ ခုခေတ်မှာ ငယ်ငယ်လေးတွေနဲ့ အသေမြန်တာ ကားအက်စီးဒင့်ဖြစ်တာတို့ HIV ပိုးရှိတာတို့မှ အသေမြန်တာ။ သမီးအစ်ကိုက ခြောက်ပြစ်ကင်းသဲ့ထဲ ခင်လေ”

ဒေါ်နုနုနှင့်ခွန်းချို၏စကားလုံး ဖလေးမှုတွေနောက်မှာ အာရုံ မျက်နှာလေးက ရေထိပန်းကလေးတစ်ပွင့်နှယ်။

“သား အားမငယ်တတ်ပါဘူး မေမေရယ်…လူဆိုတာ [illegible] အသက် ဘယ်လောက်ရှည်မယ်လို့ ခန့်မှန်းလို့မရပေမယ့် ထွက်[illegible]







www.burmeseclassic.com

www.burmeseclassic.com



ဝင်သက် မှန်မှန်ရှူနေနိုင်သေးတဲ့ကာလမှာတော့ လူ့ဘဝဆိုတာကို အစိမ့်မှာယ်ရှိရှိပဲ ဖြတ်သန်းရမှာပေါ့"

စကားကြွယ်သော သားဏ်ပါးပြင်လေးကို မွှတ်သပ်ပေးကာ ဒေါ်နုနုမှာဖြင့်…

"ငါ့သားက စကားတွေတတ်နေပါလား…ဘယ်သူ သင်ပေးထားလဲ…မေမေ့ကို ပြောစမ်း"

"သားတို့ ဖြတ်သန်းခဲ့ရတဲ့ ဘဝပေးသင်ခန်းစာပေါ့ မေမေ"

"သားရယ်"

ဒေါ်နုနုရင်ထဲမှာ လှိုင်းတံပိုးတွေ ရိုက်ခတ်ခြင်းခံရသည့် ကျောက်ဆောင်တစ်ခုသို့နှယ်။ ရင်ထဲမှာ နာကျင်သွားရ၏။ အမှန်ဆိုရင် အေးချမ်းတဲ့ သားဘဝလေးကို ဖျက်ဆီးခဲ့တာ သူမကိုယ်တိုင်ပါ။ သောင်ပြင်မှာ ငြိမ်းချမ်းစွာ ရွေ့လျားနေသည့် ခရုငယ်လေးကို ချစ်ခြင်းတို့ ဖောကပ်၍ ရေလှိုင်းနှင့် အပြေးပိုက်စေကာ အခွေးဒိုက်ထဲကို ခေါ်လာခဲ့မိသည့် သူမအပြစ်တွေပါ။

"ကဲပါ…ဒေါ်လေးရယ်…ခရီးပန်းလာတဲ့သူတွေကို ဒီလိုပဲ မတ်တတ်ကြီးတွေ ထားတော့မှာလား"

ခွန်းချိုက မှုန့်နှဲ့နှဲ့လေးဆိုတော့မှ ဒေါ်နုနု ခွန်းချိုကို အားနာသွားမိ၏။

"ဟုတ်သားပဲ…လာ…သမီး မပြန်ခင် အထဲဝင်ထိုင်ဦး။ ဒီနေ့ ဒေါ်လေး သားကြိုက်တဲ့ ငါးဆုပ်ချဉ်ဟင်းနဲ့ ငါးပိထောင်းလုပ်ထားတယ်"





အာရုံက ဗိုက်ကိုပွတ်ရင်း…

"ဟား…ထမင်းတောင် ဆာလာပြီ"

"လာ…သမီး…စားသွားလေ"

"မစားတော့ဘူး ဒေါ်လေး…ခွန်းချို ပြန်တော့မယ်၊ အာရုံကိုပဲ သွားပို့နှင့်အောင် ကျွေးလိုက်တော့"

ခွန်းချို နှုတ်ဆက်ပြီး ပြန်သွားလေတော့မှ မိသားစုသုံးယောက် အိမ်ထဲသို့ ဝင်ခဲ့ကြသည်။ အာရုံက ချဉ်ဟင်းနံ့မွှေးမွှေးလေးကို ရှူရှိုက်ပြီး လွယ်အိတ်ကို ပစ်ချကာ ထမင်းဝိုင်းသို့ တန်းဝင်လေလျှင်…

"ဟယ်…သား…ရေအရင်ချိုးလိုက်လေကွယ်"

"မချိုးတော့ဘူး မေမေ…မေမေ ချက်တဲ့ချဉ်ဟင်းနံ့က သားရဲ့ စိတ်ကို လန်းဆန်းစေပြီးသား"

"ဟင်း…မအေကို မြှောက်နေတယ်၊ ကဲ…စား…စား"

ဒေါ်နုနု မြိန်ရေရှက်ရေ စားနေသော သားကို ကြည့်၍ ဝီတီတွေ ဖြစ်နေရ၏။

"တီ…တီ"

အပြင်မှ ကားဟွန်းတီးသံကြားရသဖြင့် အားလုံး ခေါင်းထောင်သွားကြလေသည်။

"အပြင်က ကားဟွန်းတီးသံကြားတယ် ကိုကြီး"

အာရုံက စားလက်စ ထမင်းလုတ်ကို ဝါးရင်း…

"ဘယ်သူတွေပါလိမ့်"

"မေမေ သွားကြည့်လိုက်မယ်…သား"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စရာမလိုပါဘူး ဒေါ်လေးရဲ့…ချော့သည်က အိမ်ထဲ အထိကိုပဲ ဝင်လာပြီ"

"မာန်"

မာန်က ခပ်ဖြည်းဖြည်း လျှောက်လာပြီး အာရုံ စားနေသည့် ထမင်းပွဲရှေ့မှာ ထိုင်လိုက်ကာ…

"ချဉ်ဟင်းနံ့က မွှေးနေတာပဲ"

"ဟုတ်သားပဲ…သားလည်း ချဉ်ဟင်းနဲ့ငါးပိထောင်း ကြိုက်တယ်လို့ ဒေါ်လေးကို ပြောဖူးတယ်။ တစ်ခါတည်းသာ စားသွား"

ဒေါ်နုနုက စကားလမ်းကြောင်းလိုက်သည်နှင့် နေခြည်က မာန့်အတွက် ထမင်းခူးပေးလေသည်။ မာန် မငြင်းမိပါ။ သည်အိမ်သည် သူနှင့်စိမ်းသက်မနေဘဲ တကယ့်မိသားစုလို သူ စိတ်ထဲမှာ ထင်နေမိသည်။ သူ ဘာကြောင့် ဒီအိမ်ကို ခင်တွယ်နေမိမှန်း သူကိုယ်သူပင် နားမလည်နိုင်တော့ပါဘူး။

"စားနော်…မာန်…အားမနာနဲ့"

"ဘာလို့ အားနာရမှာလဲ…ငါ့စိတ်ထဲမှာ မင်းတို့အိမ်ကို ငါ့အိမ် ငါ့မိသားစုလို့ပဲ သဘောထားတယ်"

အာရုံက အပြုံးမြမြနှင့် မာန့်ကို ကြည့်ကာ…

"မင်းဆီက ဒီစကားကြားရတာ ငါ အရမ်းဝမ်းသာတယ် မာန်"

"ဒေါ်လေးကလည်း သားအတွက် သူငယ်ချင်းကောင်း တစ်ယောက်ရလို့ အတိုင်းမသိပါပဲကွယ်"





"ကိုမာန်က နာမည်နဲ့လူ တခြားစီပဲနော်…နာမည်ကသာ မာန်မာန၊ စိတ်ဓာတ်က မာန်ချပြီး အားလုံးကို အဆင့်အတန်းမခွဲဘဲ ဆက်ဆံတတ်တာ နေခြည် လေးစားပါတယ်"

မာန်က အာရုံကို ကြည့်၍ပြုံးလေလျှင် အာရုံစိတ်ထဲမှာ အလိုလို ကြည်နူးမိသွားလေ၏။ ပြီး ချဉ်ဟင်းထဲမှ ငါးဆုပ်တစ်လုံးကို ခပ်ကာ မာန့်ပန်းကန်ထဲသို့ ထည့်ပေးလိုက်လျှင် မာန်က အာရုံကို မော့ကြည့်ရင်း…

"အာရုံ"

"ဟင်"

"မင်း အဆိုတော်အရမ်းဖြစ်ချင်လား"

"ဘယ်လိုပြောလိုက်တာလဲ မာန်ရာ…ဖြစ်ချင်တာပေါ့။ ဒါပေမယ့် ငါ့ဘဝက ဝတ်ချင်တာတော့ သတ်တန်ကွေးကို လက်ဆန့်ပေးပြီး တိုင်းချုပ်ဝတ်ချင်တာ။ မဖြစ်နိုင်တော့လည်း စွပ်ကျယ်ချိုင်းပြတ်နဲ့ စိတ်ကို ပိုင်းဖြတ်လိုက်ရတယ်ဆိုတာမျိုးပေါ့"

"မင်း ဖြစ်ချင်သလိုဖြစ်မယ်ဆိုရင်ရောကွာ"

"အတိုင်းထက်အလွန်ပေါ့ကွာ"

မာန်တစ်ယောက် အာရုံ့စိတ်ကို အကဲခတ်ကြည့်လိုက်သည်။ ဆရာဝန် မှာထားသည်က ဝမ်းသာလွန်း၊ ဝမ်းနည်းလွန်းတာ မဖြစ်ပါစေနဲ့တဲ့။ မာန် ပြောမည့်စကားက ရုတ်တရက် ပြောလိုက်လျှင် ဝမ်းသာလွန်း၍ ရှော့ခ်ဖြစ်သွားနိုင်သည်။ မာန် ဘယ်လိုကနေပြီး ပြောရပါ့မလဲ။



www.burmeseclassic.com

www.burmeseclassic.com



"သား စားလို့ကောင်းရဲ့လား"

ဦးနောက်ကို အလုပ်ပေးနေသော မာန်တစ်ယောက် ဒေါ်နုနု အမေးကြောင့် ဖွန်းကို ချလိုက်ရင်း…

"ကောင်းပါတယ် ဒေါ်လေး…နောက်လည်း မာန် မကြာ မကြာ လာစားမှာနော်"

"ရပါတယ် သားရယ်…တစ်သက်လုံး လာစားနေလည်း ရတယ်"

"အာ…မေမေကလည်း"

ဒေါ်နုနုစကားကြောင့် အာရုံရော နေခြည်ပါ ပြိုင်တူအသံထွက် သွားလေ၏။ အဓိပ္ပာယ်တစ်မျိုး ကောက်သွားကြပြီထင်ပါ၏။ မာန်က နေခြည့်ကို အားနာသလို ကြည့်၍ ပြုံးမိသည်။ ပြီးမှ-

"မင်းကို ငါ ပြောစရာရှိတယ် အာရုံ"

"အင်း…ဘာများလဲ…ပြောလေ"

"မင်း ဝမ်းသာရမယ့်စကားပါ…ဒါပေမယ့် မင်း စိတ်ထိ ငြိမ်အောင် အရင်ကြိုးစားရမယ်"

အားလုံး အကြည့်ချင်းတွေ ဆုံသွားကြပြီးမှ အာရုံက ခေါင်းညိတ်လေသည်။

"ရပါတယ်…ပြောပါ"

"မင်း အဆိုတော်ဖြစ်ချင်နေတယ်မဟုတ်လား"

"ဒါ…ငါ့ရဲ့အကြီးမားဆုံး မျှော်လင့်ချက်ပါ"

"ဒါဆို မင်းရဲ့မျှော်လင့်ချက်ကို ငါ အကောင်အထည်ဖော်မယ်"





"ဘယ်လို"

အာရုံ မယုံနိုင်သလို မာန့်ကို ကြည့်လေ၏။

"ဟုတ်တယ်…လှိုင်းထက်တေးသံသွင်းက ဒက်ဒီမိတ်ဆွေကို ငါ အကူအညီတောင်းထားတယ်။ မင်း အဆိုတော် ဖြစ်ကိုဖြစ်ရမယ်"

"မင်း…မင်း တကယ်ပြောတာလား မာန်"

"မာန်က လုပ်လိုက်ရင် ဘယ်တော့မှ လွဲချော်မှုမရှိဘူး"

"ဝမ်းသာလိုက်တာ မာန်ရာ"

အာရုံက ဝမ်းသာအားရနှင့် မာန့်လက်ကို လှမ်းကိုင်ထားလေ၏။ ဒေါ်နုနုနှင့်နေခြည်မှာ ဝမ်းသာလွန်း၍ မျက်ရည်များပင်ကျရသည်။ မာန့်ရင်ထဲမှာတော့ မမြင်နိုင်သော သံယောဇဉ်ကြိုးတွေက တစ်နွယ် ပြီးတစ်နွယ် ရစ်ပတ်ခြင်းနှင့် အာရုံကို ဝမ်းသာလွန်းမှုစိုးသဖြင့် စိတ်ကို သိန်းပြီး ဝမ်းသာပါဟု သတိပေးရင်း အာရုံ လက်တစ်ဖက်ကို အင်းကျုပ်စွာ ပြန်လည်ဆုပ်ကိုင်ထားလေသည်။

"ငါ မင်းကို အခွင့်ကြမ်းလုပ်ပေးတာ လှိုင်းထက်တေးသံသွင်း က ထုတ်လုပ်သူ ဦးခင်ညို့ကို နားထောင်စေချင်လို့ပါ"

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

စတူဒီယိုခန်းထဲသို့ ဝင်လိုက်သည်နှင့် အာရုံ နည်းနည်းပေ
စိတ်လှုပ်ရှားမိ၏။ ဒါပေမယ့် စိတ်ကို တည်ငြိမ်အောင် ကြိုးစား
မာန်နှင့်ခွန်းချိုကို လှည့်ကြည့်လိုက်စဉ် နှစ်ယောက်စလုံး၏မျက်
ကလေးတွေက ကြယ်ပွင့်လေးတွေလို လင်းလက်နေ၏။ ဒါသ
သူ့အတွက် အားဆေးတစ်ခွက်ပါပဲ။ နောက်တော့ သံစဉ်တွေကြ
အာရုံတစ်ယောက် စီးမျောသွားလေတော့သည်။

"မာန်ကတော့ကွာ… စီးပွားရေးသမားရယ်လို့ မပြောရ
တော်တော် ကွက်ကျော်မြင်တတ်တာပဲ"

"ဘာဖြစ်လို့လဲ အန်ကယ်လ်"





"မင်းကောင်က အဆိုညက်တဲ့အပြင် ရုပ်ကလေးကလည်း
ရှိတယ်။ မင်းနဲ့တောင် တူသလိုပဲ။ အောင်မြင်မယ်လို့ အန်ကယ်လ်
ယုံကြည်တယ်"

"မာန်လေ အန်ကယ်လ်ရဲ့ မပိုင်ရင် ဟင်တစ်လုံးအတွက်
တောင် လေသံအပိုမဖြုန်းဘူး"

"ကိုမျိုးမာန်တို့များ မင်းကို မွေးရကျိုးနပ်လိုက်တာ"

မာန် သူ့အတွက်ရော အာရုံအတွက်ပါ ဂုဏ်ယူဝင့်ကြွားစွာ ရှိနေ
သည်။ ဦးခင်ညိုက ချီးကျူးထောပနာပြုပြီး လှည့်ထွက်သွားလေလျှင်
မာန်၊ ခွန်းချိုဘက်သို့ လှည့်၍ လက်မထောင်ပြလိုက်၏။ ရင်ထဲက
အပျော်လေးတွေသည် အာရုံအတွက်ပင် မဟုတ်လား။

"ကိုမာန်"

မာန်က ခွန်းချိုမျက်နှာလှလှလေးကို ငုံ့ကြည့်ရင်း…

"မင်းအခေါ် ပြင်သင့်ပြီထင်တယ်"

"ရှင်"

မျက်လုံးကလေးဝိုင်းသွားသော ခွန်းချိုအမူအရာလေးကြောင့်
မာန် ဟတ်ဟတ်ပက်ပက် ရယ်မိ၏။ ပြီး ဘောင်းဘီအိတ်ထဲသို့ လက်နှိုက်ကာ
ဟန်ပါပါ ရပ်လိုက်၏။

"မင်း အဲဒီလိုခေါ်တိုင်း မင်းနဲ့ ငါ့ရဲ့ရင်းနှီးမှုက စိမ်းသက်နေ
သလိုပဲ"

"ခွန်းချို… ကိုမာန့်ကို ခင်နေတာပဲလေ"

"ခင်မင်မှုရဲ့ အဓိပ္ပာယ်အနက်ဆိုတာ အခေါ်အပြောပေါ်မှာလည်း



www.burmeseclassic.com

www.burmeseclassic.com



မှတ်ညီတာယ် ခွန်းချိုရဲ့"

ခွန်းချို ရှက်စနိုးလေးပြုးကာ အာရုံ သိဆိုနေရာဘက်သို့ မျက်နှာမူလိုက်၏။ အာရုံကတော့ သီချင်းထဲမှာပဲ စျာန်ဝင်နေပုံရသည်။

"ကိုမာန်က ဘယ်လိုခေါ်စေချင်လို့လဲ"

"ကိုကိုလို့ ခေါ်လေ"

မျက်ဝန်းနှစ်စုံ၏ဆုံမှတ်တွင် သံယောဇဉ်အလံတစ်ခု လွှင့်ထူခဲ့ပြီလား။ နှလုံးသားရဲ့ကိုယ်စား မျက်ခွံတွေကြားမှာ အကြင်နာတွေထလက်ဆွဲမိတ်ဆက်နေခဲ့ပြီ။ အမှာစာကို ချမရေးဖြစ်သေးပေမယ့်ရင်အလွှာမှာ ချစ်ခြင်းဖွဲ့တေးကို သီဆိုဖို့ နိဒါန်းပျိုးနေခဲ့ပြီမဟုတ်လား။

"မခေါ်ချင်ဘူးလား"

"မဟုတ်ပါဘူး…အရင်မလို့တူးဆိုရင်တော့ ခေတ္တဆိုင်းငံ့နေပါဦးလို့ ပြောမလို့ပါ"

"ခု…ဘာဖြစ်လို့ မခေါ်နိုင်တာလဲ"

"ရှက်လို့ပေါ့…အထာကျအောင် လေ့ကျင့်ရဦးမယ်လေ"

"သင်တန်းမှူးလိုသေးလား"

မာန့်စကားကြောင့် ခွန်းချိုက ခစ်ကနဲ ရယ်၍ ခေါင်းခါလေသည်။ ပြီး စကားလမ်းကြောင်းလွှဲဖို့ ကြိုးစားလိုက်၏။

"ခွန်းချို စိတ်ထဲမှာ ကိုမာန်က တစ်ယောက်ယောက်နဲ့တူနေသလိုပဲ"

"ဟုတ်လား…ပြောပါဦး၊ ဘယ်သူနဲ့တူနေသလဲလို့"

စကားလမ်းကြောင်းလွှဲတာဆိုပေမယ့် ခွန်းချိုပြောတာ အမှန်ပင်





သူမစိတ်ထဲမှာ မာန့်မျက်နှာအနေအထားက သူမနှင့် ရင်းနှီးနေသလိုပင်။ ဘယ်သူနဲ့တူပါလိမ့်ဟု အပြေးအလွှား စဉ်းစားကြည့်တော့ ရုတ်လုံးထဲတွင် ဖျတ်ကနဲ ပေါ်လာသည်က အာရုံမျက်နှာ။

"ပြောလေ…ဘယ်သူနဲ့တူလဲ"

"အာရုံ"

"ဟင်"

မာန့်အကြည့်က စတူဒီယိုအခန်းထဲက အာရုံဆီသို့ ရောက်သွားလေသည်။ ခွန်းချိုစကားက ပဟေဠိပုစ္ဆာတစ်ပုဒ်လို။ သူနှင့်အာရုံ အကြိုက်ချင်းတူနေတာကို မာန် သတိရမိ၏။ အာရုံနှင့်သူ ဘာကြောင့်ဒီလောက်တူနေရတာလဲ။

"ကိုမာန့်မှာ အမြွှာညီအစ်ကိုတွေ ဘာတွေတော့ မရှိပါဘူးနော်"

မာန် တွေကနဲ ဖြစ်သွားလေ၏။ တစ်ခါက မာမီ ပြောဖူးတာကို မာန် ပြန်လည်၍ ကြားယောင်မိလာသည်။

"မွေးတုန်းကတော့ အမြွှာလေ…ဒါပေမယ့် အငယ်လေးက မွေးပြီးပြီးချင်း ဆုံးသွားတာ။ ဆုံးသွားတာလည်း မိန်းကလေးပဲဆိုတော့ သိပ်နှမြောလှတယ်မရှိပါဘူး။ လိုချင်တာက သားယောကျ်ားလေး၊ မွေးလာတော့ သမီးမိန်းကလေးတွေချည်းပဲ"

ထိုစကားတွေ မာန် ဘယ်လိုဆက်စပ်ပြီး တွေးတောရမလဲ။ အာရုံနဲ့သူ…ဒါလည်း မဖြစ်နိုင်ပါဘူး။ လောကမှာ လူတူမရှား၊ နာမည်တူမရှားပဲဟာ။ အချို့ဆို ဘာမှသွေးသားမတော်စပ်တဲ့ ရုပ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ခွဲမရအောင် တူတာတွေ တစ်ပုံကြီး။ ပြီးတော့ အာရုံကို မိန်းကလေးလို့ ထင်ရလောက်အောင်လည်း အာရုံ မျက်နှာပေါ်မှာ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်ရာစိမ်းစိမ်းတွေက ယောကျ်ားအစစ်ဆိုတာကို သက်သေခံနေသည်။

"ခွန်းချို…ကိုယ်နဲ့ ခဏလိုက်ခဲ့"

"ဘယ်ကိုလဲဟင်"

မာန့်နှုတ်က အဖြေမရှိ။ ပယောဇွဆန်သောလုပ်ရပ်က ခွန်းချို လက်ကို ဆွဲ၍ အပြင်သို့ ထွက်လာခဲ့သည်။ ခွန်းချိုကို ကားပေါ်တက်စေပြီး ကားကို မောင်းထွက်လာခဲ့၏။

"ဘယ်ကိုသွားမှာလဲ"

ခွန်းချိုက နောက်ထပ် မရဲတရဲလေး မေးလေတော့ မာန်က ဘုကြည့်ကြည့်ကာ…

"မင်းကို ငါ ကားတင်မပြေးပါဘူး၊ လိုက်မှာသာ လိုက်ခဲ့။ ဟိုရောက်ရင် အလိုလို အထာပေါက်သွားလိမ့်မယ်"

ဘာမှမပြောတော့ဘဲ ခွန်းချို ငြိမ်နေလိုက်တော့သည်။ နောက်ဆုံး သူခေါ်လာသည်က Beauty Spa တစ်ခုကို။

"ခွန်းချို ငါနဲ့အာရုံ ဘယ်လောက်တူသလဲဆိုတာ သိရအောင် မင်း ကူညီပေးပါ"

"ရှင်"

အံ့သြစွာ ခွန်းချို သူ့ကို မော့ကြည့်မိသည်။ သူက ကားမှန်ထဲမှာ သူ့မျက်နှာသူ သေသေချာချာကြည့်နေ၏။ ပြီး ခွန်းချိုဘက်သို့ စောင်းငဲ့





ကြည့်ကာ…

"တကယ်ဆို ငါ့ဆံပင်ပုံက မိန်းမဆန်နေတယ်နော်"

မာန် ပြုံးလိုက်ရင်း–

"ငါက ကိုရီးယားမင်းသားတစ်ယောက်ကို အားကျပြီး ဒီဆံပင် ထားခဲ့တာ။ ဒါကြောင့် ကောင်မလေးတွေကလည်း ငါ့ကို ကိုရီးယားမင်းသားလေးလို့ တင်စားကြတယ်"

"အင်း…တူပါတယ်"

"ငါ ဒီဆံပင်ပုံကို အရမ်းမြတ်နိုးခဲ့တာ။ ဒါပေမယ့် အခု ခွဲလွှတ်ဖို့ ဆုံးဖြတ်လိုက်ပြီ"

"ရှင်"

ခွန်းချို သူ့အစား သူ့ဆံပင်တွေကို နှမြောသွားမိ၏။ မေးရိုးကား ပြင်ပေမယ့် သွယ်လျတဲ့ သူ့မျက်နှာပေါ်မှာ ရွှေရောင်ဆံပင်လေးတွေ က နဖူးတစ်ခြမ်းကို ဖုံးအုပ်ထားလျက် ကုတ်ပေါ်တွင် နေရာယူထား သော သူ့ဆံပင်လေးတွေက သူ့မျက်နှာနှင့် အရမ်းလိုက်ဖက်လှ သည်။

"ဘာဖြစ်လို့ ဆံပင်ညှပ်မှာလဲ"

"အာရုံနဲ့တူချင်လို့"

စကားစကို ဖြတ်တောက်ထားပြီး အတန်ကြာမှ ဆက်ပြောလေသည်။

"အာရုံ ဆံပင်ကို ရွှေရောင်ပြောင်းလဲပေးဖို့ မင်း ကူညီပါ ခွန်းချို"



www.burmeseclassic.com

www.burmeseclassic.com



ခွန်းချိုတစ်ယောက် ဆွံ့အနေသူပမာ ဘာပြောရမှန်းပင် မသိတော့။ မာန် ကုတ်ပေါ်က ဆံနွယ်တွေကို ရှင်းပစ်ဖို့ ဆုံးဖြတ်လိုက်ပေမယ့် ရွှေရောင်ဆံပင်လေးတွေကို မစွန့်လွှတ်နိုင်သေးပါ။ ပြီးတော့ ကိုယ်က တစ်ခုပြောင်းလဲပစ်လိုက်သလို အာရုံကိုလည်း ပြောင်းလဲစေချင်သည်။

"ဘယ်လိုလဲ…ကူညီနိုင်မလား"

"ခွန်းချို…ကတိပေးပါတယ်"

"အိုကေ"

သူက ပြောပြီး ခွန်းချို ဆင်းစေရန် ကားတံခါးကို ဖွင့်ပေးကာ လက်ကမ်းပေးလေ၏။ ခွန်းချို သူမလက်ကလေးကို မာန့်လက်ထဲသို့ ထည့်ပေးပြီးမှ ရင်ထဲမှာ ရှိန်းမြနွေးထွေးသွားလေသည်။ Beauty Spa ထဲသို့ ဝင်ပြီးနောက် သူက အာရုံဆံပင်ပုံစံကို ပြောပြပြီး ညှပ်ခိုင်းလေသည်။ ခွန်းချိုကတော့ ဝတ္ထုတစ်အုပ်ကိုဖတ်ရင်း ထိုင်စောင့်နေလိုက်၏။ ဝတ္ထုထဲတွင် စိတ်ဝင်စားနေခိုက်…

"ခွန်းချို"

ခွန်းချို မော့ကြည့်ပြီး အံ့ဩသွားရ၏။ ဆံပင်တွေကသာ ရွှေရောင်ဖြစ်မနေခဲ့ဘူးဆိုလျှင် သူ့ကို အာရုံဟုပဲ ခွန်းချို ထင်မိလိမ့်မည်။ ခွန်းချို ထိုင်ရာမှ ထရပ်မိလိုက်ချိန်တွင် မာန်က ခွန်းချိုကို ပြုံး၍ကြည့်ကာ–

"ဘယ်လိုလဲ…ခွန်းချို၊ ကိုယ် အာရုံနဲ့တူရဲ့လား"

"တကယ်အံ့ဩစရာပဲ ကိုမာန်…အာရုံသာ ဆံပင်ကို ရွှေရောင်





ဆိုးလိုက်ရင် တော်ရုံလူ ခွဲရခက်သွားလိမ့်မယ်။ ဒါပေမယ့် ခွန်းချိုကတော့ ခွဲခြားတတ်ပါတယ်"

"ဘာကိုကြည့်ခွဲမှာလဲ"

"ကိုမာန်က ပိုပြီးနုတယ်လေ"

ခွန်းချို အပြောလေးကြောင့် မာန် သဘောကျစွာ ရယ်လေသည်။ သည်ကောင်မလေးနဲ့အတူရှိနေတဲ့အချိန်မှာ မာန် တစ်ခါတလေ အရာအားလုံးကို မေ့ထားချင်သည်။ ဖူးစင်နေသော သူမမျက်လုံးလေးက မာန့်ရင်ကို အေးမြစေ၏။ အချစ်ဆိုတာ ဒါမျိုးကို ခေါ်တာလား။

"မင်းက မြှောက်တတ်သားပဲ"

"အမှန်ကို ပြောတာပါ၊ မယုံရင်လည်းနေပေါ့"

ခွန်းချိုက နှုတ်ခမ်းရှုကာ ထွက်သွားမည်ပြုတော့ မာန် သူမလက်ဖျားလေးကို လှမ်းဆွဲထားလိုက်သည်။ ပြီးမှ သူကိုယ်တိုင်ဆောင်၍ ခွန်းချိုလက်ကို မလွှတ်တဲ့ Beauty Spa ထဲမှ ထွက်လာခဲ့တော့၏။ သူများတွေက သူတို့နှစ်ယောက်ကို ဘယ်လိုထင်ကြသည်မသိ။ အချို့က သူတို့ကို လှည့်ကြည့်ပြီး ပြုံးသွားကြလေသည်။

ခွန်းချိုက ရှက်သွေးဖြာသော မျက်နှာလေးနှင့် လက်ကိုရုန်းသော်လည်း မာန်က ပို၍ တင်းကျပ်စွာ ဆုပ်ကိုင်ထားပြီး ကားထဲသို့ရောက်တော့မှ ဖြည်းညင်းစွာ လွှတ်ပေးလိုက်လေ၏။ ဒါ အချစ်လမ်းကို ဖွင့်ပေးမယ့် ရင်ခုန်သံ သော့တစ်ချောင်းလေလားကွယ်။

ꩩꩩ



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၅)

"ဟယ်…ချောလိုက်တာ…အာရုံဦးတဲ့"

"ရုပ်တင်ချောတာ မဟုတ်ဘူး၊ သူ့အသံကို နားထောင်ကြည့်လိုက်…စပါယ်ရှယ် လန်းသွားလိမ့်မယ်"

"ကြည့်နေရင်း နမ်းချင်လာပြီဟယ်"

စားသောက်ဆိုင်အတွင်းတွင် အသံတွေက မျိုးစုံထွက်လာချေ၏။ ကောင်တာမှာ ကပ်ထားသော အဆိုတော်အသစ် အာရုံဦး၏ပုံနှင့် အာရုံဦး၏စီးရီးခွေကို ကြေညာထားသော ပိုစတာလေးကို ကြည့်၍ ထွက်လာသောအသံတွေ။ ခုရက်ထဲမှာ ဘယ်နေရာ ဘယ်ကိုပဲသွားသွား အာရုံဦး၏သီချင်းသံတွေက လွှမ်းမိုးနေသည်။





"ကိုရီးယားမင်းသားလေးကျနေတာပဲ"

"သူများတွေများ ဆုတောင်းကောင်းလိုက်တာနော်"

"ရွှေရောင်ဆံပင်လေးက ပိုပြီး ဆွဲဆောင်မှုရှိတာ"

"မိန်းမချောလေး ချောတာကွ"

ချီးမွမ်းသံတွေက တစ်ယောက်တစ်မျိုး ဖြစ်နေကြသည်။ ဆိုင်ရှင်မှ သူ့ဆိုင်သို့ လာရောက်အားပေးနေကြသူများအလိုကျ အာရုံဦး၏ စီးရီးခွေလေးကို ထည့်ဖွင့်ပေးလိုက်လျှင် ဆူညံနေသော အသံများ ငြိမ်ကျသွားလေ၏။ ထိုစဉ် စားသောက်ဆိုင်ရှေ့တွင် အနက်ရောင် ပြောင်လက်နေတဲ့ ကားတစ်စီး ထိုးဆိုက်လာပြီး ကားတံခါးကို ဖွင့်၍ ဆင်းလာသော လူငယ်သုံးယောက်ကို မြင်ကြသည့်အခါ စားသောက်ဆိုင်အတွင်းမှလူများ လှုပ်လှုပ်ရွရွ ဖြစ်သွားကြလေ၏။

"ဟယ်"

"ကြည့်ပါဦး…ဟိုမှာ"

"အာရုံဦးတော့"

"အပြင်မှာ ပိုပြီးတော့တောင် ချောသေးတယ်နော်"

နားဝမှာ မကြားသာကြားသာ အသံတွေ တိုးတိုးကျယ်ကျယ်။ ဘောင်းဘီအိတ်ထဲသို့ လက်နှိုက်၍ လျှောက်လာသော သူ့စတိုင်လ်က မိန်းကလေးတော်တော်များများ၏ နှလုံးခုန်နှုန်းကို အရှိန်မြင့်စေသည်။ စားပွဲတစ်လုံးတွင် သူတို့နေရာယူပြီးချိန်တွင်…

"အာရုံဦး"

"အာရုံ"



www.burmeseclassic.com

www.burmeseclassic.com



"လက်မှတ်လေးထိုးပေးပါနော်"

အမျိုးအစား၊ ဆိုဒ် စုံလင်စွာ ရောက်လာသော မျက်နှာရှေ့က စာအုပ်တွေကြောင့် သူ ပြုံးလိုက်မိသည်။ အမှန်စင်စစ် သူက အာ ဦးမှ မဟုတ်ပဲလေ။ သူက 'မာန်မာန' လေ။ မိုက်နှင့်သိုက်က 'ဘယ်လိုလဲ' ဟူသော့သဘောနှင့် မာန့်ကို မေးငေါ့ပြလေသည်။ မာန်က အားလုံးကို တစ်ချက်ဝေ့၍ မော့ကြည့်ရင်း ယဉ်ကျေးသိမ်မွေ့စွာပင် ပြုံးပြလျက်…

"အားလုံးကို တောင်းပန်ပါတယ်၊ ကျွန်တော် အာရုံဦး မဟုတ်ပါဘူး။ လူမှားနေကြတာပါ"

"ဟင်"

"ဟယ်"

"မဟုတ်တာ"

အာမေဍိတ်သံတို့၏နောက်မှာ မျက်ဝန်းတွေက မယုံကြည်ခြင်းများနှင့် စာအုပ်ကလေးတွေ နောက်သို့ဆုတ်သွားလေ၏။

"မဖြစ်နိုင်တာ…ဟိုမှာ ပိုစတာရှိတယ်…မညာပါနဲ့ အာရုံဦး မှ အာရုံဦးအစစ်ပါ"

မာန်…မိုက်နှင့်သိုက်ကို မျက်ဝန်းနှင့် အကူအညီတောင်းလို ၏။ သူတစ်ယောက်တည်း ဖြေရှင်း၍ ရနိုင်မည်မဟုတ်တော့မှန်း သိလိုက်ပါသည်။ သိုက်က…

"ကျွန်တော်တို့ တကယ်မညာပါဘူးဗျာ…ဒီက ကျွန်တော် သူငယ်ချင်းနာမည်က 'မာန်မာန' ပါ။ အာရုံဦး မဟုတ်ပါဘူ





ဆိုရင်လည်း စုံစမ်းကြည့်နိုင်ပါတယ်"

မာန် အရောတစ်ခုကို သတိရမိကာ ကုတ်အင်္ကျီအိတ်ထဲမှ ထုတ်ယူလိုက်၏။ ထုတ်ယူလိုက်တာက ဖုန်းလေ။ မာန်ရဲ့ဖုန်းထဲမှာ အာရုံနဲ့သူ အတူတူတွဲရိုက်ထားတဲ့ပုံတွေ ရှိနေတာပဲဥစ္စာ။

"ဒီမှာကြည့်ပါ…ဒီဘက်က အာရုံ…ဒါက ကျွန်တော်"

မာန်က လက်ထောက်ပြီး ခွဲခြားပြလေလျှင်…

"တော်တော်တူတယ်နော်…အမြွှာတွေလားဟင်"

မာန် ပြုံးနေတော့ ဘယ်လိုသဘောပေါက်သွားကြတယ် မသိပါ ဘူး။ ပေါက်ချင်သလိုသာ ပေါက်ကြပါစေတော့။

"လူမှားတယ်ဆိုရင်လည်း တောင်းပန်ပါတယ်နော်"

အားလုံး နောက်ဆုတ်လှည့်ပြန်သွားကြမှ မာန် ဟူးကနဲ သက်ပြင်းချလိုက်မိသည်။

"မင်းက ကိုယ့်ဖုံကွကိုယ်ရှာတဲ့ကောင်ပဲ…ဒီကိစ္စက သွားလေ ရာ ဖြေရှင်းနေရဦးမှာ"

မိုက်က မကျေနပ်သလို ပြောလေသဖြင့် မာန် ဟက်ကနဲ ရယ်လိုက်သည်။

"ဒုက္ခလို့ သဘောမထားပါနဲ့ကွာ…ဒါလည်း ပျော်စရာလေး တစ်ခုပါ။ အာရုံနဲ့မတ်သက်လာရင် ဘာပဲဖြစ်ဖြစ် ငါ ဖြေရှင်းနိုင်ပါ တယ်"

"ငါကတော့ မင်းကို အံ့ဩလို့ မဆုံးဘူး…မာန်"

"အစ်ကိုတို့ ဘာသောက်ကြမလဲ…ဘာစားကြမလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဝိတ်တာလေး ရောက်လာပြီးမေးလေတော့ စကားစပြတ်သွား ပြီး သိုက်က-

"အားလုံး ရှမ်းခေါက်ဆွဲပဲ စားမယ်"

ဝိတ်တာလေးထွက်သွားမှပင် မာန်က ပြတ်သွားသောစကား ကို ပြန်ဆက်လေ၏။

"မင်းက ဘာကို အံ့သြတာလဲ…သိုက်"

"မင်းရဲ့စိတ်ကို"

"ဘာဖြစ်လို့လဲ"

သိုက်က စီးကရက်တစ်လိပ်ကို ဗူးထဲမှ ထုတ်ယူလိုက်ရင်း မာန့်မျက်နှာကို စူးစိုက်၍ ကြည့်လေသည်။

"အရင်တုန်းက မင်းမျက်နှာပေါ်မှာ အပြုံးဆိုတာ မရှိသလော ရှားတယ်…ပြီးတော့ လူတွေနဲ့ ခပ်ကင်းကင်းနေချင်တယ်ဆိုတဲ့ကော က ခုတော့ လူအများနဲ့ ဆက်ဆံရတာကို ပျော်တယ်ဆိုလို့ပါ။ အဲ မထူးဆန်းဘူးလား"

"သိုက်ပြောတာကို ငါ ထောက်ခံတယ် မာန်…တို့နှစ်ယော ကလွဲရင် အခြားယောကျ်ားလေးတွေကို အပေါင်းအသင်းမလုပ်ချ ဘူးဆိုတဲ့စကားကို မင်းပဲ ပြောခဲ့တာလေ။ ခု…အာရုံက ယောကျ် လေကွာ"

ပြောတော့လည်း ပြောစရာဖြစ်နေပါပြီ။ မာန်ဆိုတဲ့ကောင် မာန်မာနဂေဟာအတွင်းမှာရှိတဲ့ ယောကျ်ားတွေကလွဲရင် အခြာ ယောကျ်ားတွေကို အမြဲတမ်း ရန်လိုနေတတ်သူ။ အခြားယောကျ်





လေး အပေါင်းအသင်း လုံးဝ မထားခဲ့။ အမြဲတမ်း မျက်နှာကို တည်တင်းစွာ ဖန်တီးထားခဲ့သူ။ အမြဲတမ်း ခက်ထန်ကြမ်းတမ်းနေခဲ့ သော မာန့်စိတ်တွေ ဘာကြောင့် အာရုံဦးကို တွေ့မှ ပြောင်းလဲသွားခဲ့ တာလဲ။

"လောကကြီးမှာတောင် နေ့ရယ်၊ ညရယ် ပြောင်းလဲနေခဲ့သေး တာပဲ။ ငါ့စိတ်တွေ ပြောင်းလဲလာတာ မဆန်းပါဘူး"

မာန့်အကြည့်တွေက ရီဝေနေသည်။ အသံကလည်း ခက်ထန် ခြင်းတို့ ကင်းမဲ့နေ၏။

"ဒီတစ်ခါတော့ ငါတို့ပါ မျက်စိရောနားပါ လည်ရပြီ"

"အဖြေက ရှင်းရှင်းလေးပါ"

"ဆိုစမ်းပါဦး"

ဝိတ်တာလေးက မှာထားတာတွေ လာပို့သဖြင့် မိုက်က ကိုင်းထားသောကိုယ်ကို နောက်သို့ မတ်ပေးလိုက်၏။

"ကိုယ်နဲ့ ရုပ်ချင်းတူတဲ့ လူတစ်ယောက်ကို ဘယ်သူက စိတ်မဝင်စားဘဲနေမှာလဲ။ ပြီးတော့ အာရုံကို ငါ အရမ်းရင်းနှီးနေသလို ခံစားရတယ်။ မင်းတို့ စဉ်းစားကြည့်စမ်းပါ။ ငါနဲ့အာရုံ သွေးသား တော်စပ်ဘူးလို့ ဘယ်သူက ပြောနိုင်မလဲ"

သိုက်ရော မိုက်ပါ ဦးနှောက်စားသွားကြလေ၏။ ရုပ်ချင်လည်း တူ၊ အကြိုက်ချင်းလည်း တူနေကြသော မာန်နဲ့အာရုံတို့နှစ်ယောက် ဟာ ဘယ်လိုများဆက်စပ်မှု ရှိနေနိုင်သလဲ။

"စဉ်းတော့စဉ်းစားစရာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းမာမီ ပြောပြခဲ့ဖူးတဲ့စကားအရဆို မင်းနဲ့ အခြွာမွေးတာက မိန်းကလေးလေ"

"အဲဒါက မာမီ့ရဲ့အပြောပဲလေကွာ…ဟိုကွာ…ဝတ္ထုတွေ ရုပ်ရှင်တွေထဲကလို တစ်ခုခုများ မှားနေသလား"

"ဒါမှမဟုတ်…တစ်ဝမ်းကွဲတို့၊ နှစ်ဝမ်းကွဲတို့များ"

"မဖြစ်နိုင်ပါဘူးကွာ…ဒီကောင်နှစ်ယောက် ဒီလော စိတ်ချင်းဆက်နေတာ ငါ စဉ်းစားပါဦးမယ်"

မိုက်နှင့်သိုက်တို့၏ စကားအငြင်းအခုံကြားမှာ ငြိမ်သက်စွာ တွေးတောနေသူက မာန်။ ဒီပဟေဠိကို အဖြေညှိဖို့အတွက် မာန် အဆုံ တို့အိမ်ကိုမသွားဘဲ ခြေငြိမ်ထားခဲ့သည်မှာ အာရုံ စီးရီးလေးထွက်ပြီး ကတည်းကပင်။ ခွန်းချိုနှင့်တော့ အဆက်အသွယ် မပြတ်ခဲ့ပါ။ ဖုန်း ဆက်ပြီး အပြင်မှာ ချိန်းတွေ့နေခဲ့ကြတာ ဘယ်သူမှ မသိကြပေ။ သူ ခွန်းချို အကူအညီကို အများကြီး တောင်းခံရဦးမည်။ ပြီးတော့ သူ ခွန်းချိုကို ချစ်မိနေပြီမဟုတ်လား။

ခွန်းချိုကလည်း သူ့အပေါ် ယိမ်းနေပုံရပါသည်။ မာန် ဖုန်းလေး ကိုထုတ်ယူပြီး ခွန်းချို၏ ဖုန်းနံပါတ်ကလေးကို နှိပ်လိုက်၏။

"………"

"ခွန်းချိုလား…ကိုယ်ပါ"

"………"

"ခွန်းချို…အားလား"

"…………"





"ကိုကို…ခွန်းချိုကို ပြောစရာရှိလို့"

"……………"

"ခုမပြောပါဘူး၊ ခွန်းချို အပြင်ထွက်လာခဲ့လေ"

"……………"

"အိုကေ…ကိုကို လာခဲ့မယ်၊ စောင့်နေနော်"

"……………"

"အိုကေ…ဘိုင့်ဘိုင်"

မာန် ဖုန်းလေးကို ပိတ်ပြီး ကြည့်လိုက်တော့ မိုက်နှင့်သိုက်က သူ့ကို ခပ်ကြောင်ကြောင် ကြည့်နေသဖြင့် မာန်က လက်ဝါးနှင့် သူတို့ မျက်လုံးရှေ့တွင် နိမ့်ချည်မြင့်ချည် လုပ်ပြပြီး ရယ်လေ၏။

"ဘာကြည့်နေကြတာလဲ"

"ထူးဆန်းလို့"

ဖြိုင်တူပြောလေ၏။ ပြီးမှ မိုက်က ကိုယ်ကိုရှေ့သို့ကိုင်းကာ…

"မင်း…ခွန်းချိုနဲ့ အဆင်ပြေနေပြီလား"

"ကြားတဲ့အတိုင်းပဲလေ…လေပိုလေလွှဲ သိပ်မဖြန်းနဲ့"

ပြောပြီး မာန်က ထရပ်လိုက်လေပြီး မျက်မှန်ကို တပ်လိုက်လေ သျှင်…

"ဟာ…မာန်…မင်းက ဘယ်သွားဦးမလို့လဲ"

"အချစ်လေးနဲ့ ချိန်းထားတယ်လေ"

"ဒါဆို ငါတို့က ဘယ်လိုပြန်ရမလဲ"

"မပူနဲ့"



www.burmeseclassic.com

www.burmeseclassic.com



မာန် ပိုက်ဆံထောင်တန်တစ်ချပ်ကို ခွဲထုတ်ကာ စားပွဲပေါ်သို့ ပစ်ချပေးလိုက်၏။

"ဒီလောက်ဆို မင်းတို့ လုံလောက်မှာပါ"

"ဒါတွေကရော"

သိုက်က စားစရာတွေကို လက်ညှိုးထိုးပြလေလျှင်…

"ရတယ်…အာဟာရသိဒ္ဓိ ပြည့်သွားပြီ၊ ဟိုရောက်ရင်…"

မာန်က စကားစကိုဖြတ်၍ လက်ညှိုးနှစ်ချောင်းကို ပူးပြလိုက်ပြီး ရယ်လေသဖြင့် မိုက်က မဲ့ပြလိုက်၏။ မာန်က ပခုံးကို တွန့်ပြပြီး ဆိုင်ထဲမှ ထွက်သွားလေသည်။

"ဘယ်လိုကောင်မှန်းမသိဘူး…အူကြောင်ကြောင်နဲ့"

"ကွယ်ရာပြောရင် အတင်းတုတ်တာတဲ့…စားဖို့ရှိတာ စားပြီးရင် တို့…လိုက်ချောင်းကြမယ်…ဟဲ…ဟဲ"

စပ်ဖြဲဖြဲ ပြောလေသော သိုက်ကို မိုက်က လက်သီးနှင့်ရွယ်ကာ

"ငယ်ကျင့်က မပျောက်ဘူး…ငါ ထိုးထည့်လိုက်ရ…ပါးစပ်ထဲကဟာတွေ အတောင့်လိုက် ပြန်အန်သွားမယ်"

"မသိလို့နေဝင် မသိလို့ မိုးချုပ်သွားမိတာပါ…ကလေး အရိုး အမဲလေးကို ဗွေမယူပါနဲ့"

"အောင်မာ…အောင်မာ…ငါ့ကိုများ စွပ်စွပ်စွဲစွဲ ကိုယ့်ဟာကိုယ် စည်းမရှိကမ်းမရှိ မစင်စားပြီး တွေ့ရာကြုံရာ အန်တာ ငါ့ဘာဆိုင်လဲ"

"ထဘီသူခိုးဆိုတာ ခင်ဗျားလား"





"မင်းကျိုးတော်ကြီး ထဘီခိုးရမလား"

တစ်ယောက်နှင့်တစ်ယောက် စနောက်ပြီး တိုးတိုးကျိတ်ကျိတ် ရယ်ပွဲဖွဲ့နေမိကြလေ၏။ မာန်ကတော့ သွားပြီလေ။ သူတို့ တကယ် လိုက်မချောင်းဘူးဆိုတာကိုတော့ အထိုင်ခံနေရတဲ့ ထိုင်ခုံတွေက သက်သေပဲဖြစ်မှာပေါ့။

❀❀



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

သံစဉ်မဲ့တေးတစ်ပုဒ်ကို အာရုံ နှလုံးသားထဲမှာ ခွေးမြည့်အာ ဆိုညည်းနေမိသည်။ ပန်ခွင့်မကြုံသော ပန်းတစ်ပွင့်ကို ရနံ့သင်းထုံလှ ချည်ရဲ့လို့ နမြောတာသနဲ့ ခုန်ခူးဖို့လည်း မကြိုးစားချင်။ ခွန်းချိုက မာန့်ကို 'ကိုကို'တဲ့။ စတင်ပြီး ဒီခေါ်သံကို ကြားလိုက်ရတဲ့နေ့မှာ အာရုံ မူးမိုက်သွားမတတ် ခံစားခဲ့ရသည်။ ခွန်းချိုနဲ့သူ့ဘဝဟာ ကောင်းကင်က ကြယ်တစ်ပွင့်နဲ့ သမုဒ္ဒရာထဲက ကျောက်ခဲတစ်လုံးလို ဘယ်သောအခါမှ မထိစပ်နိုင်ဘူးဆိုတာ သူ သိနေသည်လေ။

အာရုံဦး၏ဘဝသည် မာန်မာန၏အလင်းရောင်ကြောင့် လှပခဲ့ရသည်မဟုတ်လား။ ရွှေ…ရွှေချင်းထပ်မှ မြတ်သတဲ့။ မာန်နှင့်ခွန်းချို တို့၏ လက်နှစ်ဖက်သာလျှင် တွဲယှက်ဖို့ ထိုက်တန်ပါသည်လေ။





"အာရုံ…အာရုံ"

"ဟင်…အင်"

"ငါခေါ်နေတာ ကြာပြီ…ဘာတွေတွေးနေတာလဲ"

အပြုံးကို နှလုံးသားရဲ့သံချပ်ကာအင်္ကျီသဖွယ်အဖြစ် အသုံးချကာ သွားတန်းညီလေးတွေပေါ်အောင်ပင် အာရုံ ရယ်လိုက်မိသည်။

"ငါ စိတ်ကူးယဉ်နေတာ"

"ဟုတ်လား…ဘယ်လိုတွေယဉ်တာလဲ…ပြောပါဦး"

အာရုံက ခေါင်းကို မော့၍ စဉ်းစားသလိုပြုပြီး…

"ငါ့စိတ်ကူးထဲမှာ…"

စကားလုံးကို ပြောဖို့ အားယူနေခိုက် မျက်လုံးက တစ်ဖက်သို့ လှည့်ကြည့်မိလျှင် မာန့်ကားလေး ထိုးဆိုက်လာတာကို မြင်လိုက်ရသဖြင့် ခွန်းချိုကို ပြန်လှည့်ကြည့်လိုက်၏။

"ဟိုမှာ မာန်…လာပြီ"

ခွန်းချိုက မာန့်ကားလေးကို လှမ်းကြည့်လိုက်ရင်း–

"နင်ပါလိုက်ခဲ့လေ"

"ငါ့ကို ဆေးရိုးသည်လုပ်ခိုင်းမလို့လား"

"အဲဒီသဘောမျိုး သက်ရောက်နိုင်လို့လား"

"မသိနိုင်ဘူးလေ…နင်ပဲသွားပါ…ငါ မလိုက်တော့ပါဘူး"

ခွန်းချို ဘာမှဆက်မပြောတော့ဘဲ မာန့်ဘက်သို့ လှည့်လိုက်လေသျှင် မာန်ကလည်း ကားပေါ်မှ ဆင်းလာပြီး ခွန်းချိုဆီသို့ လှမ်းလာနေသည်။ မာန့်အကြည့်က ခွန်းချိုကို ကျော်၍ အာရုံဆီသို့ ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



ချေ၏။ အပြုံးချင်း ဖလှယ်မိပြီးကြခိုက်...

"အာရုံ...မင်းကရော"

အာရုံက ခေါင်းခါပြီး ခွန်းချိုကို မေးဆတ်ပြကာ တစ်ဆက်တည်းပင် လက်နှစ်ချောင်းထောင်ပြီးပြလေသဖြင့် မာန်က မျက်စိတစ်ဖက် ပြန်မှိတ်ပြပြီး ရယ်လေ၏။ အာရုံ ဘယ်အဓိပ္ပာယ်ဆောင်၍ မျက်ရိပ်ပြသည်ကို မာန် နားလည်ပါသည်။ မာန့်စိတ်ကို အာရုံက နားလည်ပြီးသားပဲ ဖြစ်လိမ့်မည်ထင်၏။ မာန် အာရုံနားသို့ကပ်ကာ-

"မင်းအတွက်ရော အဖော်လိုဦးမလား"

"အပူမရှာချင်ဘူး"

"သေချာလို့လား"

"အမေမှာတဲ့စကားပါ"

မာန်က အာရုံခေါင်းကို ဆတ်ကနဲ ပုတ်ကာ-

"သားလိမ္မာလေးပေါ့"

"တစ်ဝက်လောက်တော့ မှန်တယ်"

နားလည်မှုတွေ ဖလှယ်ကာ တစ်ဦးကိုတစ်ဦး စိုက်ကြည့်ပြီး ပြုံးပြနှုတ်ဆက်လိုက်သည်။

"ဒါဆို ငါ သွားမယ်"

"အိုကေ"

မာန် ခွန်းချိုဘက်သို့ ပြန်လှည့်ပြီး ခွန်းချို လက်ကလေးကို ဆုပ်ကိုင်လိုက်သည်တွင် ခွန်းချိုက မလုံမလဲဟန်နှင့် အာရုံကို ပြန်ကြည့်လေ၏။ အာရုံ မျက်နှာပေါ်မှာ ဘာမှထူးခြားမှု မရှိသလို မာန်ကလည်း





ခွန်းချိုလက်ကို ဆွဲ၍ ကားပေါ်တက်သွားလေသည်။ ကားလေးက သိမ့်ကနဲ ထွက်သွားပြီးနောက်...

"ခွန်းချို"

"ရှင်"

"ကိုယ် မင်းကို မေးစရာရှိလို့"

"မေးလေ"

မာန် ဘယ်ကစမေးရမှန်းမသိသလို ခပ်တွေတွေ စဉ်းစားပြီး-

"ခွန်းချိုနဲ့အာရုံတို့ စခင်ခဲ့ကြတာ ဘယ်လောက်ကြာပြီလဲ"

"အင်း...ဆယ်နှစ်လောက်တော့ ရှိမယ်ထင်တယ်။ ခွန်းချိုတို့က မိုးကုတ်က ပြောင်းလာတာလေ။ အာရုံတို့က နဂိုကတည်းက ခုနေတဲ့ခြံထဲမှာပဲ ရှိနေ။ အာရုံနဲ့ခွန်းချို စတွေ့တုန်းက ရယ်ရတယ် သိလား"

"ကိုယ့်ကို ပြောပြပါလား"

ခွန်းချိုက ရယ်လိုက်ရင်း ခေါင်းညိတ်ပြလေသည်။ ပြီး သူမနှင့် အာရုံတို့ စတင်ဆုံဆည်းခဲ့ပုံကို ပြန်လည်၍ ပြောပြလေတော့၏။

***



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

"ဝုတ်…ဝုတ်…ဝုတ်…ဝုတ်"

"ဂျက်ကီ…ဂျက်ကီ…လာ…လာ…ပြန်လာခဲ့"

အိမ်ပြောင်းကာစနေ့မို့ မြက်ခင်းပြင်ပေါ်မှာပဲ ခွန်းချို ဂျက်ကီဆိုသော ခွေးလေးနှင့် ကစားနေခဲ့သည်။ ထိုစဉ် တစ်ဖက်ခြံမှ ကလေးသံဆူဆူညံညံက ထွက်ပေါ်လာချေ၏။

"ကိုကြီးရေ…ဒီဘက်မှာ ဘူးသီးတစ်လုံး ရင့်နေတယ်"

"အဲဒါ…မျိုးထားတာလေ…သွားမလုပ်နဲ့နော်"

"မျိုးဆိုတာ ဘာကိုပြောတာလဲ ကိုကြီး"

နေခြည်က ကလေးပီပီ နားမလည်စွာ မေးလေတော့ အစ်ကို အဖြေရခက်သွားလေ၏။





"ပြောလေ ကိုကြီးရဲ့…မျိုးဆိုတာ ဘာလဲ"

"မျိုးဆိုတာ သန္ဓေသားကို ခေါ်တာပေါ့"

"ကိုကြီးပြောတာကို ညီမလေး နားမလည်ဘူး"

"ဟိုဟာလေဟာ"

အာရုံ ခေါင်းကို တဖျင်းဖျင်း ကုတ်၍ ဘယ်လိုနားလည်အောင် ရှင်းပြရမလဲဟု စဉ်းစားနေမိသည်။ စကားပြောသံများကြောင့် ခွန်းချိုသည်း တစ်ဖက်ခြံထဲသို့ ချောင်းကြည့်လိုက်သည်။ သူမနှင့်ရွယ်တူ ကောင်လေးတစ်ယောက်နှင့် ခပ်ငယ်ငယ် ကောင်မလေးတစ်ယောက်ကို မြင်လိုက်ရသဖြင့် အဖော်ရပြီဟု တွေးကာ ခွန်းချို အားတက်သွားသေး၏။

"ဟိုလေကွာ…ဘယ်လိုခေါ်မလဲ…လူတွေမှာဆိုရင် မိန်းမတွေ ဗိုက်ကြီးလာတာ ညီမလေး သိတယ်မို့လား"

"အင်း"

"အဲဒီလိုဗိုက်ကြီးထဲက နောက်တော့ ကလေးလေး ထွက်လာတယ်လေ။ အဲဒီမွေးလာတဲ့ ကလေးလေးကို မျိုးစေ့လို့ ခေါ်တယ်။ အဲဒီလိုပဲလေ…ဘူးသီးကလည်း ခေါင်းလေးသေးပြီး ဗိုက်ကြီးပူနေတာ ညီမလေး မမြင်ဘူးလား"

"ဒါဆို ဘူးသီးက ဗိုက်ကြီးနေတာပေါ့နော်"

"ဒါပေါ့…ဘူးသီးရဲ့ဗိုက်ထဲမှာ ကလေးလေးတွေ ရှိတယ်လေ။ သူ့ကို မခူးတော့ဘဲထားလိုက်ရင် ကလေးတွေအများကြီး မွေးပြီး နောက်ထပ်အပင်တွေ အများကြီး ပေါက်တာ…ဟဲ…ဟဲ"



www.burmeseclassic.com

www.burmeseclassic.com



အာရုံက လက်ဟန်ခြေဟန်နှင့် ရှင်းပြပြီး ရယ်လေသည်။ နေခြည်ကတော့ ဘူးသီးကို မော့ကြည့်ပြီး ခေါင်းတဆတ်ဆတ် ညိတ်လေသည်။ ပြီးတော့မှ…

"ဒါဆို ဒီဘူးသီးက မိန်းမပေါ့နော်"

"အင်း"

"သူ့ယောကျ်ားက ဘယ်မှာလဲဟင်…ကိုကြီး"

နေခြည့်အမေးကြောင့် အာရုံ မျက်နှာရှုံ့မဲ့သွားလေသည်။ ပြီး… ကျစ်ကနဲလုပ်ကာ…

"အဲဒါတော့ ငါလည်းမသိဘူး၊ နင်သိချင်ရင် မေမေ့… သွားမေး"

အာရုံ စိတ်တိုစွာ ပြောလိုက်ပြီး လှည့်ထွက်သွားရန် ခြေလှမ်း… လိုက်စဉ်…

"ဟယ်…ခွေးကြီး"

နေခြည့်နှုတ်မှ အထိတ်တလန့်ဆိုသံကြောင့် လှည့်ကြည့်လိုက်… တော့ အမွေးဖွားဖွားနှင့် ခွေးဝါကြီးက သူတို့ဆီသို့ ပြေးလာနေသည်… ခွန်းချိုလည်း သူမ ခွေးနောက်သို့ ပြေးလိုက်ရချေ၏။

"ဟာ…ဟုတ်တယ်…ညီမလေး…ပြေး…ပြေးမှ"

အာရုံ ညီမဖြစ်သူလက်ကိုဆွဲ၍ မောင်နှမနှစ်ယောက် မာ… ပြိုင်ပွဲဝင်ရလေတော့၏။ ခြေလှမ်း ဘယ်လောက်ကျဲကျဲပြေးသည်… ပုဆိုးနောက်နားစက ဗြဲကနဲ ပြဲသွားလေတော့သည်။ ဒါပေ… ဂရုမစိုက်နိုင်။ ခွေးက သူတို့နှင့် နီးကပ်လာပြီမို့ အာရုံ လုပ်မိလုပ်…





သုပ်လိုက်ရသည်။

ဘာလဲဆိုရင် အနီးတွင် ကြောက်အားလန့်အားနှင့် ဆွဲမိဆွဲရာ ဆွဲလိုက်တာ ခရမ်းသီးတစ်လုံးက လက်ထဲသို့ ပါလာလေလျှင် ခွေးက နေခြည့်ခြေထောက်ကို ကိုက်ဖို့ ပါးစပ်အဖြဲ ကြောက်အားလန့်အားနှင့် ခရမ်းသီးလုံးရှည်ကြီးကို ခွေးပါးစပ်ထဲသို့ ထိုးထည့်လိုက်လေသည်။

လျှပ်တစ်ပြက်အတွင်းမှာ ဖြစ်သွားသည်က ခရမ်းသီးလုံးကြီးကို ခွေးပါးစပ်ထဲသို့ ထိုးထည့်ပြီး ကြောက်အားလန့်အားနှင့် အာရုံ သတိလစ်သွားလေသည်။ ခွေးကလည်း ခရမ်းသီးလုံးကြီးကို ကိုက်လျက် ကြောက်လန့်ကာ နောက်ကြောင်းပြန်လှည့်ပြေးလေတော့၏။

❀❀❀



www.burmeseclassic.com

## အခန်း (၁၈)

"ဟား...ဟား...ဟား"

"ခစ်...ခစ်"

ခွန်းချို အပြောလေးကြောင့် အာရုံအဖြစ်ကို မြင်ယောင်ပြီး ရယ်မိကြလေသည်။

"တော်တော်ရယ်ရတဲ့ကောင်ပဲ"

"အင်းလေ...ခွန်းချိုဆိုရင် သူ့ ဆေးရုံကဆင်းလာတော့ သူ့ကို ကြည့်ကြည့်ပြီး ရယ်ရတာ"

စကားသံလေးတွေ တိတ်ဆိတ်သွားပြီး အရယ်ကို အဆုံးသတ်လိုက်ကြ၏။ မာန့်မျက်လုံးတွေက ကောင်းကင်က ကြယ်တစ်ပွင့်လို





ခင်းချည်မိုတ်ချည် ဖြစ်နေ၏။ အကြောင်းပြချက် ပေးစရာမလိုဘဲ သူ့စိတ်ကို ခန့်မှန်းလို့ ရနိုင်ပါသည်။ မာန့်နှလုံးသားက ပစ်မှတ်တစ်ခုသည့် ခွန်းချိုအတွက် သာယာသော တေးဆိုသံမဟုတ်တဲ့ နာကျင်ဖွယ်ရာ ငိုချင်းသံများ ဖြစ်လာနိုင်မလား။

ခွန်းချို၏နှလုံးသားသည် တသမတ်တည်း အချိန်မှန်လည်ပတ်နေတဲ့ နာရီတစ်လုံးဆိုရင်တော့ မာန့်ဘဝသည် စမ်းချောင်းထဲက ခရုသေတစ်လုံးဖြစ်မှာ အမှန်ပင်။ ဘာပဲဖြစ်ဖြစ် မာန် နှလုံးသားတံခါးကို ဖွင့်ဖို့ သော့တစ်ချောင်းက အဆင်သင့်ဖြစ်နေပြီ။ နှလုံးသား၏ တောင့်တမှုကို သူ မတားဆီးနိုင်တော့။

"ခွန်းချို"

"ဟင်"

ခေါ်သံက တိုးလျလျရယ်ပါ။ မာန့်အပြုံးက မဲ့တရိနှင့်ဖြစ်ပြီး..

"ချစ်တယ်"

"ရှင်"

"မကြားဘူးလား"

"ကြား...ကြားပါတယ်"

"သေသေချာချာကြားအောင် ထပ်ပြောမယ်"

ခွန်းချို မျက်လွှာလေးချပြီး ရှက်ပြုံးလေးပြုံးမိလေတော့သည်။

"မင်းကို ကိုယ် ချစ်တယ်...အရမ်းချစ်တယ်"

"................"

"ခွန်းချိုက ကိုယ့်ကို ပြောဦးလေ"

www.burmeseclassic.com



"ဟင်…ဘာပြောရမှာလဲ"

"ချစ်တယ်လို့ပေါ့"

မဆွတ်ခင်က ညွတ်ချင်နေတဲ့ ခွန်းချို…ရင်ထဲမှာရှိတာကို ရှိတဲ့အတိုင်းသာ…

"အင်း…ချစ်တယ်"

ဟု တိုးတိုးလေး ဆိုလိုက်သည်။ မာန် ဟန်မဆောင်နိုင်အောင် ပင် ဝမ်းသာကြည်နူးလျက် ခွန်းချို လက်ကလေးကို ဆွဲယူ၍ နမ်းရှိုက် လိုက်သည်။

"အို"

ခွန်းချိုက ရှန်းလေတော့ အလိုက်သင့်ပဲ ပြန်လွှတ်ပေးလိုက်၏ ဒီစကားလုံးလေးကို ခွန်းချို သူ့အလိုလို နားလည်လာတဲ့နေ့ရောက်မှပဲ သူ…

✽✽✽





# အခန်း (၁၉)

သမီးက ကျောင်းသွားသည်မို့ ဒေါ်နုနုတစ်ယောက်တည်း ထမင်းပွဲကို အဆင်သင့်ပြင်လျက် သားပြန်အလာကို မျှော်နေမိသည်။ အမန်းထဲတွင် ကပ်ထားသော သား၏ချောမောသောရုပ်နှင့် ပိုစတာ လေးကိုကြည့်၍ တစ်ကိုယ်တည်း ပြုံးလိုက်မိ၏။ ခုဆိုရင် သားက အောင်မြင်တဲ့ အဆိုတော်မင်းသားဖြစ်နေပြီ။ တိုက်ခန်းခြံနဲ့ဝယ်ပြီးနေဖို့ ပြောပေမယ့် သူမ ထိုအဆိုကို ပယ်ချပစ်ခဲ့သည်။

သည်ခြံလေးသည် သူမတို့မိသားစုလေးကို အလုပ်အကျွေးပြုခဲ့ သော ကျေးဇူးရှင်လေးမို့ ငါးစိမ်းမြင်လို့ ငါးကင်ကို မပစ်လိုပါ။ ထို့ကြောင့် သည်ခြံလေးထဲမှာပဲ ခေါင်းချတော့မည်ဟု ဆုံးဖြတ်ပြီး သည်ခြံလေးထဲမှာပဲ အိမ်ကို ဆောက်စေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လေး"

ခေါ်သံကြောင့် လှည့်ကြည့်လိုက်တော့ ခွန်းချိုနှင့်သားကို တွဲလျက် တွေ့လိုက်ရသည်။ ဒေါ်နုနု မတ်တတ်ရပ်နေသော သားဆီသို့ လျှောက်လာခဲ့ရင်း…

"သား ပြန်လာပြီ…မေမေက ထမင်းစားဖို့ သားကို စောင့်နေတာ"

ဒေါ်နုနုစကားကြောင့် မာန် ပြုံးလိုက်ရင်း ခွန်းချို မျက်နှာကို ကြည့်လိုက်၏။ ခွန်းချိုကလည်း သွားတက်ကလေးတွေပေါ်အောင် ရယ်ကာ…

"သေသေချာချာကြည့်ပါဦး ဒေါ်လေးရဲ့…အာရုံ ဟုတ်ရဲ့လားလို့"

"မှားစရာလား သမီးရယ်…ဒေါ်လေးသားကို ဒေါ်လေး မှန်းမှန်း သွားတောင် မှတ်မိတယ်။ ဘာလဲ…သားက အဆိုတော်ကြီးဖြစ်လို့ လုချင်ပချင်လာပြီး တစ်ကိုယ်လုံး ပေါင်းတင်လာတာ မဟုတ်လား။ အဟုတ်…အခုမှ သားမျက်နှာလေးက နုဖတ်ပြီး ပိုချောလာတယ်။ ချောလိုက်တာ သားရယ်…မေမေ့သားကို ကြည့်လို့ကိုမဝဘူး"

"မေမေ"

မာန်နှင့်ခွန်းချိုတို့၏နောက်မှ အသံနှင့်အတူ ပေါ်လာသော အာရုံကို မြင်လိုက်ရသည့်အခါ ဒေါ်နုနု မျက်လုံးလေးဝိုင်းသွားလေတော့သည်။

"ဟယ်…ဒါက ဘယ်လို"





လက်ညှိုးလေး တထိုးထိုးဖြစ်နေသော ဒေါ်နုနုကို အာရုံက ထိန်းလိုက်ကာ…

"မေမေ သိပ်အံ့ဩသွားပြီလား"

ဒေါ်နုနု မျက်နှာသည် ချက်ချင်းပင် သွေးမရှိတော့သလို ဖျော့ရော်သွားရ၏။ ကိုယ့်အကြောင်းကိုယ်ပဲ သိသည်လေ။ ဘုရား…ဘုရား…မဖြစ်ပါစေနဲ့။

"သားတို့နှစ်ယောက်ကို မေမေ ခွဲမရတော့ဘူးမို့လား"

ဒေါ်နုနု ခေါင်းကိုသာ ညိတ်ပြလျက် ဖျက်ယွင်းနေသော မျက်နှာကို ထိန်းလိုက်ရ၏။

"မေမေဖြင့် အံ့ဩလို့မဆုံးတော့ဘူး သားရယ်…အစကတော့ ဆင်ဆင်တူတယ်လို့ပဲ ထင်တာ။ ခုတော့ ခွဲမရအောင် တူနေပြီ"

"မတူညီတဲ့ အချက်တွေကို ကျုံ့တော်ပဲ တန်းညှိပစ်လိုက်တာ ဒေါ်လေး"

"မာန်…အထဲဝင်လေ"

အာရုံက မာန့်ကို ခေါ်လိုက်ပေမယ့် မာန်က…

"မဝင်တော့ဘူး အာရုံ…ငါ ကုမ္ပဏီသွားရဦးမယ်"

"ဒါဆိုလည်း မတားတော့ဘူး"

မာန်က ဒေါ်နုနုမျက်နှာကို အကဲခတ်သလိုကြည့်ပြီး နှုတ်ဆက်ကာ ထွက်ခွာသွားလေသည်။ ခွန်းချိုလည်း ထို့အတူ ပြန်သွားလေရာ သူတို့နှစ်ဦးကို ငေးမောကာ ဒေါ်နုနု သက်ပြင်းချလေသည်။

"မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

အာရုံက ပြုံးနေပေမယ့် ဒေါ်နုနုရင်မှာတော့ မီးပုံပွဲကြီး ကျင်းပ နေသည့်အလားပင်။ အာရုံမျက်နှာကို ခပ်စူးစူး မော့ကြည့်ကာ–

"မင်း...ငါ့သား ဟုတ်ပါတယ်နော်"

"အာ...မေမေကလည်း သားက မေမေ့သားမဟုတ်လို့ ဘယ်သူ့သားဖြစ်ရဦးမှာလဲ"

"သား ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ"

အာရုံက မိခင်၏ခါးကို ဖက်လိုက်ရင်း...

"ဘာတွေ လျှောက်တွေးနေတာလဲ မေမေရာ...အဲဒီလို မယုံ သင်္ကာ မျက်လုံးကြီးနဲ့ သားကို မကြည့်ပါနဲ့၊ သားတို့မှာ ဘာအကြ အစည်မှ မရှိဘူး။ ခုလိုလုပ်တာ သားတို့နှစ်ယောက်စလုံး လူမှားခံ တာကို ပျော်လို့"

ဒေါ်နုနု မျက်ဝန်းပေါ်မှာ မျက်ရည်မြစ်နှစ်သွယ်က ဖြတ်သန်း လျက် ပါးပြင်ပေါ်သို့ စီးကျလာချေ၏။ ဖြစ်ရပ်မှန်ကို မသိလို့ သား ပျော်နေနိုင်ပေမယ့် သားဘဝ၏ဒိုင်ယာရီကို နိဒါန်းပျိုးခဲ့သော သူမ တော့ ပျော်နိုင်ပါ့မလား။

"မေမေ...မေမေ ဘာဖြစ်လို့ ငိုတာလဲ"

"သား"

အာရုံကို ဖက်၍ ဒေါ်နုနု ငိုလေသည်။

"မေမေ့ကို ဘယ်တော့မှ ခွဲမသွားပါနဲ့ သားရယ်...သား မေမေ့ကို ပစ်ထားခဲ့ရင် မေမေ ရူးပြီးသေလိမ့်မယ်...သိလား"





"မေမေရယ်...သားဘဝမှာ မေမေနဲ့ညီမလေးက အမြဲတမ်း ထမပါ၊ မေမေ့ကို သားက ဘာဖြစ်လို့ ခွဲသွားရမှာလဲ။ ခွဲခဲ့ရင်တောင် ရှင်ကွဲတော့ ဟုတ်မှာမဟုတ်ဘူး"

"သား"

ဒေါ်နုနု သား၏ပါးစပ်ကို ထိတ်လန့်စွာ လှမ်းပိတ်လိုက်၏။ သူမ သတိလက်လွတ်ဖြစ်၍ မှားသွားခဲ့ပြီ။ တကယ်တော့ သူမ ဒီစကားတွေကို သားရှေ့မှာ မပြောသင့်ပါဘူးလေ။ နှလုံးရောဂါသည် ဖြစ်တဲ့သားကို သူမ ဒီစကားတွေကို ပြောသင့်လို့လား။ သား စိတ်အား ငယ်သွားမှာကို စိုးရိမ်မိသည်။ နှလုံးအစားထိုးကုနိုင်မှ ရောဂါပျောက် မည့်သားလေး လူ့ဘဝမှာ ဘယ်လောက်ကြာကြာနေရဦးမှာလဲ။

သူမ သားအပေါ်ချစ်ခဲ့တာသည် ခုတော့ နှစ်ရာသို့ရောက်ခဲ့ တော့၏။ ဆင်းရဲနွမ်းပါးသည့် သူမသည် သားရောဂါကို မကုနိုင်ခဲ့။ သားကို သူမ သိမ်းပိုက်ထားခဲ့တာသည် သေမင်းလက်ကို ဝါးကွပ် အပ်လိုက်သလိုပါပဲလား။

ခုဆိုရင် သူ့အတတ်ပညာနှင့်သူ ငွေရှာလို့ရနိုင်လာတဲ့အချိန် ရောက်တော့ ရောဂါက လမ်းတစ်ဝက်ကို ကျော်လွန်နေခဲ့ပြီ။ သူမ ဘာလုပ်ရမလဲ။ တစ်ကိုယ်တည်း ကျိတ်မှိတ်ပြီး ခံစားရတာလည်း သေအနာတွေက ရင်နှင့်မဆံ့တော့။

"မေမေ"

"သား"

"မေမေ...သားကို မှန်မှန်ပြောပါ။ ဘာဖြစ်လို့ ခွဲခွာရမယ့်



www.burmeseclassic.com

www.burmeseclassic.com



စကားတွေကို မမေ ပြောနေတာလဲ။ မမေ့မှာ သားကို မသိစေချင်တဲ့ လျှို့ဝှက်ချက်တစ်ခုရှိနေတယ်လို့ သား ထင်တယ်"

ဒေါ်နုနုတစ်យောက် မျက်ရည်ကိုသုတ်၊ အပြုံးကို နံရံတစ်ခု သဖွယ် ကာရံ၍ သား၏ဆံကေသာလေးကို ပွတ်သပ်ကာ…

"မမေ့မှာ ဘာလျှို့ဝှက်ချက်မှ မရှိပါဘူး သားရယ်…သားက အောင်မြင်လာတဲ့ အဆိုတော်တစ်ယောက်ဆိုတော့ ချူချင်သူတွေ ဝိုင်းဝိုင်းလည်နေတာလေ"

"ဪ…သိပြီ…မမေက သား မိန်းမယူပြီး မမေ့ကို ထားခဲ့မှာစိုးလို့လား"

ဒေါ်နုနု ခေါင်းညိတ်ပြလေတော့ အာရုံ မျက်နှာလေး ပြုံးယောင် သမ်းသွားလေ၏။ ၎င်း၏နောက်ကွယ်မှာတော့ နှလုံးသား၌ နာကျင်ခြင်းတွေက တန်းစီနေကြသည်ကို သူသာ အသိဆုံးပါလေ။

"စိတ်ချပါ မမေရယ်…သား ဘယ်မိန်းမကိုမှ လက်ထပ်ဖြစ်မှာ မဟုတ်တော့ပါဘူး။ သားရဲ့ ချစ်တတ်တဲ့နှလုံးသားတွေကို ထာဝရ သော့ခတ်သိမ်းထားလိုက်ပါပြီ"

"မမေ့ကြောင့်တော့ ဒီလို မဆုံးဖြတ်ပါနဲ့ သားရယ်… အချစ်ကြောင့် ကမ္ဘာကြီးက ရှင်သန်ဖူးပွင့်လာခဲ့တာပါ။ နှလုံးသားရှိတဲ့ လူတိုင်း ချစ်တတ်ကြတာပဲ။ သားမှာလည်း နှလုံးသားနဲ့လေ။ မမေ့ ကြောင့်တော့ သားရဲ့နှလုံးသားကို အမှောင်မချပါနဲ့၊ မမေ လက်မခံ နိုင်ဘူး…သား"

အာရုံ ခေါင်းကို လေးတွဲ့စွာ ခါယမ်းလိုက်သည်။ ရီဝေသော





မျက်ဝန်းအစုံက ငေးမောနေသည်မှာ ဘယ်အရာကိုဟု တိတိကျကျ မျက်ဝန်းထဲမှာ နေရာမရ။ သူ့ရင်ထဲက ခံစားချက်တို့သည် နိုင်ငံယာရီ ထဲမှာပင် ရေးသား၍ ရင်ဖွင့်ထားရုံနှင့် လုံလောက်မည်မဟုတ်တော့။

"အချစ်ဆိုတာ ပုံသေအလွတ်ကျက်ထားလို့မှ မရတာ မမေ ရယ်…သားရဲ့နှလုံးသားတွေဟာ လူတစ်ယောက်ကြောင့်ပဲ ရှင်သန် ပွင့်လာခဲ့သလို အဲဒီလူတစ်ယောက်ကြောင့်ပဲ စိတ်သုဉ်းပျောက်ကွယ် သွားလိမ့်မယ် ထင်ပါရဲ့"

"သား"

ဒေါ်နုနု သားမျက်နှာကို မော့ကြည့်ကာ စိတ်ထိခိုက်သွားရ၏။ သားရင်ထဲမှာ ဘာတွေဖြစ်နေသလဲဆိုတာ သူမ သိလိုက်ပါပြီ။

"အဲဒီလူဟာ ခွန်းချို မဟုတ်လား"

"ဖြစ်နိုင်ရင် ခေါင်းခါလိုက်ချင်ပါတယ် မမေ…ဒါပေမယ့်"

ပြတ်တောက်သွားသော စကားသံကပင် ပုစ္ဆာတစ်ပုဒ်ကို အသင့်အဖြေထုတ်ပေးသည့် အထူးထုတ်စာအုပ်တစ်အုပ်လို။ ဝေဒနာ ကို အဝေးသို့ နှင်ပေးချင်ကာမှ သံလိုက်၏ဆွဲအားက ဒဏ်ရာတွေကို ဆွဲယူပြီးသား၏ ရင်ဘတ်ထဲသို့ သွတ်သွင်းပေးနေပါပြီ။

"မမေ…သားကို ကတိတစ်ခုတော့ပေးပါ"

"မမေ ဘာကတိပေးရမလဲ…သား"

"ဒီအကြောင်းတွေကို မာန်နဲ့ခွန်းချို လုံးဝ မသိပါစေနဲ့"

အာရုံ ခေါင်းကို ငိုက်စိုက်ချလျက် အိမ်ထဲသို့ဝင်သွားလေတော့ သည်။ သူ့ဘဝဟာ မာန်မာန၏ကျေးဇူးကြောင့် အသွင်သစ်နဲ့ စင်မြင့်ကို



www.burmeseclassic.com

www.burmeseclassic.com



ရောက်ခဲ့ပေမယ့် ဥယျာဉ်မှူးဆိုတာ ပန်းခူးရဖို့ မလွယ်ပါလား ခွန်းချို ရယ်။ ကိုယ်နဲ့ မထိုက်တန်လို့ အခိုက်မမှန်တဲ့ ပန်းပွင့်ကလေးကို ဒီဘဝ ကို ဦးလှည့်ပါလို့ အတင်းအဓမ္မ ဆွဲလှည့်ဖို့ ကြိုးစားတဲ့ ဥယျာဉ်မှူးမျိုး ငါ ဘယ်တော့မှ အဖြစ်မခံပါဘူးဟာ။ နင် ဝေလိုရာဝေ…နင် ကြွေ လိုရာကြွေပါတော့ ခွန်းချို။

***





## အခန်း (၂၀)

“မာန်”

ထမင်းငုံ့စားနေရင်းမှ မမကြီး၏ခေါ်သံကြောင့် မာန် ခေါင်း ထောင်ကြည့်လိုက်သည်။

“မင်း…ခုတစ်လော ဘာတွေလုပ်နေတာလဲ”

ဘာကို ရည်ရွယ်မေးသည်ဆိုတာ မာန် မသိဘဲနေပါ့မလား။ အစကတည်းက ဒီလိုလုပ်ရင် ဒီမေးခွန်းတွေ အမေးခံရမယ်ဆိုတာ ဦးနှောက်ထဲမှာ ထည့်ပြီးသား။ ဒါကြောင့် အဖြေကို ကြိုတင်၍ ထုတ် ထားခဲ့တာမို့ အေးအေးဆေးဆေးပင် ထမင်းကို ဆက်စားလိုက်၏။ အေးတိအေးစက်လုပ်နေသော မာန့်လက်မောင်းကို သူ့ဓာမွန်က ခွန်းကာနဲ ရိုက်ပစ်လိုက်လျှင်…



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…ဘာဖြစ်တာလဲ၊ ဒီမှာ ထမင်းစားနေတာလေ"

"မေးတာကို ဘာဖြစ်လို့ မဖြေတာလဲ"

"မလိုအပ်လို့ မဖြေတာ…ရှင်းပြီလား"

"အလိုတော်"

မာန်နှင့်မမလေး မတည့်ကြတာ အဲဒါတွေ။ ထစ်ကနဲဆို ဒိုးတ… ဒေါက်ကနဲ လုပ်တတ်သော မမလေးနဲ့ တင်းစီးတာကို မကြိုက်သော မာန်။ အမှန်က ဖြေမလို့ပါပဲ။ ဒါပေမယ့် မာန်က သူ့ကို အထက်စီး… လေသံနှင့် အမိန့်ဆန်ဆန် ပြောလာလျှင် အမြဲတမ်း ထော်လော်ကန့်လ… လုပ်ဖစ်တတ်သူပင်။ သူ့အထာကို မမကြီးနှင့်မမလတ်က သဘော… ပေါက်ပါသည်။ ထို့ကြောင့် ကေခိုင်မွန်က…

"နင် ကြားဖြတ်ဝင်မပါနဲ့ သူဇာ…နင်နဲ့မာန်က ဆေးချေး… တောက်တဲ့ မမ မေးလိမ့်မယ်"

"ဖြေမလို့ပါပဲ…ကြားကားဝင်ဆွဲလို့ တမင်ရပ်ထားတာ"

ချောစုမွန်က ပြုံးလိုက်ရင်း

"ကဲ…ဖြေပါဦး…ဘာတွေစိတ်ကူးပေါက်နေတာလဲ"

"ကျွန်တော့်လုပ်ရှားမှုတွေက များနေတော့ မမကြီးက ဘယ်… အရာကို သိချင်တာလဲ"

"အာရုံဦးဆိုတဲ့ အဆိုတော်ကောင်လေးရဲ့ကိစ္စကို သိချင်တာ"

တော်ပါသေးရဲ့။ ခွန်းချိုနဲ့ကိစ္စကို မသိလို့။ ဒါလည်း ကိစ္စ… ပါ။ ဟုတ်လားမေးရင် မာန် ခေါင်းညိတ်လိုက်ရုံသာ။

"ကျွန်တော်က မပိုင်ရင် ပိုင်တစ်ခွက်တောင် သူများ…





…သကားတိုက်တာ မဟုတ်ဘူးဆိုတာ မမကြီး သိပါတယ်။ အာရုံဦး …တက်လမ်းရှိနိုင်ပြီး ငွေမရှိဘူး။ အဲဒီတော့ ငွေရှိတဲ့ ကျွန်တော်က …တုန်ခံပြီး စီးရီးထုတ်တယ်။ ခု အာရုံဦးက ပေါက်သွားပြီလေ။ …လည်း အခေင်ပြေ…ကိုယ်လည်း အကျိုးအမြတ် ခံစားရတယ်။ …ရှင်းလေးပဲ"

ကေခိုင်မွန်က ဝတ်ယူသလို ခပ်မိန့်မိန့်ကြီးပြုံးတာ သူဇာမွန်ကို …ယ်နှယ်လဲဟူသော သဘောနှင့် မေးဆတ်ပြလေသည်။ ချောစုမွန် … ထမင်းစားခြင်းကို လက်စသတ်ပြီး…

"မာန်မာနသရီးကို နေ့ချင်းညချင်း တိုးတက်အောင်လုပ်နိုင် …့ မောင်လေးအရည်အချင်းကို မမကြီး ယုံပါတယ်။ မမကြီး မယုံ …ည်တာက မင်းရင်ထဲက နှလုံးသားကို"

"ဗျာ"

မာန် မျက်ခုံးနှစ်ဖက် မြင့်တက်သွားလေသည်။

"မမကြီး ဘာကိုဆိုလိုတာလဲ"

မာန့်အမေးကြောင့် အပြောရခက်စွာ ချောစုမွန် ညီမဖြစ်သူ …ခိုင်မွန်ကို လှမ်းကြည့်၍ စစ်ကူတောင်းလိုက်သည်။ ကေခိုင်မွန်က …တွေးတစ်ချက် မှိုချလိုက်ပြီး…

"အမှန်အတိုင်းပြောရရင် မောင်လေးနဲ့ အဲဒီအာရုံဦးဆိုတဲ့ …ာင်လေးရဲ့ဆက်ဆံရေးကို စိတ်မချတာပါ။ အရမ်းရင်းနှီးနေတယ် …့ ကြားလို့"

မာန် စိုးရိမ်လွန်နေသော မမတွေကို အပြစ်မမြင်ပါ။ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



အရိပ်လိုကြည့်နေကြသော မမတွေ၏ ရင်ထဲက ခံစားချက်တွေ
သူ နားလည်နိုင်ပါသည်။

"ကျွန်တော့်ကို ယုံကြည်ပေးကြပါ။ အမှန်ကို ဝန်ခံရရင် အ
အပေါ် ကျွန်တော် သံယောဇဉ် တွယ်မိခဲ့တာ မှန်ပါတယ်။ ဒါပေမ
အဲဒီသံယောဇဉ်ဟာ ၅၂၈ ဆိုတဲ့အဖြူရောင်နဲ့ပါ"

"မီးဆိုတာ မလောင်ခင်တားရတယ် မာန်"

မညှာမတာ ဝင်ပြောလိုက်သူက သူဇာမွန်။ မာန် ထပ်
ဆင်ခြေမပေးပါ။

"မမတို့ အာရုံသီချင်းကို နားထောင်ဖူးပြီလား"

"တို့မှာ အချိန်ပိုရှိလို့လားဟယ်"

"ဒါဆို မမတို့ ကျွန်တော်နဲ့လိုက်ခဲ့"

"ဘာလုပ်မလို့လဲ"

"ကြည့်လိုက်ရင် သဘောပေါက်သွားမှာပါ"

မာန် ထမင်းစားလို့ ဝပြီမို့ တီဗီရှိရာ အခန်းဆီသို့ ထွက်လာ
သည်။ မမတွေ အမြင်ရှင်းမှ သူနဲ့အာရုံက ဆက်သွယ်လို့ရ
ဆင်ခြေပေးနေမယ့်အစား လက်တွေ့ ဓားက ပိုပြီး ထက်မြက်
မည်။ အစ်မသုံးယောက်သည်လည်း တစ်ယောက်မျက်နှာ
တစ်ယောက်ကြည့်ကာ မာန့်နောက်မှ လိုက်ပါလာခဲ့၏။

တီဗီရှေ့သို့ အားလုံးရောက်လာချိန်တွင် အာရုံစီးရီးခွေကို
ဖွင့်ပြလိုက်၏။ ပထမဆုံးသီချင်းမှာပင် ဖန်သားပြင်ပေါ်မှာ အာရုံ
လှသာက တည်ငြိမ်စွာနှင့် ပေါ်လာခိုက်ဝယ်...





"ဟယ်...မာန်...နှင်"

အစ်မသုံးယောက်စလုံး၏ မျက်လုံးတွေက မာန့်မျက်နှာပေါ်မှာ
စုပြုံနေ၏။ မမလေး သူဇာမွန်ဆိုလျှင် မာန့်မျက်နှာကို လက်ညှိုး
ထလေးနှင့် ထိုးပြရင်း ဆွံ့အနေသူပမာ စကားမဆက်နိုင်ဖြစ်နေပါ၏။

"မောင်လေး...မင်း ဒါတွေ ဝင်လုပ်ခဲ့တယ်လား"

"အေးဟယ်...မင်းသားလုပ်ချင်ရင်လည်း စောစောက
ပြောပါလား။ ခုတော့ သူများကို မြေတောင်မြှောက်ပေးပြီးမှ ကိုယ်က
ဇင်သရုပ်ဆောင်ရတာ ဘယ်လောက် အောက်ကျသလဲ"

ဒီစကားတွေပဲ ထွက်လာလိမ့်မယ်ဆိုတာ မာန် ကြိုတင်၍
ခန့်မှန်းထားပြီးသားပါ။ ဖန်သားပြင်ပေါ်မှာ ပေါ်နေသည့် အာရုံကို
သူတို့ မာန်လို့ပဲ ထင်နေကြသည်။

"ဒါ...ကျွန်တော် မဟုတ်ဘူး၊ အာရုံပဲ"

"ဘယ်လို"

အသံက ပြိုင်တူ မာန့်မျက်နှာကို မယုံသလို မော့ကြည့်နေကြ
၏။

"ဟုတ်တယ်...အာရုံဆိုတာ သူပဲ။ ဒီလောက်ဆို ကျွန်တော်
ဘာကြောင့် သူ့ကို ခင်တယ်ဆိုတာ မမတို့ သဘောပေါက်လောက်ပါ
ပြီ"

"ယုံတောင်မယုံချင်ဘူးဟယ်"

"ယုံတာ မယုံတာကတော့ မမတို့ကိစ္စပဲလေ။ ကျွန်တော်က
တော့ ရှင်းပြပြီးပြီပဲ"



www.burmeseclassic.com

www.burmeseclassic.com



မာန် ရီမုခ်ကို ခုံပေါ်သို့တင်ခဲ့ပြီး အပြင်သို့ ထွက်လာခဲ့သည်။ ပြီးမှ ဖုန်းကိုဖွင့်ပြီး ခွန်းချို ဖုန်းနံပါတ်ကလေးကို နှိပ်လိုက်သည်။

"ဟဲလို"

"ခွန်းချိုလား…ကိုကိုပါ"

"ပြောလေ ကိုကို…ဘာကိစ္စလဲ"

"ကိုကို့ကို ချစ်လား"

"ဟင်"

"ဘာဟင်လဲ"

"ဟိုနေ့က ပြောပြီးပြီလေ"

"ထပ်ကြားချင်လို့ပေါ့"

"မချစ်ဘူး"

"ဟာ…ခွန်းချို မညစ်နဲ့ကွာ…ကိုကိုက ထပ်ကြားချင်လို့ မေးတာကို"

သူ့စာမွှန်က စပ်စုသလို အနားသို့ တိုးကပ်လာသဖြင့် မာန်က ရှေ့သို့ နည်းနည်းရွှေ့သွားလေသည်။

"အလကား စတာပါ ကိုကိုရယ်…ခွန်းချိုရင်ထဲက စကားကို ကိုကို ကြားပြီးသားပဲဟာ"

"ကိုကို ခွန်းချိုနဲ့ တွေ့ချင်တယ်"

"လာခဲ့လေ"

"အိုကေ…ဒါပဲနော်…ဘိုင့်ဘိုင်"

မာန် ဖုန်းလေးကို အနမ်းပေးပြီး ဝိတ်လိုက်ချိန်တွင်…





"မင်းက ရည်းစားတွေဘာတွေတောင် ရှိနေပြီကိုး"

"ကျွန်တော် လူလားမြောက်သင့်နေပြီလေ"

"နာမည်က ဘယ်သူ…ခွန်းချို ဟုတ်လား"

"ဟုတ်တယ်"

မာန် လှည့်ထွက်သွားမည်အပြုတွင် မမလတ်က သူ့အင်္ကျီစကို သွမ်းဆွဲထားလေ၏။

"နေဦး"

"ဘာလဲ မမလတ်ရဲ့"

"သတိပေးကြေညာချက် ကိုယ့်စာတ်ကိုယ်နိုင်အောင်က အချိန်ချုမှ လွမ်းခန်းဆွေးခန်းတွေ ဖြစ်လာရင် တို့…မကူညီနိုင်ဘူးနော်"

"စိတ်ချ…မာန်မာနပါဗျ…မပိုင်ရင် ဝိုင်တစ်ခွက်တောင် အလကား မတိုက်ဘူး"

သူ့ကိုယ်သူ ဂုဏ်ယူဝင့်ကြွားစွာ လက်မထောင်ပြပြီး မာန် အပေါ်ထပ်သို့ ပြေးတက်သွားလေသည်။ အစ်မသုံးယောက်ကတော့ မာန့်ကျောပြင်ကို ကြည့်၍ ဟူးကနဲ သက်ပြင်းပြိုင်တူ မှုတ်ထုတ်လိုက်ကြလေ၏။

❧❧



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

ခွန်းချိုတစ်ယောက် လက်ကိုင်အိတ်ကလေးကို ဆွဲယမ်းလျက် အာရုံတို့ခြံထဲသို့ ပြေးဝင်လာခဲ့သည်။ အာရုံကတော့ ပန်းရုံဘေးနားမှာ ဂစ်တာတီးပြီး သီချင်းဆိုနေ၏။ သီချင်းထဲမှာ စိတ်က စီးမျောပါနေသဖြင့် ခွန်းချိုလာတာကို သူ သတိမထားမိပါ။ ခွန်းချို ပန်းပင်လေးနောက်ကွယ်သို့ ဝင်၍ ပုနေလိုက်သည်။

အာရုံဆိုနေသည့် သီချင်းလေးက နားထောင်ကောင်းနေသဖြင့် ခွန်းချို အနှောင့်အယှက် မပေးချင်ပါ။ ဆုံးအောင်ပင် နားထောင်နေလိုက်၏။ အာရုံ သီချင်းလေးဆုံးသွားသည့်အခါကျမှ ပန်းပင်လေးနောက်ကွယ်မှ ထွက်လာကာ…

"ဟိတ်…အာရုံ"





"အောင်မယ်လေးဗျ"

"ဟား…ဟား…ဟား"

အာရုံတစ်ယောက် လန့်ဖျပ်ပြီး လက်ထဲမှ ဂစ်တာကို လွှင့်ပစ်လိုက်သဖြင့် ခွန်းချို သဘောကျစွာ လက်ခုပ်တီး၍ ရယ်လေသည်။ ထို့နောက်မှ အာရုံ ရင်ဘတ်ကို လက်နှင့်ဖိ၍ မျက်လုံးကို စုံမှိတ်ထားတာကို မြင်လိုက်ရမှ ခွန်းချို စိုးရိမ်စွာ အာရုံကိုယ်ကို လှမ်းဖက်ထားလိုက်၏။

"အာရုံ…အာရုံ"

ခွန်းချို အာရုံကို ကြည့်၍ ငိုမဲ့မဲ့လေး ဖြစ်သွားလေသည်။ အာရုံမှာ နှလုံးရောဂါရှိနေတာကို သူမ မေ့သွားခဲ့တာ အမှန်ပါ။

"အာရုံ…အာရုံ"

အာရုံ အတန်ကြာမှ လက်ကာပြရင်း…

"ရတယ်…ငါ ဘာမှမဖြစ်ဘူး"

"ဆောရီးပဲ အာရုံရယ်…ငါ တကယ်မေ့သွားလို့ပါ"

ခွန်းချို ပျာယာခတ်ပြီး လက်ကိုင်အိတ်ကလေးနှင့် အာရုံကို ယပ်ခပ်ပေးလေ၏။

"နင် တော်တော်ဆိုးတာပဲဟာ…အခန့်မသင့်ရင် အသက်ပါသွားနိုင်တယ်…နင် သိလား"

အာရုံ စကားပြန်ပြောလာနိုင်ပြီမို့ စိုးရိမ်စိတ်ကလေးတွေ လျော့ပါးသွားကာ ခွန်းချို သူငယ်ချင်းကို စချင်လာလေ၏။

"သေသွားတော့လည်း အေးတာပဲမဟုတ်လား"

"ခွန်းချို"



www.burmeseclassic.com

www.burmeseclassic.com



အာရုံ့အသံက အဖျားခတ်၍ တုန်သွားလေသည်။ အစ
အထကောက်တာမဟုတ်ပေမယ့် ခွန်းချို့ နှုတ်က သည်စကား ထွ
လာတာကိုပင် သူ့ရင်မှာ နာကျင်ရ၏။ မျှော်လင့်ခြင်းတွေကို လ
ကမ်းပေးတာမဟုတ်ပေမယ့် သူငယ်ချင်းအနေနဲ့တော့ သူ ဒီစကား
ဆိုရက်သတဲ့လား။

"နင် ဒီလောက်တောင်ပဲ ငါ့အပေါ် စေတနာထားလှချည်လား ခွန်းချိုရယ်…နင် ဖြစ်စေချင်တဲ့ဆန္ဒတွေ တစ်နေ့ ဖြစ်လာမှာပါ"

"အာရုံ"

ခွန်းချို ဒုတိယမ္ပိ မှားသွားပြန်ပါပြီ။ တကယ်တော့ သူမ အာ
ကို ရယ်စေချင်လို့ နောက်လိုက်တာပါ။ ဒါပေမယ့် သူမ၏ကျီစယ်
က အာရုံ့အားနည်းချက်ကို ဖိထောင်းလိုက်သလို ဖြစ်သွားပြန်ပါ

"ငါ…ငါ…တောင်းပန်ပါတယ် အာရုံရယ်…တကယ်တော
နင့်ကို ပျော်စေချင်လို့ ငါ စလိုက်တာပါ။ နင့်ကို သေဖို့မပြောနဲ့ ခေါ
တောင် မကိုက်စေချင်တာ ငါ့ရင်ထဲက စေတနာအမှန်ပါဟယ်"

"ငါ သိပါတယ်…ဒါပေမယ့် အမှန်တရားဆိုတာ ကြာကြာ ဖုံးကွယ်ထားလို့ မရဘူး…ခွန်းချို"

"ဘာအမှန်တရားလဲ အာရုံ"

အာရုံက ခွန်းချိုမျက်နှာလေးကို ခပ်ငေးငေးကြည့်ကာ…

"ငါ နှုတ်မှိတ်ပြီး မေ့ထားတဲ့ သေရက်ကို နင်က သတိပေး
လိုက်တာပါ။ ငါ…ငါ့ကိုချစ်တဲ့ ပရိသတ်အတွက် အစွမ်းကု
ကြိုးစားခဲ့မှာပါ"





"နင်က ဘာဖြစ်လို့ သေရမှာလဲ။ နိမိတ်မရှိတဲ့စကားတွေကို ဘာဖြစ်လို့ ပြောနေရတာလဲ အာရုံရယ်"

"ငါ အားလုံးကို သိနေတယ် ခွန်းချို…အားလုံး ငါ့ကို ဝိုင်းလိမ်ထားကြပေမယ့် ငါ သိခဲ့ပါတယ်။ အားလုံး ငါ့အတွက်နဲ့ စိတ်မကောင်းဖြစ်နေမှာစိုးလို့ ငါတစ်ယောက်တည်း မသိဟန်ဆောင်ပြီး ကြိတ်ခံစားနေခဲ့တာ။ ငါ့ရောဂါက နှလုံးအစားထိုးပြီး မကုနိုင်ရင် သေရက်နီးပြီဆိုတာ ငါ သိနေခဲ့တယ်"

ခွန်းချို ဟန်မဆောင်နိုင်တော့ဘဲ အာရုံ ရင်ခွင်ထဲသို့ တိုးဝင်ကာ ငိုရှိုက်မိပါတော့သည်။

"နင် ဒီစကားတွေကို မပြောပါနဲ့လား အာရုံရယ်…နင် ဘာမှ မဖြစ်နိုင်ပါဘူး"

အာရုံ သူ့ရင်ခွင်ထဲမှ ခွန်းချိုကိုယ်လေးကို ခွာထုတ်ပစ်လိုက်သည်။ စိတ်မရှိပါနဲ့ ခွန်းချိုရယ်…ရင်ခွင်ငွေ့ရဲ့ အတွေ့အထိကြောင့် ငါ့စိတ်တွေ မဖောက်ပြန်ပါရစေနဲ့။ အချစ်ဆိုတာ ထိန်းချုပ်ရ အခက်ခဲဆုံးတဲ့ ကျားဆိုးတစ်ကောင်လိုပဲ ခွန်းချို။ မမြင်သာတဲ့အချစ်တွေကို ရင်ထဲမှာပဲ သိုဝှက်ထားပါရစေတော့။ ငါ့ရင်ခွင်တံခါးကို လာလာပြီးခေါက်ခဲ့ရင် အချိန်တန်ရင် နင့်လက်ဆစ်တွေပဲ နာကျင်ကုန်လိမ့်မယ်။ ငါက လဆန်းမှ သာခွင့်ကြုံတဲ့ လမင်းကလေးပါ။ တစ်နေ့ တိမ်ညိုတွေကြားမှာ ငါ့ဘဝက ပုန်းကွယ်သွားရမှာပါ။

"အာရုံ"

"နင်သွားပါတော့ ခွန်းချိုရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါက ဘယ်ကိုသွားရမှာလဲ"

"နင် မာန်နဲ့ သွားတွေ့မလို့မဟုတ်လား"

"နင် လိုက်ပို့ပေးလေ"

ခွန်းချိုက မော့အကြည့် အာရုံက ခေါင်းအငုံ့ အကြည့်ချင်း ဆုံသွားကြလေသည်။

"အရာရာမှာ ငါလိုက်လို့ မသင့်တော်ဘူး ခွန်းချို"

"ဘာဖြစ်လို့ မသင့်တော်ရမှာလဲ။ နင်က ငါ့ရဲ့အချစ်ဆုံး သူငယ်ချင်းလေ"

အာရုံ မျက်နှာကို ဆတ်ကနဲ ပြန်လွှဲလိုက်၏။ ပြီးမှ စိတ်တွေကို ပေါ့ပါးသွားအောင် ကြိုးစား၍ ဟက်ကနဲ ရယ်လိုက်သည်။ ပြီးမှ ခွေယမ်းတိုက်ခတ်လာသော လေပြေညင်းကို တစ်ဝကြီး ရှူရှိုက်လိုက်ကာ ဟာသနှော၍ စိတ်ခတ်တွေကို ရယ်မောစေခဲ့သည်။

"နင် မေ့နေပြီလား"

"ဘာကိုလဲ"

"ငါက နာမည်ကြီးအဆိုတော်လေ…ကိုယ့်အထာနဲ့ကိုယ် နေသင့်နေပြီ။ နင်သွားရာ လျှောက်လိုက်နေရင် ငါ လူပေါ်ကြီးဖြစ်သွားမှာပေါ့"

"အောင်မာ…အဆိုတော်ပေါက်စက ကြီးကျယ်လို့။ လိုက်ပို့တော့ရော နင် ကားကိုပိတ်ပြီး ထိုင်နေတာပဲ မဟုတ်လား။ နင့်ကို ဘယ်သူက မြင်နိုင်လို့လဲ…ပြောပါဦး"

တကယ်တော့ အာရုံ နောက်လိုက်တာပါ။ ပရိသတ်ကျွေးတဲ့ အခင်းကို စားနေခဲ့ရသော အာရုံ ပရိသတ်နဲ့သူ့ကြားမှာ အထာတွေ၊ ဓါဝါတွေနဲ့ စည်းခြားမထားခဲ့။ လူကိုယ်တိုင် တွေ့ကြသည့်အခါမျိုး ပြောနှင့်၊ Facebook ကနေ ဆက်သွယ်တာတို့၊ ဖုန်းဆက်တာတို့ ရှိရင်တောင် အာရုံက မညည်းမညူ ပြန်ပြောပေးခဲ့တာပဲလေ။

ဒါ…ပရိသတ်ကျေနပ်အောင် တုံ့ပြန်နိုင်ခြင်းမဟုတ်လား။

"နင် လိုက်မပို့ရင် ငါ မသွားတော့ဘူး"

"ဟ…ဖြစ်မလား…မာန် မျှော်နေမှာပေါ့"

"မျှော်မျှော်ပေါ့"

ခွန်းချို တကယ်လုပ်တော့မည့်ပုံစံနှင့် ထိုင်ချလေတော့၏။

"ငါ မပါတော့ရော ဘာဖြစ်မှာမို့လို့လဲ။ ကိုယ့်ချစ်သူနဲ့ တွေ့တာပဲ၊ ငါမပါတော့ ပိုပြီး လွတ်လပ်တာပေါ့။ ငါက အရှုပ်ထုပ်ကြီး"

"ကိုယ့်ချစ်သူနဲ့တွေ့တာမှန်ပေမယ့် နင်မပါရင် ငါ မပျော်ဘူး"

"ကျိုင်တက်ပြီ"

"ဘာ"

"ဘာမဟုတ်ဘူး"

ခွန်းချိုက ဆတ်ကနဲ ထကာ ခါးထောက်ရပ်လိုက်သဖြင့် အာရုံ အလျှောက်ကောင်းရတော့၏။ ဘယ်လိုလဲ ခွန်းချိုရယ်…တကယ်ဆို ချစ်သူနဲ့ တွေ့ရတဲ့အချိန်မှာ နင် ငါ့ကို မေ့နေသင့်တာ။ ခုတော့ ဘယ်လိုကြီးလဲ။

"နင် တော်တော် ကတ်သီးကတ်သတ်နိုင်တာပဲ…ငါက နင့်နောက်ကို အဖော်လိုက်ပြီး နင့်ချစ်သူ နင့်ကို ဖက်တာနမ်းတာကို ကြည့်







www.burmeseclassic.com

www.burmeseclassic.com



နေရမှာလား။ ရှက်စရာကြီး…မမိုက်ပါဘူးဟာ”

“အာရုံနော်…နင် ဘာတွေလျှောက်ပြောနေတာလဲ။ ငါက အဲလိုနေပြပါ့မလား”

“ဟ…ချစ်သူတွေလေ…ဒီလို”

“တော်တော့…နင် ဆက်မပြောနဲ့တော့၊ ငါ မသွားတော့ဘူး”

ခွန်းချို နားနစ်ဖက်ကို ပိတ်၍ ထိုင်ချလိုက်ပြန်သည်။ ခွန်းချို ရှက်သွားပုံကို ကြည့်၍ အာရုံ တဟားဟား အော်ရယ်လေသည်။

“ကောင်မလေး ရှက်သွားပြီ”

“အာရုံနော် ငါ ငိုလိုက်မှာ”

အာရုံက လက်ပိုက်၍ ရပ်လိုက်ရင်း…

“ကဲပါ သခင်မရယ်…ကျွန်တော်မျိုး သခင်မအမိန့်ကို နာခံပြီး အရှင်မင်းတရားကြီးလက်ဝယ်ထံ လိုက်လံ၍ အပ်နှံပေးပါ့မယ်ခင်ဗျား ကဲ…ကျေနပ်ပြီလား”

ခွန်းချိုက ဈေးကနေ ခုနထကာ အာရုံ့ပါးပြင်ကို ဆွဲလိမ်လိုက်လေ၏။ ပြီး အာရုံလက်မောင်းကို တွဲခိုလျက် ခုန်ပေါက်ပျော်ရွှင်သွားလေသည်။ အာရုံ နားထဲမှာတော့ ခွန်းချို၏ လွှတ်ကနေ ထွက်သွားသော စကားသံလေးက…

“အဲဒါကြောင့် နင့်ကို ချစ်တာ သိလား”

ခွန်းချိုရယ် ကျွန်စစ်မင်းရဲ့နှလုံးသားဟာ ငါ့မှာများ ဝင်စားနေရောသလား။ အကြင်ဦးပေမယ့် ခင်ဦးကို စွန့်လွှတ်ခဲ့ရတဲ့ ကျွန်စစ်သားဟာ တစ်ချိန်က ငါ့လိုပဲ ခံစားခဲ့ရမှာပေါ့နော်။ ကျေးဇူးရှင်မင်းတရားကြီးအတွက် နှလုံးသားကို ဖြိုဖျက်ပြီး ခြေတော်ရင်းမှာ ဝပ်စင်းခစားခဲ့တာ မဏိစန္ဒာကို မချစ်လို့ မဟုတ်ခဲ့ဘူး ခွန်းချို။

ကျေးဇူးတရားဆိုတာ ထမင်းတစ်လုတ်စားခဲ့ရတာကိုပင် ဆပ်လို့ကုန်နိုင်ဘူးတဲ့။ ရပ်ချင်းခွဲလို့မရတဲ့ မာန်နဲ့ငါ့ကြားမှာ နင့်နှလုံးသားတွေ မပြတ်သားဘူးဆိုတာ ငါ သိနေပါတယ် ခွန်းချို။ နင်ဟာ မာန်နဲ့သာ ထိုက်တန်တဲ့ ပန်းတစ်ပွင့်ပါဟာ။






www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

ကိုယ်တိုင်သိတဲ့အသိ တချို့တစ်ဝက်နဲ့×××မလုံလောက်တဲ့ ဘဝတစ်ခုကို တည်ဆောက်ဖို့ ကြိုးစားရင်း…ငါ့အချိန်တွေ တဖြည်းဖြည်း ပဲ့ကြွေလာ×××ဒဏ်ရာများနဲ့ရင်းပြီး ချစ်တဲ့အချစ်တွေ အခြေအနေမတူတဲ့အခါ×××မျှော်လင့်သော ဘဝတစ်ခုဟာ အစိတ်စိတ် ကွဲကြေကာ×××

အာရုံ သူ့ကားဘေးမှ ဖြတ်မောင်းသွားသော ကားတစ်စီးပေါ်မှ ပျံ့လွင့်လာသော သီချင်းသံကြောင့် ရင်ထဲမှာ စူးကနဲ အောင့်တက်သွားလေသည်။ ထိုကားလေးက တဖြည်းဖြည်း ဝေးကွာသွားပြီး သီချင်းသံလေး ပျောက်ကွယ်သွားပေမယ့် အာရုံ နှုတ်မှ ထိုသီချင်းကို ဆက်၍ တီးတိုးဆိုညည်းနေမိ၏။

နင် ကျေနပ်ဖို့ဆိုရင်×××ဘာမဆို အဆင်သင့်ပါ×××ငါ လိုက်လျောပေးမှာပါ××ငါပိုင်တဲ့ဘဝတစ်ခုကို ပေးဆပ်ရင်းနဲ့…နင်စေရင်





သွားဆို ထွက်သွားမှာပါ×××ဘာမဆို နှင်ခိုင်းတဲ့အတိုင်းလုပ်မှာပါ… သေဆိုရင်လည်း ငါ သေဖို့အသင့်ပါ…အရာရာဟာ မင်းရဲ့သဘော အတိုင်းပါကွာ××× နင်လိုရင် ဘဝတစ်ခုလုံးပေးမှာပါ…နင်မလိုရင် တော့ ငါဟာ အလိုက်တသိ ထွက်ခွာ×××

ကားကူရှင်ကို မှီ၍ မျက်လုံးတွေကို မှိတ်ထားသော အာရုံ ပါးပြင်ပေါ်သို့ မိုးစက်ပွင့်ကလေးတစ်ပွင့်က နမ်းရှိုက်သွားလေသည်။ အေးချမ်းမှုတွေကို သယ်ဆောင်လာသော နိမိတ်ကောင်းသည့် မိုးစက် ပွင့်ကလေးတွေတော့ မဟုတ်ခဲ့ပါ။ ပူလောင်နေသော နွေရင်ခွင်ကို လှောင်ပြောင်ပြက်ရယ်ပြုနေသော မျက်ရည်စက်တွေ…။

ခွန်းချိုရယ်…

နင်လိုသမျှ ဖြည့်ဆည်းပေးဖို့ ငါ အသက်ရှင်နေသရွေ့တော့ နင့်အနားမှာ ငါ နေပေးပါ့မယ်။ နင်က လာဆိုရင် ငါ အချိန်မရွေး လာပေးပါ့မယ်။ နင်က ထွက်သွားလို့စေရင်လည်း ငါ ထွက်သွားဖို့ အဆင်သင့်ပါ။ နင်က သေဆိုရင်လည်း ငါက သေပေးမယ့်ကောင်ပါ ခွန်းချိုရယ်…နင့်ကို အသည်းပေါက်မတတ် ချစ်နေပေမယ့် ဖွင့်ဟဖို့ ဝန်မခံရက်တာ နင့်ကို သိပ်ချစ်လို့ပါဟာ…။ တစ်နေ့နေ့မှာ ငါက အဝေးဆုံးကို ထွက်သွားရမယ့်သူပါ။ တို့နှစ်ယောက်ရဲ့ဘဝဟာ ဘောင်းကင်ကို လွှတ်တင်လိုက်တဲ့ စွန်ကလေးဖြစ်ခဲ့ရင် ငယ်ဘဝကို ရစ်တီးလေးနဲ့ ပြန်ရစ်လိုက်ချင်တာပေါ့ ခွန်းချို။ ဒါပေမယ့် အခြေအနေ တွေမပေးခဲ့လို့ တို့နှစ်ယောက် ဝေးရတော့မယ် ထင်ပါရဲ့။ ငါ လူ့ လောကကြီးထဲမှာ ဘယ်လောက်ကြာကြာ နေနိုင်ဦးမှာလဲ။ သေသင်း



www.burmeseclassic.com

www.burmeseclassic.com



တမာန်ရယ် သနားသောအားဖြင့် လောကမှာ ရှင်သန်ခွင့်နည်းနည်း လောက် ထပ်ပေးပါဗျာ။

"အား"

ဘယ်ဘက်ရင်အုံဆီမှ အောင့်လာသဖြင့် အာရုံ လက်နှင့်ဖိထား လိုက်သည်။ အတန်ကြာပင် ဝေဒနာကို ခံစားနေရသောကြောင့် ဝင်းဖန့်ဖန့် မျက်နှာလေးပေါ်မှာ ချွေးများပင် ရွှဲနစ်နေ၏။

"အာရုံ…အာရုံ"

ပခုံးကို ကိုင်ပြီး ခေါ်လိုက်သံကြားပေမယ့် အာရုံ မထူးနိုင်တော့ ပါ။ အံကို တင်းတင်းကျိတ်၍ မျက်လုံးကို အသာဖွင့်ကြည့်လိုက် သည်။

"နင် ဘာဖြစ်နေတာလဲ"

ခေါင်းခါပြလိုက်ပြီး ဝေဒနာကို ဖုံးကွယ်ဖို့ ကြိုးစားလိုက်သည်။ အခြေအနေကို ရိပ်မိလာသော မာန်က ခွန်းချိုကို ပခုံးမှ ကိုင်၍ အာရုံ ရှေ့မှ ဖယ်လိုက်ကာ…

"ဒီကောင် တစ်ခုခု ဖြစ်နေတာထင်တယ်"

အာရုံ မျက်နှာကို ငုံ့ကြည့်လိုက်ပြီး…

"ဟာ"

မာန် ဟာကနဲဖြစ်ကာ အာရုံကို စိုးရိမ်သွားလေ၏။ ထို့ကြောင့် ကားတံခါးကို လျင်မြန်စွာ ဖွင့်၍ နောက်ခန်းထဲသို့ ခွန်းချိုကို တွန်းတင် လိုက်သည်။ ပြီး သူက အာရုံကို နေရာနည်းနည်းလွှဲပေးပြီး ကားမောင်း သူနေရာမှာ သူ ဝင်ထိုင်လိုက်၏။





"ကိုကို…ဘာဖြစ်တာလဲ…ကိုကို့ကား"

"အဲဒါတွေ ပြောမနေနဲ့တော့…ငါ့ကားထဲမှာ 'သိုက်'ရှိတယ်။ မောင်းသွားလိုက်မယ်။ အရေးကြီးတာက အာရုံ"

ပြောပြီးသည်နှင့် ကားကို လျှောကနဲ မောင်းထွက်ခဲ့လေ၏။ အသံတွေကို အာရုံ နားထဲမှာ ကြားနေရပေမယ့် ခွန်းတုံ့ပြန်နိုင်ချေ မရှိတော့။ ဝေဒနာကြောင့် လောကကြီးဟာ တစ်ခြမ်းမှောင်နေ သလိုပင်။

မာန် ဆေးရုံသို့ တန်းမောင်းလာခဲ့၏။ ဆေးရုံသို့ရောက်တော့ အာရုံကို ဆေးရုံတင်ရမည်တဲ့။ အာရုံအမေ့ဆီကို ခွန်းချိုအား ဖုန်းဆက် ပြီး မာန်က ဆေးရုံတက်ရန် လိုအပ်သည့်ပစ္စည်းတွေကို သွားဝယ်ရ၏။

အာရုံမျက်နှာကို မြင်လိုက်ရပြီး ဆရာဝန်ကြီးဦးခင်ဇော် မျက်လုံး ပြူးသွားလေသည်။ သူ့အသိထဲမှာ အာရုံဟာ သူ့မိတ်ဆွေဦးမျိုးမာန်၏ သား မာန်မာနဟု တွေးထင်သွားလေသည်။ ထို့ကြောင့် ဖုန်းကို ဆက်ကာ…

"ဟယ်လို"

"…………"

"ကျွန်တော် ကိုခင်ဇော်ပါ…မသီရိ"

"…………"

"ခင်ဗျားသား မာန်မာန ဆေးရုံကိုရောက်နေတယ်။ အဲဒါ အမြန်လာခဲ့ပေးပါ"

"…………"



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ…မြန်မြန်လာခဲ့နော်"

ဦးခင်ဇော် ဖုန်းကို ပိတ်လိုက်၏။ အင်း…ဒီကလေးမှာ နှ
ရောဂါရှိနေတာကို ကိုမျိုးမာန် သူ့ကို ဘာဖြစ်လို့ မပြောပါလိမ့်။

"ဒေါက်တာ"

ဒေါက်တာဦးခင်ဇော် ခေါ်သံကြားရာဘက်သို့ လှည့်ကြည့်လို
သည်။

"လှနှာအခြေအနေကို ကျွန်မ သိပါရစေ"

"သမီးက လှနှာနဲ့ ဘယ်လိုပတ်သက်သလဲ။ စပ်စုတယ်
တော့ မထင်နဲ့နော်"

"ကျွန်မသူငယ်ချင်းပါ ဒေါက်တာ"

ဦးခင်ဇော် သက်ပြင်းချလိုက်မိ၏။

"လှနှာရဲ့ ရောဂါအခြေအနေက နှလုံးအစားထိုးမကုနိုင်
ဆိုရင် သူ့အတွက် အချိန်သိပ်မရှိတော့ဘူး ကလေးမ"

"ရှင်"

ခွန်းချို စိုးရိမ်စိတ်တို့ကြောင့် လက်ဖျား ခြေဖျားများပင် အေး
လာလေ၏။ သူမ အာရုံဆီသို့ ပြေးကပ်သွားပြီး ဖြူဖျော့နေသော အ
ကိုကြည့်ကာ မျက်ရည်တွေက တားဆီး၍မရနိုင်တော့။

"အာရုံရယ်…"

ဝေဒနာကို ခံစားနေရပေမယ့် အာရုံ အသိတရား
ကင်းလွတ်မသွားခဲ့ပါ။ သူ့ စိတ်ကို လျှော့ချလိုက်တာနှင့် သတိ
ဖို့က ရာနှုန်းပြည့်။ ထို့ကြောင့် စိတ်ကို တင်းထားခဲ့သည်။ ခုအချိ





သရာဝန်ကြီး ထိုးပေးထားသော ဆေးရှိန်နှင့် သက်သာသလိုရှိနေပြီမို့
ခွန်းချိုအသံကို ပီပီပြင်ပြင် ကြားနေရ၏။

"ခွန်းချို"

"ဟင်…အာရုံ…နင် သတိရပြီနော်"

"ငါ သတိမလစ်ပါဘူး"

အသံက တိုးလျလျ။

"နင် သက်သာရဲ့လား အာရုံ…ငါ ဘာလုပ်ပေးရမလဲဟင်"

အာရုံ ခေါင်းခါပြရင်း ခွန်းချိုလက်ကလေးကို ဆွဲယူဆုပ်ကိုင်
ထားကာ သူ့ရင်ဘတ်ပေါ်သို့ တင်ထားလိုက်သည်။

"နင် ခဏလေး ငြိမ်နေပေးပါနော်…နင့်လက်ကို ကိုင်ပြီး
တစ်ရေးလောက် အိပ်လိုက်ရင် ငါ သက်သာသွားလိမ့်မယ်
ထင်တယ်"

ခွန်းချို ခေါင်းညိတ်ပြလိုက်ချိန်မှာ အာရုံ မျက်လုံးကလေးတွေ
မှေးစင်းသွားလေ၏။ မျက်လုံးကလေးတွေ ငြိမ်သက်သွားပေမယ့်
နှုတ်ခမ်းလွှာက အလုပ်ရှုပ်နေဆဲပင်။

"နင် သိနိုင်မလား ခွန်းချို"

"ဘာကိုလဲ အာရုံရယ်"

"ငါ့နှလုံးသားက အငွေ့အသက်တွေကို နင် ခံစားမိရဲ့လား"

"နင် စကားမပြောပါနဲ့လား"

"မတားပါနဲ့ဟာ…နောက်မှ နင် နောင်တ ရနေလိမ့်မယ်။
ငါ့စကားသံကို အချိန်ဘယ်လောက်ကြာအောင် နင် ကြားနိုင်မလဲ



www.burmeseclassic.com

www.burmeseclassic.com



လို့လဲ''

''ဘာတွေလျှောက်ပြောနေတာလဲ''

''ငါ့အခြေအနေကို ငါ သိပါတယ် ခွန်းချိုရယ်…ငါ မသေ…မှာ နင်နဲ့မာန် လက်ထပ်တာကို မြင်သွားချင်တယ်။ သူနဲ့ပဲ နင့်…စိတ်ချနိုင်မယ်။ အချစ်ဆိုတာ မီးရှူးမီးပန်းလေးတွေ ဖြစ်ခဲ့ရင် ငါ…လပြည့်ညရဲ့ လဝန်းကြီးပေါ့ ခွန်းချို''

ခွန်းချို ရှိုက်သံကို အာရုံ ကြားမည်စိုး၍ ပါးစပ်ကို လက်နှ…၍ တသိမ့်သိမ့်ပင် ငိုနေမိတော့၏။

''လူသားတွေ ပျော်ရွှင်တာကြည့်ပြီး လမင်းကြီးကလည်း…ပြုံးနေခဲ့တာပါပဲ။ သူ့ရင်ထဲက သောကတောင်စွယ်တွေက လူသား…အမြင်မှာတော့ ရွှေလမှာ ယုန်ဝပ်လို့ ဆန်ဖွတ်သည့် အဖိုးအို…ခွန်းချို…ဒါပေမယ့် သူ ကျေနပ်ခဲ့တာပါပဲ''

စကားတွေ တတွတ်တွတ်ပြောနေတဲ့ အာရုံ။ နင် ဘာကို ဆို…ချင်တယ်ဆိုတာ ငါ သိနေပါတယ် အာရုံ။ တကယ်ဆိုရင် ငါ…စွယ်တော်နှစ်လွှာကြားက ကြားခံအညှာရိုးလေးပါ။ ငါ့ရဲ့မေတ္တာတ…တွေက ဘယ်သူ့အပေါ်မှာမှ အလေးမသာခဲ့သလို ဘယ်ဘက်ကို…လည်း တိမ်းစောင်းလျော့နည်းခြင်း မရှိခဲ့ပါဘူး။ ကိုကို့ကို ချစ်ခဲ့သ…နင့်ကိုလည်း…။

ငါ အရမ်းမျှော်လင့်ခဲ့ပါတယ်။ နင်သာ ငါ့ကို ချစ်တယ်လ…ဖွင့်ပြောခဲ့ရင် ငါ ငြင်းခဲ့မိမှာ မဟုတ်ဘူး အာရုံ။ ခုတော့ မောင်ဖေ…လို အချစ်မျိုးနဲ့ နင့်အချစ်တွေကို ဘာကြောင့် ဟန်ဆောင်ခြ…





…ကော်ဆောင်အောက်မှာ ဖုံးဖိသိုဝှက်ထားခဲ့တာလဲ။

''အဟင့်''

ထိန်းချုပ်ထားသည့်ကြားမှ ရှိုက်သံက အမိန့်ကို လွှန်ဆန်လေ…အာရုံ မျက်ခွံကို ဖွင့်ကြည့်လာသည်။

''နင် ဘာဖြစ်လို့ ငိုနေတာလဲ ခွန်းချို''

''နင့်ကို ငါ အရမ်းသနားလို့ပါ''

''လောလောဆယ်တော့ ငါ မသေနိုင်သေးပါဘူး။ နင်နဲ့မာန်…ထပ်ပြီးမှ ငါ သေပါရစေ''

''ငါ့နှလုံးသားထဲမှာ နင် ဘယ်တော့မှ သေမှာမဟုတ်ဘူး…ရုံ…နင့်ကို ငါ ချစ်တယ်''

''ငါ့ကို အချစ်ရိုက္ခာ ထုပ်ပိုးမပေးပါနဲ့…မာန့်အတွက် နင်ဟာ…ထည်လေးပဲဖြစ်ရမယ်''

''အာရုံရယ်''

တိုးညှင်းစွာ ခေါ်၍ အာရုံ ရင်ဘတ်ပေါ်မှာ မျက်နှာအပ်ထား…မိ၏။ နင် မလိုချင်လည်း ပေးပါရစေ အာရုံ။ နင့်ရင်ထဲက…ထုထည်တွေကို မျှဝေပြီး ငါ ခံစားပါရစေ။ နင်က ဆည်းဆာ…ရဲ့ နေဝန်းကလေးဖြစ်ခဲ့ရင် ငါက နင့်နှလုံးသားကို တွေးပိုက်ခွင့်ရ…ဝင်လယ်ပြင်ကြီးဖြစ်ပါစေ အာရုံရယ်။

နင့်ဘဝ နေဝင်ချိန်မှာ ငါက ဇင်ယော်လေးအဖြစ် အဖော်ပြုပေး…ယ်နော်။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

ချောစုမွန် ရင်တွေပူနေသည်။ မောင်လေးကို ပူပန်စိတ်ကြောင့် ထင်ရ၏။ လည်ချောင်းတွေ ခြောက်ကပ်နေသဖြင့် တံတွေး မကြာ ခဏ မျိုချနေရသည်။ ကားမောင်းနေရင်း အာရုံတွေက မနည်းစုစည်း နေရ၏။

"ဘုရား…ဘုရား…မောင်လေး ဘာမှမဖြစ်ပါစေနဲ့"

"သမီးကြီး…စိတ်ကို ငြိမ်ငြိမ်ထားပြီး ကားမောင်းပါကွယ်"

"သူ့ဖာ မောင်းပေးရမလား မမကြီး"

"ရပါတယ်"





စိတ်ကို တည်ငြိမ်အောင် ကြိုးစားပြီး ခေါင်းခါပြလိုက်သည်။ ဒေါက်တာဦးခင်ဇော် ဖုန်းဆက်တာ 'မာန်' ဆေးရုံတက်ရသည်တဲ့။ မူးဖြစ်လို့ပဲနေမှာပေါ့။ ထစ်ကနဲဆို လက်ပါတတ်သော မာန့်ကို အားလုံး စိုးရိမ်နေကြရသည်။ တစ်အိမ်လုံး ရင်ပူနေကြရပြီ။

ကားကို ဆေးရုံဝင်းထဲသို့ မောင်းဝင်လိုက်ပြီး ကားရပ်လိုက်သည်နှင့် ဆေးရုံပေါ်သို့ သူ့ထက်ငါ အပြေးလှမ်းခဲ့ကြသည်။

"ဟော…ရောက်လာကြပြီ"

ဦးခင်ဇော်ကို အလွတ်တကူပင် တွေ့လိုက်ရ၏။

"ဒေါက်တာ…မာန် ဘယ်မှာလဲဟင်"

"ကျွန်တော့်နောက်က လိုက်ခဲ့ပါ မသီရိ"

ဒေါက်တာဦးခင်ဇော် ဦးဆောင်သွားရာသို့ လိုက်လာခဲ့ကြသည်။ လူနာ၏အခန်းတံခါးကို ဖွင့်လိုက်သည်နှင့်…

"သား"

"မောင်လေး"

"မာန်"

အစုလိုက်အပြုံလိုက် လူနာ၏ကုတင်ဘေးသို့ ရောက်ရှိသွားလေသည်။ ကုတင်ပေါ်မှာ မှိန်းမှေးနေသော မာန်။ ပတ်တီးတွေ ဘာတွေ စည်းထားတာတော့ မတွေ့ရ။ တော်ပါသေး၏ဟု ကျိတ်ဆုတောင်းပြီး မာန့်ဘေးမှာ ပါးစပ်အဟောင်းသားနှင့်ရှိနေသော ကောင်မလေးကို သတိထားမိ၏။

"ဒီက…ညီမ မာန် ဘာဖြစ်တာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"တို့က မာန့်အစ်မတွေလေ…ဒါက မာဓိ…မာန် ဆေးရုံ ရောက်နေတယ်ဆိုလို့ လိုက်လာကြတာ"

"ဟို…ဒါ မာန် မဟုတ်ဘူး မမရဲ့"

"ဘယ်လို"

"သူက အာရုံဦးပါ။ အဆိုတော်အာရုံဦးလေ"

သားအမိတွေ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြ၏။ လူနာကို ကြည့်လိုက်တော့ မျက်လုံးလေးတွေ ပွင့်လာသည်။ သူတို့ကို ကြည့်၍ ခပ်ဖွဖွ မေးလေ၏။

"သူတို့က ဘယ်သူတွေလဲ ခွန်းချို"

"မာန့်မိသားစုတွေတဲ့"

"သြော်…ထိုင်ကြလေ"

ဒေါ်သီရိမွန် အာရုံ့မျက်နှာကို မျက်တောင်မခတ်တမ်း စူးစိုက်၍ ကြည့်နေသည်။ ဘာကြောင့် ဒီလောက်တူရတာလဲ။ ကိုယ့်သား မဟုတ်လို့ စိတ်အေးသွားရပေမယ့် ရင်ထဲ နိုးလိုးခုလု ဖြစ်နေပါပြီ။

"ခဏစောင့်နော် မမ…ကိုမာန် အပြင်ထွက်သွားတာ ပြန်လာတော့မှာပါ"

"ညီမလေးက ခွန်းချိုလား"

"ဟုတ်ပါတယ်…မမက ခွန်းချိုကို သိနေတယ်လား"

"မာန် ပြောပြထားပါတယ်…ညီမလေးက ချစ်စရာလေးပဲ" ကိုယ့်ကို ချီးမွမ်းလိုက်ပေမယ့် ခွန်းချို မပြုံးနိုင်ခဲ့ပါ။ ရင်ထဲမှာ





မီးတောင်ကြီးတစ်ခု ပေါက်ကွဲပြီး ချော်ရည်ပူတွေ စီးဆင်းနေသလို အာရုံ့အတွက် သောကတွေ ဘောင်ဘင်ခတ်နေသည်။

"ဟင်"

မာန့်ခြေလှမ်းတွေ ရပ်တန့်သွားလေ၏။ အာရုံ့ဘေးမှာ မာဓိနှင့် မမတို့ပါလား။ ထင်မထားခဲ့တာမို့ အံ့သြသွားရသည်။

"မာဓိ"

"သား"

"မာန်"

"ဘယ်လိုကဲနေ ဘယ်လို…"

နှုတ်ဖွင့်အမေးနှင့်အတူ ခြေလှမ်းတွေက သွက်လက်စွာ လှမ်းလာ၏။ သူ့စေမွန်ကပင်…

"နင် ဆေးရုံရောက်နေတယ်လို့ ဒေါက်တာဦးခင်ဇော် ဖုန်းဆက်တယ်။ အဲဒါကြောင့် ရောက်လာကြတာ"

"သား"

"ကိုကို"

သူတို့စကားသံကို ထိုးဖောက်၍ ဝင်လာကြသူတွေက ဒေါ်နုနု နှင့်နေခြည်။

"ဘယ်လိုဖြစ်ရတာလဲ သားရယ်…"

ဒေါ်နုနု ရှိုက်ကြီးတငင် ငိုကြွေးလေတော့၏။

"မငိုပါနဲ့ မေမေရယ်…သား ဘာမှမဖြစ်ပါဘူး"

အာရုံက မိခင်၏လက်ကို ဖွဖွဆုပ်၍ ဆိုလေသည်။ ဒေါ်သီရိမွန်



www.burmeseclassic.com

www.burmeseclassic.com



ဧါအာရုံထဲမှာ အာရုံ့အမေဧါရုပ်ပုံလွှာကို ရင်းနှီးနေသလိုထင်ရဧါ။ အပြေးအလွှား စဉ်းစားကြည့်တော့…

"ဟင်…သူ စုစုညီမလေး"

ရုတ်ချည်းပင် သူငယ်ချင်းစုစုကို မြင်ယောင်လာလေဧါ။ ပြီး အာရုံ့အမေကို သေသေချာချာ ပြန်ကြည့်ကာ…

"ညီမလေးက စုစုညီမလေး နုနု မဟုတ်လားဟင်"

"ရှင်…ဟင်"

ရုတ်တရက် ပခုံးကို ကိုင်၍ ပြောလာသော မျက်နှာကို မော့ကြည့်ပြီး ဒေါ်နုနုမျက်နှာ သွေးစုပ်သွားလေသည်။

"နုနု ဟုတ်ပါတယ်နော်"

ဒေါ်နုနု သားဧါမျက်နှာချောချောကို ငေးမောရင်း 'အင်း' ခတ်ဖို့ ဝန်လေးနေမိဧါ။ သို့ပေမယ့်လေ…မိမိဧါမေတ္တာကွန်ရက်ထဲက သားကို ဆွဲမနုတ်ခဲ့ပါလျှင် သေမင်းက သားအသက်ကို ဆွဲနုတ်သွားတော့မည်။ နှလုံးအစားထိုးကုဖို့ဆိုတာ သူမ ဘယ်လိုမှ မတတ်နိုင်တဲ့ ကိစ္စပါ။ သူတို့လို ငွေကြေးပြည့်စုံတဲ့သူမှသာလျှင်…

"ဟုတ်ပါတယ်…ကျွန်မ နုနုပါ"

"ဝမ်းသာလိုက်တာ နုနုရယ်…စုစုရောဟင်…သူ ကျန်းမာရဲ့လား…အဆင်ပြေလား…သူ ဘယ်မှာလဲဟင်"

"မမ ဆုံးသွားတာ ကြာပါပြီ"

"အို"

ဒေါ်သီရိမွန် ရင်ဘတ်ကို ဖိ၍ စိတ်မကောင်းဖြစ်သွားရှာသည်။





အတန်ကြာ နှုတ်ဆိတ်သွားပြီးမှ အာရုံကို ငေးမောကြည့်ကာ…

"သူက နုနုရဲ့သားလေးလားဟင်"

ဒေါ်နုနု လေးတွဲစွာပင် ခေါင်းညိတ်ပြလေဧါ။

"အရမ်းအံ့ဩဖို့ကောင်းတာပဲနော်…မမသားနဲ့ နုနုသားက ဘာမှသွေးမတော်သားမစပ်ဘဲ ဒီလောက်ရုပ်ချင်းတူနေတာ"

"မမနဲ့ကျွန်မ စကားနည်းနည်းလောက် ပြောပါရစေ"

"နုနု ဘာပြောချင်လို့လဲ…ပြောလေ"

"ပုံပြင်မဟုတ်တဲ့ ဒဏ္ဍာရီဇာတ်လမ်းလေးတစ်ပုဒ်ပါ"

ဒေါ်နုနု စကားကို အားလုံး စိတ်ဝင်စားသွားကြလေဧါ။ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်ကပဲ အစချီ၍…

✽✽✽



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

"လာမယ်ဆို ကြိုပြောရောပေါ့ သီရိရယ်…ဒါမှမဟုတ် ငါ့ကို တစ်ယောက်ယောက်နဲ့ အခေါ်လွှတ်လိုက်လည်း ရတာပဲ…ခုတော့ နေ့ခင်းလခေါ်ကြီးနဲ့ ကိုယ်တိုင်လာရတယ်လို့"

စုစုက သူငယ်ချင်းလက်ကို ဆွဲခေါ်ရင်း စိုးရိမ်စွာ ပြောလေတော့ သီရိမှာ ခပ်လွင်လွင်လေး ရယ်လေသည်။

"မစိုးရိမ်ပါနဲ့ စုစုရယ်…ငါ ဘာမှမဖြစ်ဘူး။ အိမ်မှာဆို လူကြီးတွေက အကဲပိုလွန်းလို့ အနေရခက်တယ်။ အဲဒါကြောင့် နင့်ဆီ ထွက်လာတာ။ ကိုမျိုးကလည်း နိုင်ငံခြားထွက်သွားတော့ အိမ်မှာနေရတာ ပျင်းစရာကြီး"





"မိန်းမ ထင်ရာသွားလာနေတာက အကြောင်းမဟုတ်ဘူးနော်။ တော်ကြာ ကျုပ်အိမ်တင် မီးဖွားနေဦးမယ်"

"ဘာဖြစ်လဲ…နင်က သူနာပြုပဲဟာ"

"အေးနော်…ကျုပ်အိမ်မှာ မွေးရင်တော့ ကျုပ်ကလေးပဲ"

တစ်နှစ်တည်းမှာ အတူတူ အိမ်ထောင်ကျခဲ့သော်လည်း သီရိမှာသာ ကလေးသုံးယောက်နှင့်တစ်ဗိုက်ရနေပြီး စုစုကတော့ ချိုယွင်းချက်ရှိသူမို့ ကလေးမရနိုင်ခဲ့ပါ။ ထို့ကြောင့် ကလေးရူးရူးနေရသူပင်။

"နင့်မှာလည်း အိမ်ထောင်ပြုပြီး ကလေးမရနိုင်တော့ ဒုက္ခပဲ"

"ငါ့ကုသိုလ်ပဲပေါ့ သီရိရယ်…အဲဒါကြောင့် တို့လင်မယားတွေ ညီမလေးနုနုကိုပဲ ညီမလေးလိုရော သမီးလေးလိုရော ချစ်နေရတာ"

"မမရေ…နု ကျောင်းသွားတော့မယ်"

သီရိနှင့်စုစု စကားကောင်းနေစဉ် နုနု ကျောင်းသွားဖို့ပြင်ဆင်ပြီး ထွက်လာလေ၏။ မိဘတွေ မရှိကြတော့သဖြင့် စုစုသည် နုနု၏ အုပ်ထိန်းသူ ဖြစ်ခဲ့၏။

"အေး…အေး"

"ညီမလေးက စုစုထက် ချောတယ်နော်"

နုနုက မိဘတွေဆုံးမှ စုစုနှင့် လာနေသူမို့ ခုမှပင် သီရိ သူ့ကို မြင်ဖူးခြင်းပါ။ နုနုက ချစ်စဖွယ်ရယ်ရင်း ကျောင်းသို့ ထွက်သွားလေတော့သည်။ ထိုနေ့တွင် သီရိတစ်ယောက် စုစုအိမ်တွင် ညအိပ်ဖြစ်ခဲ့၏။ အာရုံမတက်ခင် ဝေလီဝေလင်းအချိန်မှာတော့…



www.burmeseclassic.com

www.burmeseclassic.com



"အား…ကျွတ်…ကျွတ်"

"ဟင်…သီရိ…ဘာဖြစ်လို့လဲ"

"ဗိုက်…ဗိုက်နာလာလို့"

"ဟယ်…ဟုတ်လား…နုနုရေ"

"ရှင်…မမ"

အိပ်နေရင်း နုနုလည်း နိုးပြီး အပေါ်သွားနေစဉ် အားလုံး ကြားနေရသဖြင့် နောက်ကြောင်းပြန်လှည့်လာသည်။

"သီရိ ဗိုက်နာလို့တဲ့…မမကို ကူပါဦး"

"ဟုတ်ကဲ့"

စုစု…သီရိကို စမ်းသပ်ကြည့်တော့ မွေးတော့မယ်တဲ့။ သီရိလည်း ဗိုက်က အရမ်းနာလာပုံရသည်။

"အား…အရမ်းနာလာပြီ"

"ဆေးရုံသွားမလား"

"အား…ဆေးရုံမသွားတော့ဘူး၊ နင်ပဲ မွေးပေးပါ စုစုရယ်…ငါ အရမ်းနာလာပြီ"

ဒါနဲ့ ဆေးရုံမသွားဖြစ်တော့ဘဲ မမနဲ့နုနုရှေ့မှာတင် သီရိဟာ မီးဖွားသွားခဲ့ပါသည်။

"အူဝဲ…အူဝဲ…အူဝဲ"

"မွေးပြီ…မွေးပြီ"

"ဘာလေးလဲ…ကြည့်ပါဦး မမရဲ့"

"မိန်းကလေး"





မွေးလာသည့်ကလေးကို ဆေးကြောသန့်စင်ပြီး အနှီးနှင့်ထွေးပြီးချိန်အထိ သီရိ၏ဗိုက်က လုံးဝ ချပ်သွားခြင်းမရှိသေးသဖြင့် ညီအစ်မနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။ စုစုတစ်ယောက် အမြွှာပူးလေးပဲ ဖြစ်ရမယ်ဟု ကောက်ချက်ချလိုက်၏။

အာရုံတက်ချိန်လောက်မှာ သီရိ နောက်တစ်ယောက်ကို မွေးဖွားပြီးသွားချိန်တွင်…

"ဟယ်…ကလေးလေးက ငိုလည်းမငိုဘူး မမ…အသက်လည်း ရှူပုံမရဘူး"

နုနုပြောလိုက်တော့ စုစုက ကလေးလေးကို တစ်ချက်ကြည့်လိုက်သည်။ ယောကျ်ားလေးလား၊ မိန်းကလေးလားပင် မကြည့်တော့ဘဲ သီရိကိုသာ ဂရုစိုက်နေတော့သည်။

"နင်ပဲ ကြည့်စီစဉ်လိုက်တော့ နုနု…သီရိသိရင် စိတ်မကောင်းဖြစ်တော့မှာပဲ"

ဟု ခပ်ညည်းညည်းလေး ဆိုလေသည်။ နုနုသည် ကလေးအသေလေးကို ပွေ့ချီပြီး မမယောကျ်ား ကိုကြီးမြတ်သူကို ခေါ်၍ မြှုပ်နှံဖို့ လုပ်ရလေ၏။

"ကိုကြီး…ဒီကလေးကို ဘယ်မှာမြှုပ်ကြမလဲ"

"နောက်ဖေးခြံထောင့်မှာပဲ မြှုပ်ကြတာပေါ့"

ကိုကြီးမြတ်သူက နောက်ဖေးခြံထောင့်တွင် တွင်းတူးနေသော ကံကြမ္မာ၏ မျက်နှာသာပေးမှုက ရင်သပ်ရှုမောဖွယ်ပင်။ နေရောင်ခြင်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှ ကလေးငယ်က ရုန်းလွန့်လာချေ၏။

"အက်…အဲ…အဲ"

"ဟင်"

ကလေးငယ်၏ မပွင့်တပွင့်ငိုသံ။

"ကိုကြီး…ကိုကြီး ဒီမှာကြည့်ပါဦး။ ကလေးလေး မသေဘူး ကိုကြီးရဲ့"

"ဟော…ဟုတ်လား…မှန်းစမ်း…ငါ ကြည့်ဦးမယ်"

ကလေးကို နှစ်ယောက်သား ခေါင်းချင်းဆိုင်ကြည့်နေချိန်မှာပဲ ကလေး၏ငိုသံက ကျယ်လောင်လာသည်။

"အူဲ…အူဲ…အူဲ"

"ကိုကြီး… ကလေး မသေဘူး။ မမသီရိ ဝမ်းသာသွားအောင် မြန်မြန်ပြန်ကြမယ်"

"ဟာ…ဟော့…မပြန်နဲ့ နုနု"

"ဘာဖြစ်လို့လဲ ကိုကြီးရဲ့"

ကိုကြီးက ကလေးကို သူမဆီမှ လက်ပြောင်း၍ ပွေ့ချီကာ ပြုံးလေသည်။

"ဒီကလေးက တို့နဲ့ထိုက်လို့ ဒီလိုမသေဘဲ ပြန်ရှင်လာတာ…တို့ မွေးရမယ်"

"ဖြစ်ပါ့မလား"

"ဖြစ်ကိုဖြစ်ရမယ်…နင် ပြန်နှင့်…သူတို့မေးရင် မြုပ်ပြီးပြီလို့ ပြောလိုက်…နင် ပုံမပျက်နဲ့နော်"





"ဟုတ်ကဲ့"

ကိုကြီးက ကလေးကို ကြည့်ပြီး ပျော်နေပုံရသည်။ ကလေးရှုး တွေလေ။ နုနု အိမ်ကို ပြန်ရောက်လာတော့…

"မမ…မသီရိရော"

"ခုလေးတင်ပဲ သူ့အိမ်က လာခေါ်သွားတယ်"

"ကလေးကိစ္စ သူ သိသွားပြီလား"

"အင်း…မိန်းကလေးဆိုတော့ သူ သိပ်နှမြောပုံမရပါဘူး"

နုနုက မမအနားသို့ တိုးကပ်ကာ…

"မမ"

"ဟင်"

"ကလေးကို မိန်းကလေးလို့ ပြောလိုက်တာလား"

"အေးလေ…ငါလည်း ဘာလေးမှန်းတောင် မသိလိုက်ဘူး။ သူ စိတ်မကောင်းဖြစ်မှာစိုးလို့ မိန်းကလေးလို့ပဲ လွယ်လွယ်ပြောလိုက်တာ"

"ကလေးက ယောကျ်ားလေး မမရဲ့…ပြီးတော့ မသေဘူး။ အရှင်လေး…ဟိုရောက်မှငိုတာ"

"ဟယ်…တကယ်"

အံ့သြခြင်း၊ မယုံနိုင်ခြင်းတို့နှင့် မမ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။ အတန်ကြာ ကြက်သေသေသွားပြီးမှ ဝမ်းသာရိပ် ကလေးတွေနှင့် အရမ်းကြည်နူးနေသော မျက်နှာလေးနှင့်…

"နင်…နင် တကယ်ပြောနေတာလား နုနု"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စ ညာစရာလား မမရဲ့"

"ဒါဆို…ခု…ကလေး ဘယ်မှာလဲ"

"ကိုကြီးဆီမှာ"

မမနှင့်နုနု ကလေးဆီသို့ ပြေးခဲ့ကြသည်။ ကလေးကို မြင်တော ထီပေါက်တဲ့လူလို မမတို့လင်မယားနှစ်ယောက် ထခုန်မတ ဝမ်းသာနေကြတော့၏။

"ကလေးမရနိုင်တဲ့ တို့လင်မယားရဲ့ ဘဝအမှောင်ထ ရောင်ခြည်သမ်းစေတဲ့ ဒီသားလေးကို မွေးတဲ့အချိန်ပါကိုက်ပြီး အာ လို့ နာမည်ပေးမယ်"

"ကလေးက ကြာသပတေးသားလေ…ကိုသူရဲ့"

"အိုကွာ…ခုခေတ်ထဲမှာ နေ့သင့်နံသင့် သိပ်မမှည့်ကြပါဘူး

"ဒါဆို သားလေးက အာရုံဦးပေါ့"

"ဒါပေါ့ကွာ"

ထိုနေ့မှစ၍ အာရုံဦးကလေးသည် သူမတို့၏ကမ္ဘာ၊ သူမတို့ ၏ ဆည်းလည်းလေးဖြစ်ခဲ့၏။ နောက်တော့ သူများတွေ သိမည်စိုး ရန်ကုန်သို့ ပြောင်းလာခဲ့ကြသည်။ ကလေး မရနိုင်တဲ့သူတွေ ကလေ ရလို့ ပျော်ရွှင်နေကြချိန်မှာပဲ ကံကြမ္မာမုန်တိုင်း ဝင်မွှေလိုက်ပုံက…

ကိုမြတ်သူတစ်ယောက် ကားအက်ဆီးဒင့်ဖြစ်လို့ ဆုံးသွားေ သည်။

မမသည်လည်း ခင်ပွန်းသည်စိတ်နှင့်ပဲ မစားနိုင်၊ မသောက် ဖြစ်ပြီး အိပ်ရာထဲလဲကာ နောက်တော့ ဆုံးသွားခဲ့သည်လေ။





တစ်ယောက် ကလေးကို ရင်မှာပိုက်ပြီး ယောင်ချာချာ ဖြစ်ခဲ့ရသည်။

ကျောင်းထွက်ပြီး ကြံ့ရာအလုပ်ကို လုပ်ခဲ့ပေမယ့် စီးပွားရေးက သိပ်အဆင်မပြေလှ။ သားလေး လူမှန်းသူမှန်း သိတတ်စမှာပဲ ရပ်ကွက် ထဲမှ မိဘမဲ့ကလေးတစ်ယောက်ကို သားလေး အဖော်ရအောင် ထပ်မွေးစားခဲ့သည်။

ထိုမှပင် နုနု ကလေးအတွက် ဘဝကို ရှန်းကန်ရင်း အိမ်ထောင် မပြုဘဲ အပျိုဘဝကို စွန့်လွှတ်ကာ မုဆိုးမအဖြစ် ခံယူပြီး ဘဝကို မြှုပ်နှံထားခဲ့သည်မှာ ယနေ့ထိတိုင်ပင်။

※※※



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၅)

ဒေါ်နုနု ဖြေရှင်းချက်အဆုံးမှာ တသိမ့်သိမ့် ရှိုက်၍ငိုလေ[illegible]သည်။

"ဒါဆို အာရုံက ချောတို့မောင်လေးပေါ့နော်...ဝမ်းသာ[illegible]တာ...မာမီ...မာမီရော ဝမ်းမသာဘူးလား"

"ဘယ်လိုပြောလိုက်တာလဲ သမီးရယ်...ဝမ်းသာတာ[illegible]"

"မောင်လေး"

"သား"

အာရုံဘေးသို့ အားလုံး တိုးကပ်သွားချိန်တွင်...

"ဟင့်အင်း...ဟင့်အင်း...မဟုတ်ဘူး...မေမေ ညာပြော[illegible]တာ...မေမေ...မေမေ ညာနေတာမဟုတ်လား။ သားက မေမေ[illegible]ပါနော်...မေမေ"





ဒေါ်နုနု ရင်ခွင်ထဲတွင် သားကိုဖက်ကာ...

"ဒါတွေအားလုံးဟာ အဖြစ်မှန်တွေပါ သားရယ်...ဒီလို ဝန်ခံ[illegible]လိုက်တာ သားကို မေမေ မချစ်လို့မဟုတ်ပါဘူး"

"မေမေ"

"အဖြစ်မှန်ကို လက်ခံပါ..သားရယ်"

"အာရုံ"

မာန် ကုတင်စွန်းတွင် ဝင်ထိုင်လိုက်ရင်း အာရုံ ပခုံးကို ဆုပ်ကိုင်[illegible]လိုက်သည်။ နှုတ်ခမ်းလွှာက ပြုံးနေသလိုပင် မျက်ဝန်းတွေက ပြာလဲ့[illegible]နေသည်။

"ငါ အရမ်းဝမ်းသာတယ် အာရုံ...ငါ အစောကြီးကတည်းက [illegible]ခင်ခဲ့ပါတယ်။ သွေးက စကားပြောနေတာလို့"

"ဟုတ်ပါတယ် မောင်လေးရယ်...မောင်လေး ဘာမှ [illegible]အမေယ်နဲ့တော့နော်...ပိုက်ဆံ ဘယ်လောက်ကုန်ကုန် မောင်လေးရဲ့ [illegible]ရောဂါကို မမတို့ ပျောက်အောင်ကုမယ်။ ပြီးတော့...မောင်လေးတို့ [illegible]သားစုကိုလည်း မမတို့ မဖြိုခွဲပါဘူး၊ စိတ်ချမ်းသာသလိုနေပါကွယ်"

"ကျေးဇူးတင်ပါတယ်...သမီးတို့ရယ်"

အားလုံး၏မျက်ဝန်းတို့မှာ ဝမ်းသာမျက်ရည်တွေနှင့်။ မာန်နှင့် [illegible]အာရုံတို့မှာတော့ မည်သို့ ခံစားချက်ရှိနေကြမည်ဆိုတာ သူတို့သာ [illegible]သိဆုံး ဖြစ်လိမ့်မည်။ မာန် လေးလံသောခြေလှမ်းတို့နှင့် အပြင်သို့ [illegible]ထွက်လာခဲ့တော့သည်။

မာန်မာနဆိုတာ ယောကျ်ားစစ်စစ် မဟုတ်မှန်း သိကုန်ကြတော့



www.burmeseclassic.com

www.burmeseclassic.com



မည်လေ။ သူ ဘာလုပ်ရမလဲ။ သူ ခြုံလွှမ်းထားခဲ့သည့် ကျားဝတ်ရုံကို ခွာချရတော့မည်လား။ ဆက်ခြုံထားရဦးမှာလား မသိနိုင်တော့။ ရေဆန်၌ စီးသောမြစ်ရှုးသလို သဘာဝတရားကို လွန်ဆန်ဖို့ ခက်သားလားပဲ။

"မာန်"

"..............."

"မာန်လေး"

မေးစေ့နှင့်ပခုံးကို ပွတ်တိုက်၍ ဖြည်းဖြည်းချင်း လှည့်လာသော မျက်နှာကို ဒေါနှန့ မျက်ရည်တွေကြားမှ မော့ကြည့်လိုက်သည်။

"ကျွန်တော် ဘာကူညီရမလဲ"

"အာရုံက နှလုံးရောဂါသည်လေးပါ...သူ ခွန်းချိုကို ချစ်နေတာ ဒေါ်လေး သိတယ်။ မာန်နဲ့ခွန်းချိုက ပေါင်းစပ်လို့ မရပါဘူး ကွယ်...အာရုံ့အတွက်..."

"ကျွန်တော် သဘောပေါက်ပါတယ်။ သံလိုက်လို တူညီမှု နှစ်ခုဟာ ပူးတွဲမနေပါဘူး။ အာရုံက ကျွန်တော်နဲ့ အမြွှာပဲလေ... အာရုံမှာ နာကျင်သမျှ ကျွန်တော် ခံစားနေရတာပဲမဟုတ်လား"

မာန်ပြောသမျှ လုံးဝ မုသားမပါခဲ့ပါ။ သူလည်း ခုမှ နားလည်သဘောပေါက်သွားခြင်းပါ။

အာရုံအပေါ် သူ သံယောဇဉ်တွယ်ခဲ့တာ ဘာမဆို ဖြည့်ဆည်းပေးချင်တာ။ အာရုံအတွက်ဆို စိတ်လိုလက်ရနဲ့ ဘာမဆို လုပ်ပေးချင်တတ်တာတွေ အဆုံးသတ်မှာ အဖြေထွက်လာတော့ သူတို့နှစ်ယောက်က အမြွှာတွေပဲလေ။





လှုချင်းဝေးနေပေမယ့် စိတ်ချင်းဆက်နေတဲ့သဘောပေါ့။

"ကျွန်တော် ခြုံထားတဲ့ အရေခွံကို ခွာချဖို့တော့ မတောင်းဆိုကြပါနဲ့။ ကျွန်တော် အမုန်းဆုံးဘဝကိုတော့ ပြန်မပို့ကြပါနဲ့ဗျာ။ ကျွန်တော် တောင်းပန်ပါတယ်။ ကျွန်တော် အာရုံကိုချစ်တာ အားလုံးထက် မပိုရင်တောင် မလျော့ပါဘူး။ ခွန်းချိုနဲ့ ပတ်သက်ပြီး ကျွန်တော်..."

"ကိုကို"

ခွန်းချိုက ပြေးလာပြီး မာန့်ခါးကို နောက်မှ သိုင်းဖက်ထားလေသည်။ မာန့်ကျောပြင်မှာ သူမ ပါးလေးကို ဖိတပ်ထားလျက်။

"ကိုကိုက မိန်းကလေးဆိုတာ တကယ်ပဲလားဟင်"

မာန် ခေါင်းကိုမော့လိုက်ပြီး ပင့်သက်တစ်ချက်ကို ရှိုက်ယူကာ မျက်စိကို စုံမှိတ်၍ ခေါင်းညိတ်ချလိုက်၏။ ဦးခေါင်းနှင့်ထပ်တူညီစွာ မျက်ရည်ပွင့်များက အကျိုးကော်လံဆီသို့ ချဉ်းကပ်သွားလေသည်။ မာန်မာန မျက်ရည်ကျတာ ဒါ ပထမဆုံးပါပဲ။ အာရုံ့အတွက်ပါလေ။

"ဟင့်အင်း...မဟုတ်ဘူး၊ ကိုကို ညာနေတာ...ခွန်းချို မယုံဘူး"

"ခွန်းချို"

အသံက ကြားရရုံမျှသာ။

"မင်း အာရုံကို စွန့်လွှတ်နိုင်သလား"

"ဟင့်အင်း...ခွန်းချို...အာရုံကိုချစ်သလို ကိုကို့ကိုလည်း ချစ်တယ်။ အာရုံကို မစွန့်လွှတ်နိုင်သလို ကိုကို့ကိုလည်း မခွဲနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ခုအချိန်မှာ မင်း ပြတ်သားဖို့လိုပြီ ခွန်းချို…မင်းနဲ့ငါက မျှဉ်းပြိုင်ပဲဆိုတာ နားလည်သင့်ပြီ။ မျဉ်းပြိုင်ဆိုင်တာ ဘယ်တော့မှ မဆုံဆည်းနိုင်ဘူး။ ငါက တကယ်ပဲ"

မာန့်အသံက လည်ချောင်းဝမှာပင် နင်သွားလေ၏။ ခွန်းချိုက ပို၍ တင်းကျပ်စွာ ဖက်ထားရင်း…

"မကြားချင်ဘူး…ခွန်းချို မယုံပါရစေနဲ့ ကိုကို…ခွန်းချို"

ခွန်းချို စကားမဆုံးမီပင် မာန်က ခွန်းချိုလက်တွေကို ကြမ်းတမ်းစွာ ဖယ်ချခဲ့ပြီး ရှောင်ရှား၍ ပြေးထွက်သွားလေတော့၏။ ဘယ်လိုပင် ယောကျ်ားလို သတ္တိရှိခဲ့ရှိခဲ့ မိန်းမတစ်ယောက်၏ အသည်းဟာ နူးညံ့ပျော့ပျောင်းစမြဲပါပဲ။

အချစ်နှင့်ပတ်သက်လာလျှင်ပေါ့လေ…။

✱✱





## အခန်း (၂၆)

သပွတ်အူလို စိတ်တွေက ရှုပ်ထွေးနေသည်။ အာရုံကို သူ့နဲ့ အမြွာမှန်းသိလိုက်ရလို့ ချစ်ခင်တွယ်တာစိတ်နှင့် ငဲ့ညှာတာ ခွန်းချိုကို စွန့်လွှတ်လိုက်ဖို့ ဆုံးဖြတ်တာက သပ်သပ်၊ ကျားဝတ်ရုံကို ခုံမင်လို့ ခွာမချချင်တာက တစ်ဘာသာ။ မြေလွှာမှာ ပေါက်နေတဲ့ မြက်ပင်ရိုင်း လိုရာဘက်သို့ ဆွဲတိမ်းလို့မရနိုင်သည့် သူ့စိတ်တွေက တလေလေ့ကက်လို ဝဲချင်ရာဝဲ ပျံချင်ရာပျံနေတော့၏။

"ဒီဝတ်စုံလေးက ပိုလှတယ်။ ဂါဝန်က အထပ်ကလေးနဲ့"

"သူ့ဓာရယ်…ရုတ်တရက်ကြီး မာန်က ဂါဝန်ဝတ်တတ် မှာတဲ့လား"

"အေးလေ…စပို့ရှပ်နဲ့ ဘောင်းဘီဆို တော်သေး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ငါဝယ်လာတာ စပို့ရှပ်နဲ့ဘောင်းဘီတွေ အနီစင်းလေးနဲ့ ဆို အံကိုက်ပဲ"

"ကေကတော့ မိတ်ကပ်ဘူးတွေပဲ ဝယ်လာတယ်"

ညီအစ်မသုံးယောက် တစ်ယောက်တစ်ပေါက်နှင့် မာန်အသွင်ပြောင်းရေးကို အားကျိုးမာန်တက် ကြိုးစားနေကြသည်။ မောင်လေး၊ မောင်လေးနှင့် အရောင်အသွေး ပြောင်းပေးပြီး ကျားစွယ်ကို အဆိပ်လူးပေးခဲ့တာလည်း သူတို့ပဲ။ ခုကျတော့ ရုပ်ချင်းတူတဲ့ အမြွှာနှစ်ယောက်ကို အသွင်နှစ်မျိုးနဲ့ မြင်ချင်လို့ ဘဝမှန်ကိုပဲ လက်ခံပါဆိုပြီး ဝယ်လာလိုက်တဲ့ မိန်းမအဝတ်တွေများ တစ်ထည်ပြီးတစ်ထည် ပြနေတာ မားကတ်တစ်ခုလုံးမှာရှိတဲ့ အဝတ်အထည်တွေအားလုံး သမလာသလားမှတ်ရ၏။

ကုတင်ပေါ်မှာ ခြေပစ်လက်ပစ်အိပ်နေသော မာန် ဆတ်ကနဲ ထိုင်လိုက်ကာ-

"အဲဒါတွေ ဘယ်သူက ဝတ်မယ်ပြောလို့လဲ။ မမြင်ချင်ဘူး... အကုန်သိမ်းသွား"

"မာန်"

"ကျွန်တော့်ဒေါသတွေ အထွတ်အထိပ်မရောက်ခင် ထွက်သွားကြနော်... ကိုယ့်အစ်မတွေဆိုပြီး ညှာမယ်မထင်နဲ့။ အကုန်လက်သီးစာကျွေးပစ်လိုက်မယ်... ဘာမှတ်လဲ"

"မာန်ရယ်... နင် ဘာဖြစ်လို့ အမှန်တရားကို လက်မခံချင်ရတာလဲဟယ်... ယောကျ်ားလေးလိုထားပြန်တော့လည်း တို့မှာ





ဘယ်လောက်စိတ်ပူရ၊ စိတ်ဆင်းရဲရလည်း ပြော... ထစ်ကနဲဆို အချုပ်ထဲ ရောက်ရောက်နေတာ"

"ခွမ်း... ချလွှမ်း"

လေသံအေးနှင့် နားချလိုက်သော ချော့စုမွန်က ဖင်ထိုင်လေး ကျသွားသလို ကျန်တဲ့နှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် ပြေးဖက်လိုက်ကြ၏။ စားပွဲပေါ်မှ ပန်းအိုးကိုယူပြီး နံရံကို ပစ်ပေါက်လိုက်သော မာန့်လုပ်ရပ်က ဘီလူးစီးလာသော ကျားတစ်ကောင်လို။

"ဒီလိုဖြစ်လာအောင် ဘယ်သူတွေ ပုံသွင်းပေးခဲ့တာလဲ။ သူများနဲ့ယှဉ်ရင် နိုင်တာပဲ မြင်ချင်တယ်လို့ ဘယ်သူတွေ ပြောခဲ့တာလဲ။ အခုမှ လာပြီးမပြောင်းလဲချင်နဲ့"

"ဖြောင်း"

"ဝုန်း"

"အမယ်လေး"

ညီအစ်မသုံးယောက် မျက်လုံးကလေးတွေပြူး၍ ပူးကပ်သွားကြလေသည်။ ဖိုက်ဘာခုံပုလေးကို ကန်ထည့်လိုက်တာ လှသာဆီ ခါးကျိုးသွားလောက်ပေ၏။

"မာန်"

သားဆိုတဲ့ဝေါဟာရက ဘာဖြစ်လို့ ပျောက်ကွယ်သွားတာလဲ။ ညည့်ခန်းကို ဖြတ်အလျှောက်မှာ ဒက်ဒီဒေါသံကို ကြားလိုက်ပေမယ့် တစ်ချက်ကလေးမှ စောင်းငဲ့မကြည့်၊ ခြေလှမ်းတွေလည်း တုံ့မသွားခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com



မာန် ကားကို စူးကနဲ မောင်းထွက်လာခဲ့ပုံမှာ တွေ့ရကြံ့ရာကို အသေတိုက်ပစ်တော့မည့်ပုံလေ။

"ဟိုမှာ မာန့်ကားကွ"

ဝဏ္ဏအောင်တို့အဖွဲ့ မာန့်ကားကို မှီအောင်လိုက်ပြီး သားချင်း ယှဉ်လိုက်သည်။ ကားမှန်ကို တင်လိုက်ပြီး လှည့်ကြည့်တော့ မာန့် သူတို့ကို မြင်သွားပုံရ၏။ တိုင်းအောင်က မထီမဲ့မြင် ပြုံးပြလိုက်တော့ မာန်က ခပ်တည်တည်ပင် ပြန်လှည့်သွားပြီး ကားကို အရှိန်မြှင့်သွား လေတော့၏။

"ဟော့…ငကြောက်…ထွက်ပြေးမလို့လား…မလွတ်ဘူးနော်။ ဟား…ဟား…ဟား…ဟား"

ရယ်မောသံတွေက အုပ်ကောင်းမှ ဝိုင်းဟောင်သည့်ခွေးတွေလို။ လူရှင်းသည့်နေရာသို့ ရောက်လာတော့ မာန် ကားကို တုံ့ကနဲ ရပ်လိုက်၏။ ကားတံခါးကို ဆောင့်တွန်းပြီး ဆင်းလိုက်သည်နှင့် တစ်ဖက်ကလည်း ဝိုင်းထားပြီးသား။

"ကြောက်တတ်ရင် နှစ်ခါသေတယ်တဲ့၊ မင်းတို့ ကြားဖူး လား။ မာန်မာနဆိုတဲ့ကောင်က သူများက ရန်စလာရင် ပြန်ချဖို့ အဆင်သင့်ပဲ။ သေတွင်းနှုတ်ခမ်းရောက်နေတောင် ကိုယ်မှန်ရင် ဒူးမထောက်ဘူး… ခုန်ချပစ်မှာ"

"ဩော်…ဟော်…မဟာသူရဲကောင်းကြီးပဲ။ ငါတို့က ယောက်ျားလျာလေး မှတ်နေတာ။ မင်းရုပ်မင်းရည်နဲ့ ယောက်ျားဖြစ်နေ တာ ကံဆိုးတာပဲ။ မိန်းကလေးသာဆိုရင် နမ်းချင်စရာလေး…





ဟော့ကောင်တွေ မင်းတို့ရော ဘာလုပ်မလဲ"

"ဟဲ…ဟဲ…ဝိုင်းပြီး အကြင်နာတွေ ပေးမှာပေါ့။ ခုတော့ ယောက်ျားချင်းပဲ လက်သီးချင်းယှဉ်ဖို့အပြင် ဘာလုပ်ရမှာလဲ"

မာန့်အသည်းကို ကျွဲခတ်တာတဲ့နာကျင်စေသော စကားလုံး တွေ။

"အပိုမပြောနဲ့…ပါးစပ်နဲ့ အချင်းပွားဖို့ ငါ့မှာ လေပိုလေလျှံ မရှိဘူး"

"စီးပွားရေးလုပ်ငန်းရှင်ကြီးဆိုတော့ လေကို ချွေတာတာပေါ့ လေ"

"ချွေတာတာ မဟုတ်ဘူး…သေချာတာကိုပဲ လုပ်ချင်တာ"

"ဟော့ကောင်တွေ…လေကိုချွေတာတဲ့ကောင်ကို အမေခေါ်စရာ ပါးစပ်မဟနိုင်အောင် ဆုံးမလိုက်ကြရအောင်"

"လာလေ့"

သုံးယောက် ပြေးဝင်လာကြလေရာ မာန်ကလည်း လွတ်အောင် ရှောင်၊ ထိအောင်ချနိုင်ဖို့ လျှပ်တပြက် လှုပ်ရှားလိုက်တော့သည်။

"ခွပ်"

"ခွပ်"

"ဖြောင်း"

"အ"

"ရော့"

"ဘုန်း"



www.burmeseclassic.com

www.burmeseclassic.com



"အား"

သုံးယောက်နှင့်တစ်ယောက်။ ဝဏ္ဏအောင်ဘက်မှ တစ်ယောက်က ပြန်မထနိုင်တော့။ တိုင်းအောင်ဆီမှ ပစ်သွင်းလာသော လက်သီးချက်ကို ရှောင်တိမ်းလိုက်ပြီး လက်ကို ဖမ်းဆွဲ၍ နောက်ပြန်လိမ်ထားလိုက်၏။ တစ်ဆက်တည်းမှာပင် ဝဏ္ဏအောင်ဘက်မှ လက်ကန့်မြင်လိုက်ရသဖြင့် မာန် ခြေထောက်ကို လျှင်မြန်စွာ လှုပ်ရှားလိုက်ရ၏။

"ဖြောင်း"

"အား"

"ဘုတ်"

"အင့်"

ဝဏ္ဏအောင် လက်ထဲကဓား လွတ်ကျသွားသည်နှင့် တိုင်းအောင်ကို ဇက်ပိုးမှ ရိုက်ချလိုက်သည်။ မာန့်ကန်ချက်ကြောင့် ဝဏ္ဏအောင် လက်ကိုဖိဆုပ်၍ ကြောင်နေခိုက် မာန်က ဓားကို မြှောက်တင်လိုက်သည်။ ပြီး လက်က မြှောက်တက်လာသော ဓားကို ဖတ်ခနဲ ဖမ်းယူပြီး ဝဏ္ဏအောင်ဆီသို့ ပစ်လွှတ်ရန် ချိန်ရွယ်လိုက်စဉ်...

"ဟော့ကောင်တွေ...ရပ်စမ်း"

"ဟင်"

ရဲတွေ...မာန် ရှောင်ပြေးဖို့ မကြိုးစားတော့ပါ။ ကိုယ်ဖြစ်ကိုယ်ခံပဲပေါ့လေ။





## အခန်း (၂၇)

"မာန်မာန...ထွက်"

ထွက်ပေါ်လာသော အသံကျယ်ကျယ်ကြောင့် မာန် ငိုက်နေရာမှ ခေါင်းထောင်ကြည့်လိုက်သည်။ ထုံးစံအတိုင်း မာန် အိမ်က အာမခံနှင့် လာထုတ်ပြီပေါ့။ ခါတိုင်းဆို မိုက်နှင့်သိုက်ကပါ သူနဲ့ မခွဲမခွာရှိနေသူတွေမို့ အချုပ်ကျပြီဆိုလည်း သုံးယောက် အတူတူ။

ဒီတစ်ခါပဲ မာန်တစ်ယောက်တည်းဖြစ်နေတာ။

"မာန်မာန"

ဝဏ္ဏအောင်က ခေါ်လိုက်သဖြင့် မာန် မိုက်ကြည့်ပြန်ကြည့်လိုက်သည်လေ။ ဝဏ္ဏအောင်ကလည်း ကမ္ဘာမကျေသော မျက်လုံးတွေနှင့်သာ။

"နောက်တစ်ခါဆိုရင် သူသေကိုယ်သေပဲနော်...အားမှတ်ထား"

www.burmeseclassic.com



သူ့ပခုံးပေါ်သို့ လက်တင်၍ ပြောလာသော ဝဏ္ဏအောင်၏ လက်ကို မာန် ပုတ်ထုတ်ပစ်လိုက်၏။ ဒါကိုမြင်တဲ့ ဦးမျိုးမာန်က ဝဏ္ဏအောင်အနားသို့ကပ်ကာ…

"ငါ့တူနဲ့ အန်ကယ်လ် အေးအေးဆေးဆေး စကားပြောချင်တယ်…ရမလား"

"ဘာပြောမှာလဲ"

ဦးမျိုးမာန် မာန့်ကို တစ်ချက်ကြည့်လိုက်ပြီး…

"မင်းတို့စိန်ခေါ်နေတဲ့ မာန်က ယောကျ်ားအစစ် မဟုတ်ဘူး မောင်ရင်…မာန်က မိန်းကလေးပဲ"

"ဗျာ"

"ဒက်ဒီ"

မာန်က မပြောစေချင်ပေမယ့်…

"မင်းတို့စိတ်မာတ်တွေ အောက်တန်းမကျဘူးဆိုရင်တော့ မိန်းကလေးတစ်ယောက်နဲ့ တူပြီး ရန်ဖြစ်ချင်တော့မယ် မထင်ပါဘူး"

"ဒက်ဒီဗျာ…ကျွတ်"

မာန် ဆက်မကြားချင်တော့စွာ ထွက်သွားလေတော့သည်။ ဦးမျိုးမာန်ကတော့ အမှန်ကို အမှန်အတိုင်း သိကြစေဖို့ ပြောမှဖြစ်တော့မည်လေ။

ဝဏ္ဏအောင် သိပ်တော့ မအံ့သြတော့ပါဘူး။ ဒီလောက် ဖြူနုပြီး ချောနေတာ မိန်းကလေးများ ဖြစ်နေမလားလို့ တစ်ခါတလေတော့ တွေးမိသားပဲ။ ဒါပေမယ့် မာန့်ရဲ့ဟန်ပန်အမူအရာတွေက ယောကျ်ား





တွေထက်ပင် ကြမ်းနေသေးသည်လေ။ ဒါကြောင့် ယောကျ်ားလို့ပဲ ထင်ပြီး စိန်ခေါ်ခဲ့တာပေါ့။

"ငါ့တူတို့ကို အန်ကယ်လ် တောင်းပန်ပါတယ်။ မင်းတို့ရဲ့ ရန်ငြိုးရန်စတွေကို ရပ်တန်းကရပ်ပါတော့"

"ဆောရီး အန်ကယ်လ်…ကျွန်တော် တကယ်မထင်ခဲ့ပါဘူး။ မာန်က မိန်းကလေးဆိုရင် ကျွန်တော် နောက်ကို ဒီလို မဖြစ်စေရဘူးလို့ ကတိပေးနိုင်ပါတယ်"

"ကျေးဇူးတင်ပါတယ် ငါ့တူရယ်"

"ဒါနဲ့ အန်ကယ်တို့ မာန့်ကို ဘာဖြစ်လို့ ဒီလိုပုံစံသွင်းပေးထားတာလဲ။ ဒီလောက်ချော၊ ဒီလောက်လှတဲ့ မိန်းကလေးကို နှမြောစရာဗျာ"

ဝဏ္ဏအောင် ပြောလိုက်တဲ့စကားက တကယ့်စိတ်ရင်းစေတနာ မှန်နဲ့လား။ ဒါမှမဟုတ် မာန်က မိန်းကလေးမှန်းသိသွားလို့ ရိတာလား။ အခုချိန်မှာ သူတတ်နိုင်သလောက်တော့ သည်းခံရမှာပဲလေ။

"အန်ကယ်လ်တို့ သူ့ကို ဒီပုံစံအတိုင်းပဲ တစ်သက်လုံး ထားတော့မှာလား။ တကယ်တော့ အမှန်တရားအတိုင်း ဖြစ်သင့်ပါတယ်ဗျာ"

"အန်ကယ်လ်တို့လည်း သူ့ကို နေရာမှန်၊ ဘဝမှန်ဖြစ်အောင် ကြိုးစားနေကြပါတယ်"

"ကျွန်တော်တို့ ဘာကူညီရမလဲ အန်ကယ်လ်"

"ရပါတယ်…ကျေးဇူးတင်ပါတယ် ငါ့တူ…အန်ကယ်လ်ကို သွားခွင့်ပြုပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ဦးမျိုးမာန် ထွက်လာခဲ့တော့သည်။ ခုရက်ထဲမှာ လူပင်ပန်း စိတ်ပင်ပန်းပါပဲ။ အာရုံကို နှလုံးအစားထိုးခွဲစိတ်ကုသပေးဖို့ စီစဉ်ရ တာကတစ်မျိုး၊ မာန့်ကိစ္စ ဖြေရှင်းရတာကတစ်ဖက်နှင့်လေ။ အပြင်မှာ စောင့်နေတဲ့ သမီးတွေမှာလည်း…

"နောက်…ဒီလိုမဖြစ်စေရပါဘူး စခန်းမှူးကြီးရယ်…တကယ် တော့ မာန်က တကယ်ယောက်ျားအစစ် မဟုတ်ပါဘူး။ ကျွန်မတို့ သူ့ကို မိန်းကလေးစိတ် ပြန်ဝင်လာအောင် ကြိုးစားနေကြပါတယ်"

"ဟော"

စခန်းမှူးခမျာ မျက်လုံးပြူးသွားလေသည်။ ပြူးဆိုသူ တို့က မာန်မာနကို ယောက်ျားလေးလို့ပဲ ထင်ပြီး ယောက်ျားလေးတွေနဲ့ပဲ အတူတူ အချုပ်ချထားခဲ့တာလေ။ တော်ပါသေးရဲ့။ အခြားကောင်တွေ ကလည်း မိန်းကလေးမှန်းမသိလို့။

"ဟူး…ယောက်ျားအစစ်မဟုတ်လို့ပေပဲ…ယောက်ျားအစစ် ဆိုလို့ကတော့ မိုးကို မီးနဲ့တက်ရှို့မလား မပြောတတ်ဘူး"

မာန် ဘာမှ စောဒက မတက်တော့ဘဲ ငြိမ်သက်နေလိုက်တော့ သည်။ အစ်မတွေ မျက်ရည်စက်လက်နဲ့ ဟိုလူ့တောင်းပန်ရ၊ ဒီလူ့ တောင်းပန်ရအဖြစ်ကို သနားလို့လေ။

"ဟို…ကျွန်မတို့ကို သွားခွင့်ပြုပါဦးရှင်"

"ကောင်းပါပြီ"

ဦးမျိုးမာန်လည်း အားနာသလို စခန်းမှူးကို ပြုံးပြပြီး ထွက်လာ ခဲ့ကြတော့သည်။





အဲဒီနေ့ကစပြီး မာန် အပြင်ကို သိပ်မထွက်တော့ပါဘူး။ ကုမ္ပဏီ ကိစ္စတွေလည်း သိုက်နှင့်မိုက်ကသာ ဆက်လက်ဦးစီးပြီး လုပ်ရတော့ သည်လေ။ အာရုံနဲ့ဒက်ဒီ နိုင်ငံခြားကို ဆေးကုသွားမယ့်နေ့မှာတော့…

"မာန်"

"……"

"မင်း ငါ့ကို ချစ်တယ်မို့လား"

"အင်း"

"ဒါဆို မင်း…အဲ…နင် သက်သေပြနိုင်မလား"

မာန် အာရုံကို ခပ်တွေတွေလေး ကြည့်လိုက်ပြီး…

"ဘယ်လိုသက်သေပြရမှာလဲ"

"နာမည်မပြောင်းချင်ရင် နေလို့ရတယ်။ မာန်…ငါ နင့်ကို ဘဝမှန် နေရာမှန်မှာပဲ မြင်ချင်တယ်။ နင် မိန်းကလေးဘဝကို လက်ခံ နိုင်အောင် ကြိုးစားပါဟာ…နော်"

မာန်က ဘာမှပြန်မဖြေပေ။

"နင် ငါ့ကို ကတိပေးပါ"

"……"

"နင် ကတိမပေးရင် ငါ ဆေးကုမခံဘူး"

"ဘာ"

"ငါ အသေခံမယ်၊ နိုင်ငံခြားကို မသွားဘူး"

"အာရုံ"

"ငါ တကယ်ပြောနေတာနော်…နင့်ကို ငါ မိန်းကလေးအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ပဲ မြင်ချင်တယ်။ နင် ဘယ်လောက်ပဲ ဟန်ဆောင်ကောင်းကောင်း အမှန်တရားက ကြာကြာဖုံးထားလို့ရတာမှ မဟုတ်တာ။ သဘာဝတရားကိုက…"

"တော်တော့ အာရုံ"

မာန် ဆတ်ကနဲ ထရပ်လိုက်ပြီး…

"နင်…နိုင်ငံခြားသွားပြီး ဆေးကုခံရမယ်။ နင် ပြန်လာတဲ့ အချိန်မှာ နင် မြင်ချင်တဲ့ပုံစံဖြစ်အောင် ငါ ကြိုးစားမယ်။ ကျေနပ်လိုက်တော့"

အာရုံမျက်နှာမှာ ဝင်းပသွားလေသည်။ မာန် သူ့အပေါ် အလေးထားမှန်းသိတော့ ဝမ်းမသာဘဲရှိပါ့မလား။ ဒါ ညီအစ်ကိုမောင်နှမ စိတ်ဓာတ်အပြည့်အဝရှိခြင်းပဲပေါ့။ မာန် ခံမင်တဲ့ဘဝကို ခွာချဖို့ ဘယ်သူမှ မတတ်နိုင်ခဲ့ဘူးလေ။ အခု အာရုံက စည်းရုံးနိုင်ခဲ့ပြီဆိုတော့ မာန့်လက်ကို ခပ်တင်းတင်း ဆုပ်လိုက်ပြီး…

"ငါ…ငါ ဝမ်းသာလိုက်တာ မာန်ရာ"

မာန်က သူ့လက်ကို ရုန်းထွက်ပြီး ထွက်သွားလေသည်မှာ အာရုံကို လှည့်မကြည့်တော့ပေ။ သူ စိတ်ထိခိုက်သွားတာလား။ ချက်ချင်းကြီးအဖို့ကတော့ ဒီလိုပဲဖြစ်မှာပေါ့။

ဘာပဲဖြစ်ဖြစ်…

မာန်…ဘဝမှန်ကို လက်ခံမယ်ဆိုခြင်းအတွက် အားလုံး ကျေနပ်ကြမှာပါလေ။

✽✽✽





## အခန်း (၂၈)

"ဟဲ့"

သတင်းတစ်ခုရပြီဆိုတာနှင့် မိန်းကလေးတို့သဘာဝအတိုင်း အတင်းပြောဖို့ တစ်ယောက်က တစ်ယောက်ကို ခေါ်လိုက်ခြင်းဖြစ်၏။ ကုမ္ပဏီကို MD မလာတာ အတော်ကြာခဲ့ပြီပဲလေ။ MD က ယောက်ျားလေးမဟုတ်၊ မိန်းကလေးဖြစ်ပြီး ယောက်ျားစိတ်ဝင်နေတာကိုသိရတော့…

နှမြောသလိုလို…

ဝမ်းနည်းသလိုလို…

ဝမ်းသာသလိုလိုနဲ့…



www.burmeseclassic.com

www.burmeseclassic.com



အံ့ဩနေခဲ့ကြတာလေ။ ဆရာသိုက်နဲ့ဆရာမိုက်က မှာထားတာ ဒီနေ့ MD ကုမ္ပဏီကို လာမယ်တဲ့။ မိန်းကလေးလို မြင်လိုက်ရလို့ ဝေဖန်တာတွေဘာတွေ မလုပ်နဲ့။ မာန်သိရင် သည်းခံမှာမဟုတ်ဘူးတဲ့လေ။ အခုက သူသိမှာမှ မဟုတ်တာဆိုတော့…

"နင် သိပြီးပြီလား"

"ဘာကိုလဲ"

"ဒီနေ့ ကုမ္ပဏီကို MD လာမှာတဲ့"

"သိတယ်လေ…အဲဒါ ဘာထူးဆန်းလို့လဲ။ သူ့အလုပ်သူလုပ်တာပဲဟာ"

"ထူးဆန်းတာပေါ့ဟဲ့…ဒီနေ့ စိတ်သစ်လူသစ် ပုံစံသစ်နဲ့ MD ကလာမှာလေ။ ငါတော့ အရမ်းမြင်ချင်နေပြီ…သိလား"

"အေးနော်…မိန်းကလေးပုံစံနဲ့ဆို MD က အရမ်းလှမှာဟဲ့။ မမြင်ရတာကြာတော့ ဆံပင်တွေဘာတွေလည်း အရှည်ဖြစ်နေပြီလား မသိဘူး"

"ဘောင်းဘီပဲ ဝတ်မလား…ဂါဝန်ပဲ ဝတ်မလား မသိဘူးနော်"

"အဲဒါတော့ လာမှပဲကြည့်တော့ဟေ့"

"ဟိုနှစ်ယောက်"

"ဟင်"

နောက်ကခေါ်သံကြောင့် လှည့်ကြည့်လိုက်တော့ ကိုမျိုးဝေပါ။ သူ့အကြည့်က တစ်နေရာစီမှာ စူးစိုက်နေပြီး–





"ဆရာမိုက်နဲ့ ဆရာသိုက် လာနေပြီ"

"ဟုတ်လား"

ကိုယ့်နေရာနဲ့ကိုယ် ငြိမ်သက်ပြီး အာရုံတွေက ဖိနပ်သံကြားရာဆီမှာပါ။ ပထမ ဝင်လာသော မိုက်နှင့်သိုက်ဖြစ်ပြီး ဒုတိယဝင်လာသူမှာတော့…

"ဟယ်"

ဝန်ထမ်းအားလုံးရဲ့ မျက်လုံးတွေက မာန့်ဆီမှာပါ။ ခါတိုင်းမြင်ရသလို ရှပ်အင်္ကျီ၊ တီရှပ်၊ စပို့ရှပ်တွေနှင့် မဟုတ်တော့ဘဲ ထဘီအကွက်နှင့် အင်္ကျီက ထဘီမှ အကွက်အများစုအရောင် ပန်းရင့်ရောင်နှင့် ထဘီက အကွက်စကို ယူပြီး ပုံဆန်းဆန်းလေး ချုပ်ဝတ်ထားတာလှလိုက်တာ။

ဒါပေါ့လေ…

မမြင်ရတာကြာခဲ့တဲ့အတောအတွင်းမှာ သူလည်း ဒီလိုတွေဝတ်တတ်ဆင်တတ်လာတာ ဆန်းတော့မဆန်းပါဘူး။ ဆံပင်က ပခုံးထက်မှာ ဝဲကျနေပြီ။ ဖြူနုနေတဲ့ မျက်နှာလေးက နှုတ်ခမ်းနီ ပန်းချီရောင်ဖျော့ဖျော့လေးကြောင့် ပို၍ နုသစ်လှပနေသည် ထင်ပါရဲ့။

"လှလိုက်တာဟယ်"

"အေးနော်…နတ်သမီးလေး ဘုံကြိုးပြတ်ကျလာတာလားမသိဘူး။ မနောလိုလိုက်တာ…ဟိ…ဟိ"

"အဲဒါ…သူ့ကုသိုလ်နဲ့သူပဲလေ"

"ဟိုဘဝက ဘာတွေလှူလာခဲ့တာလဲ မသိဘူး။ သွားနေပြီး



www.burmeseclassic.com

www.burmeseclassic.com



လျှဉ်းမှပဲ။ အဲဒါမှ နောက်ဘဝမှာ သူ့လိုလှမှာ"

"အမယ်လေးဟယ်…လူ့ဘဝရဖို့တောင် မလွယ်တာကို သူ့လို လှဖို့ကို ဆုတောင်းချင်သေးတယ်လား။ ဆုတောင်းလေ…ဆုတောင်း ဆုတောင်းရင်း လေဝင်ပြီး လေဥလည်း ဥနေဦးမယ်"

"ကြဲကြဲဖန်ဖန် ပြောတော့မယ်။ အဲဒီလေဥ နင်ပဲဥ"

"ကဲ…အလုပ်ရော လုပ်ကြဦးမှာလား"

ကိုမျိုးဝေ လှမ်းသတိပေးတော့မှ မျက်စောင်းတွေထိုးပြီး အသံတွေ တိတ်သွားကြပြန်လေသည်။ သူတို့မိန်းကလေးချင်းတောင် ဒီလောက် ချီးမွမ်းရတဲ့အလှပိုင်ရှင်ကို ယောက်ျားလေးတွေဆိုရင် အင်း… ချူချင်သူတွေ ဝိုင်းဝိုင်းလည်ဦးတော့မှာပဲ။ လှတာထက် ထက်မြက်မှု ကလည်း ရှိနေသေးသည်သာ။

မာန်…

ဝန်ထမ်းတွေ ကိုယ့်ကို ဘယ်လိုမျက်လုံးမျိုးနဲ့ ကြည့်နေကြမလဲ ဆိုတာ သိတာပေါ့။ ဒါပေမယ့် ဘယ်လိုပဲကြည့်ကြည့် ဂရုမစိုက်ပါ ဘူး။ ကိုယ် အခုလို ပြောင်းလဲလိုက်တာ ကိုယ့်မိသားစု စိတ်ချမ်းသာဖို့ အတွက်ပဲလေ။

ဒါကြောင့်…

ဘယ်သူတွေ ဘာပဲပြောပြော ဂရုမစိုက်တဲ့ ကိုယ့်အလုပ်ကိုယ် လုပ်နေခဲ့သည်သာ။ ကုမ္ပဏီကအပြန်မှာ သူ ဖိုက်ဆာသလိုရှိတာနှင့် စားသောက်ဆိုင်တစ်ခုထဲသို့ ဝင်လာခဲ့စဉ်…

"မာန်"





"…………"

"မာန်"

"ဟင်"

ခေါ်လည်းခေါ် သူ့လက်ကိုလည်း လာပြီးဆုပ်ကိုင်တာကြောင့် လှည့်ကြည့်လိုက်တော့ နွတ်ခွန်းချိုပါ။ အရင်တုန်းက ပတ်သက်ခဲ့ဖူး တဲ့ အခြေအနေကို တွေးမိပြီး မာန် ရှက်သလိုလို ဘာလိုလိုပါ။ မာန် သိခဲ့ပြီလေ။ တကယ်တမ်းကျတော့ မဖြစ်နိုင်ဘူးဆိုတာတွေကိုပေါ့။

ဆေးတစ်ပုံဖော်ရင်တောင် သဘာဝတူမျိုး တူချင်းစပ်ပြီး ဖော်လို့ ရမှာပဲ။ အမျိုးမတူတာကို စပ်မှ ဆေးစွမ်းကောင်းတစ်ပုံ ဖြစ်လာတာ ပဲလေ။

"မာန် မဟုတ်လား…ဟင်"

"……………"

"ဟုတ်တယ်မို့လား…မာန်…ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ်"

"အခုလို တွေ့ရတာ ဝမ်းသာလိုက်တာ မာန်ရယ်။ မာန် တစ်ခုခုစားမလို့ မဟုတ်လား။ အတူတူစားကြမယ်လေ…အတူတူ စားရင်း စကားပြောကြတာပေါ့"

"လာပါ…မာန်ရဲ့"

ခွန်းချို အတင်းဆွဲခေါ်တာကြောင့် မာန် မငြင်းဖြစ်တော့ပေ။ ဘာဖြစ်လဲ…သူနဲ့ပတ်သက်ခဲ့ဖူးတဲ့အချိန်ကာလကို မာန် မေ့ပစ်လိုက် ပြီပဲလေ။ အခုချိန်မှာ သိထားတာက ခွန်းချိုသည် အာရုံ သိပ်ချစ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးတစ်ယောက်ပေါ့။ အာရုံက ကိုယ့်မောင်လေးဖြစ်နေတဲ့ အတွက် သူနဲ့ကင်းအောင်နေဖို့ဆိုတာ ဖြစ်မှမဖြစ်နိုင်ပဲလေ။

အာရုံနဲ့ခွန်းချို အဆင်ပြေခဲ့ရင်…

ခွန်းချိုက ကိုယ့်မိသားစုဝင် ဖြစ်လာမှာပဲဟာ။ ဒီတော့ မဆက်ဆံ မပတ်သက်ချင်လို့မှ မရတာ။

"မာန်"

"ဟင်"

"မာန်က အခုလိုလေးကျ အရမ်းလှတာပဲ သိလား…ခွန်းချို တောင် မာန့်ကို မနာလိုဖြစ်ချင်လာပြီ"

"ဘာစားမှာလဲ…ကြိုက်တာမှာ…မာန် ရှင်းပါ့မယ်"

"ဟာ…မာန်ကလည်း ခွန်းချိုက တကယ်ပြောနေတာကို"

"ဟုတ်ပါပြီ"

နှစ်ယောက်သား ဘာရယ်မဟုတ် ရယ်လိုက်မိကြသည်။ ခွန်းချို အရင်တုန်းက ပတ်သက်ခဲ့မိတဲ့ အခြေအနေကို သတိရမိတော့ ရင်ထဲ မှာ ဘယ်လိုကြီး ဖြစ်သွားမှန်းမသိပါဘူး။ အဲဒီတုန်းက အာရုံက ခွန်းချို ကို ချစ်တယ်လို့မှ ဖွင့်မပြောခဲ့ပဲလေ။ သူက သူ့ကိုယ်သူ ရောဂါသည် ဆိုပြီး အားငယ်နေခဲ့တာ။ အခုလည်း သူက မပြောသေးပါဘူး။ ဒေါ်လေးပြောပြလို့ သိရတာ၊ အာရုံက ခွန်းချိုကို ချစ်နေသည်တဲ့။

မာန့်တုန်းက…

ခွန်းချို စိတ်ကစားခဲ့တာ။ တစ်ခါမျှ ရည်းစားမထားဘူးတော့ မာန့်စတိုင်လ်ကို သဘောကျစိတ်ဝင်စားခဲ့တာလေ။ အခုအခြေအနေမှာ





ကို သိရတဲ့အချိန်ကစပြီး ခွန်းချိုရင်ထဲမှာ နွေးနွေးညည နေရာယူနေခဲ့ တာသည် အာရုံအကြောင်းတွေပါ။

"မာန့်ဆီကို အာရုံ ဖုန်းဆက်သေးလား"

"အင်း…တစ်ခါတလေတော့ ဆက်ပါတယ်။ ခွန်းချိုဆီကို ရော ဆက်လား"

"ဆက်ပါတယ်"

"ဘာတွေပြောလဲ"

"ဟာ…မာန်ကလည်း ပြောစရာစကားတွေက အများကြီးပဲ ဥပမာ…နေကောင်းလား ဘာလားညာလားပေါ့"

"ဒါပဲလား"

"ဒါပဲပေါ့"

"မယုံလိုက်တာ"

မာန်ပြောတော့ ခွန်းချိုက ရယ်နေသည်။ အာရုံဘက်က ဖွင့်လင်းပေမယ့် သူ့စိတ်ကိုတော့ သိနေကြတာပဲလေ။

"မာန်"

"ဟင်"

"မာန်နဲ့ခွန်းချိုက သူငယ်ချင်းတွေ ဖြစ်သွားပြီနော်"

"ဟင့်အင်း…မာန်…ခွန်းချိုနဲ့ သူငယ်ချင်း မဖြစ်ချင်ပါဘူး"

"ဟင်…ဘာဖြစ်လို့လဲ"

ခွန်းချို မျက်နှာပျက်သွားတော့ မာန်က ရယ်လေသည်။ အရင် ကတော့ ၁၅၀၀ မေတ္တာနဲ့ ချစ်ခဲ့ကြတာ မာန်ကို သူမ မခွဲနိုင်ဘူးတဲ့။



www.burmeseclassic.com

www.burmeseclassic.com



အာရုံကိုလည်း ချစ်တယ်။ မာန့်ကိုလည်း ချစ်တယ်။ အာရုံကို မစွန့်လွှတ်နိုင်သလို မာန်ကိုလည်း မခွဲနိုင်ဘူးဆိုကတည်းက သူ့စိတ် မပြတ်သားတာက အထင်အရှားပဲလေ။

အခု…

မာန်က မိန်းကလေးဆိုတော့ သူ ခွဲခြားလို့ရသွားပြီပေါ့။ သံယောဇဉ်တော့ ရှိနေဦးမှာပေမယ့် အရင်တုန်းကအချစ်မျိုးတွေက သူ့ရင်ထဲမှာရော ကိုယ့်ရင်ထဲမှာပါ တစ်စစီ ပျက်စီးသွားခဲ့ပါပြီ။ အားလုံးက အခြေအနေမှန်ကို လက်ခံလိုက်ကြပြီပဲလေ။

"မာန်က ခွန်းချိုနဲ့ သူငယ်ချင်းမဖြစ်ချင်ဘူးလား။ ဟုတ်လား မာန်"

"ဟုတ်တယ်လေ…မာန်က ခွန်းချိုကို သူငယ်ချင်းမတော်ချင်ဘူး။ ယောက်မပဲ တော်ချင်တာ"

"အမ်"

ဒီတော့မှ ခွန်းချို သဘောပေါက်ပြီး ရှက်မျက်နှာလေး ဖြစ်တည်ကာ…

"မာန်နော်…ဘာတွေလျှောက်ပြောနေတာလဲ"

"မှန်တာပြောတာလေ…အာရုံက ခွန်းချိုကို ချစ်နေတာ ဒေါ်လေးတောင် သိနေတာပဲဥစ္စာ။ ခွန်းချိုလည်း မာန့်ကို ပြောဖူးတယ်လေ"

"ဘာလဲ"

"အာရုံကို ချစ်တယ်လို့ ပြောတာလေ။ ကိုယ့်စကားကိုယ်





မေ့နေပြီလား"

"အဲဒါ…ခွန်းချိုက ရိုးရိုးသားသားပြောတာကို"

"မသိဘူး…မာန်ကတော့ အဲဒီစကားကို အတည်ယူလိုက်ပြီး ဒါပဲ"

ခွန်းချို ဘာဆက်ပြောနေရဦးမှာလဲ။ သူ အတည်ယူလိုက်တဲ့ အတိုင်းပဲ ခွန်းချို့ရင်ထဲမှာလည်း အာရုံ့အတွက် နေရာက ရှိနေတာပဲ လေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၉)

ဒီနေ့ အလုပ်နားရက်မို့ မိုက်ရယ်၊ သိုက်ရယ်၊ မာန်ရယ် အပြင်ထွက်ပြီး လျှောက်လည်ကြစဉ် ရွှေတိဂုံဘုရားကိုဖူးပြီး ဟက်ပီးဝါးဘက်သို့ ကူးခဲ့ကြတော့…

"ဟော့"

"……………"

"ဖြောင်း…ဖြောင်း"

"ဟင်"

"ဟော့ကောင်တွေ ခဏနေကြဦး"





နောက်ကနေ အသံအသန် ခေါ်နေတာကြောင့် သုံးယောက်သား လှည့်ကြည့်လိုက်ကြတော့ ဝဏ္ဏအောင်နှင့် သူ့သူငယ်ချင်းတစ်ယောက်ပါ။ ဝဏ္ဏအောင်ကို မြင်လိုက်တာနှင့် မာန် မျက်နှာ တင်းကာနဲ ဖြစ်သွားလေ၏။ မာန့်ဘဝမှန်ကို သိတာတောင် တုပြိုင်ပြီး ရန်ဖြစ်ချင်သေးတာလား။

မိန်းမတစ်ယောက်ကို သူတို့က ယောက်ျားဖြစ်ပြီး စိန်ခေါ်ရဲသေးတယ်ဆိုရင် မာန်ကလည်း ဘွာခတ်မည့်သူ မဟုတ်ပေ။ တကယ်တမ်းမှာ မာန် ရန်မဖြစ်ချင်တော့ပါဘူး။ အရင်က ငယ်ရွယ်သူမို့ မိုက်ရူးရဲဆန်ခဲ့ပေမယ့် အခုက လုပ်ငန်းကိုင်ငန်းတွေနဲ့ သိက္ခာရှိရှိနေရမယ့် အချိန်ကို ရောက်နေပြီလေ။

"မာန်"

ဝဏ္ဏအောင်က မာန့်ကို ခြေဆုံးခေါင်းဆုံး ကြည့်ပြီး…

"အခုလိုကျတော့လည်း မြင်ရတာ ကျက်သရေရှိလိုက်တာ မာန်ရာ"

"ဝဏ္ဏအောင်"

ဝဏ္ဏအောင်က ခေါင်းညိတ်ပြပြီး…

"နင် တော်တော်လှတာပဲ… ငါ တွေ့ဖူးတဲ့ မိန်းကလေးတွေထဲမှာ နင်က အလှဆုံးလို့ ငါ ထင်တယ်"

"အပိုတွေ ပြောမနေနဲ့…နင် ဘာဖြစ်ချင်လို့လဲ"

ဝဏ္ဏအောင်က ရယ်လေသည်။ မာန်ပြောတဲ့အထဲမှာ ရယ်စရာပါလို့လား။ လူကို လှောင်သလိုလို ပြောင်သလိုလိုနဲ့ အရင်တုန်းက



www.burmeseclassic.com

www.burmeseclassic.com



စိတ်မျိုးနဲ့ဆိုရင် မာန် လက်သီးစာမိပြီးပြီ။ အခုက အခြေအနေအရပ်ရှ ကြောင့် စိတ်ကို လျှော့နိုင်သလောက် လျှော့ထားတာလေ။

"ဘာမှမဖြစ်ချင်ပါဘူးဟာ…ငါက သူငယ်ချင်းတစ်ယောက် အနေနဲ့ နင်တို့ကိုမြင်လို့ လာပြီးနှုတ်ဆက်တာပါ။ မိုက်နဲ့သိုက်ကတော့ အရင်က နင့်သူငယ်ချင်းတွေ…အခုတော့ ဘော်ဒီဂတ်တွေပေါ့နော်"

"ဝဏ္ဏအောင်"

"မင်းစကားက ဘာလဲ"

မိုက်နဲ့သိုက်က ဝဏ္ဏအောင်၏စကားအဓိပ္ပာယ်ကို မနှစ်မြို့ မျက်နှာတွေက ခပ်တင်းတင်းပါ။ ဝဏ္ဏအောင်ကတော့ အရယ်မပျက် ရှိနေပြီး…

"ငါ့စကားက ဘာလဲဆိုတော့ ရှင်းပါတယ်။ မင်းတို့နှစ်ယောက် က လက်စသတ်တော့ မာန့်ကို မိန်းကလေးမှန်းသိလို့ အနားက မခွာ နိုင်ဖြစ်နေတာကိုး"

"ဘာကွ"

"ဟောကောင် မင်း ဘာစကားပြောတာလဲ"

မာန် လက်နှစ်ဖက်ကို ဆန့်ပြီး မိုက်နှင့်သိုက်ကို တားထားလိုက် ၏။ သူ ဘာဆက်ပြောဦးမလဲဆိုတာ ကြားချင်လို့လေ။

"ဘာစကားလဲဆိုတာ ဘာသာပြန်စရာမလိုပါဘူး။ မင်းတို့ နှစ်ယောက်က ကောက်ရိုးပုံစောင့်တဲ့ခွေးတွေနဲ့ တူတယ်လို့ပြောတာ"

"ခွပ်"

"အ"





မာန် လက်သီးနှင့် ထိုးလိုက်ပေမယ့် ဝဏ္ဏအောင်က ဘာမှ ဖြစ်မလုပ်ပေ။ မိုက်နှင့်သိုက်ရော ဝဏ္ဏအောင်၏သူငယ်ချင်းရော တိတ်တိတ်ရပ်နေရာမှ မလှုပ်ရှားကြပေ။ သူတို့ ဒီနေရာမှာ ဒီထက်ပိုပြီး ပြဿနာမတက်ချင်ပါဘူး။

"ဝဏ္ဏအောင်"

ဝဏ္ဏအောင်က မေးရိုးကို လက်နှင့်ပွတ်ပြီး မာန့်ကိုကြည့်တဲ့ အကြည့်က မဖြုံဘူးဆိုတဲ့ပုံပါ။

"ငါ့ကို ဘာမှပြန်မလုပ်ဘူးလား"

"မလုပ်ပါဘူး"

"ဘာ"

"ငါက ပြောစရာရှိရင် အကြေးမထားတတ်လို့ မိုက်နဲ့သိုက်ကို ပြောပြတာ။ မိန်းကလေးတစ်ယောက်နဲ့ ပြိုင်ပြီး ရန်ဖြစ်ရလောက် အောင်တော့ ငါ့စိတ်ဓာတ် အောက်တန်းမကျဘူး။ ယောကျ်ားချင်းသာ သူသေသေ ကိုယ်သေသေ ပြိုင်ချင်တာ"

"ဒါဆို မင်းက တို့နဲ့…"

သိုက် စကားမဆုံးခင်ဘဲ ဝဏ္ဏအောင်က ခေါင်းခါလေသည်။

"မင်းတို့နဲ့လည်း ရန်မဖြစ်ချင်တော့ပါဘူး။ ငါ ရန်ဖြစ်ရတာ ငြီးလာပြီ။ အချုပ်ထဲလည်း မဝင်ချင်တော့ဘူး။ အဲဒါက ငါ့မိဘတွေ ကို သနားလို့"

"အဲဒါဆိုလည်း မင်း ဒိုးတော့"

"သွားမှာပါ…ခွင့်ပြုပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ဝဏ္ဏအောင် မိုက်တို့ကို မထီတထီကြည့်ပြီး ပြောကာ ထွက်သွားလေတော့သည်။ မာန် သက်ပြင်းချလိုက်မိ၏။ လူတွေများ မဟွယ်ပါလား။ ယောကျ်ားလိုနေတုန်းက တစ်မျိုးပြောကြ၊ အခု မိန်းကလေးလိုနေတော့ တစ်မျိုးပြောကြပြန်ရောလေ။

"မိုက်"

"……"

"ဝဏ္ဏအောင် ပြောသွားတဲ့စကားကို စိတ်ထဲမှာ မထားနဲ့နော်"

"မထားပါဘူး မာန်ရာ…ငါက တောင်ပို့ ခွေးဟောင်ခံရတယ်လို့ပဲ သဘောထားတာ"

"ဟုတ်တယ် မာန်…အဓိကက တို့တွေ လိပ်ပြာသန့်ဖို့ပဲလိုတာပါ"

မာန် ပြုံးလိုက်မိသည်သာ။ ဒီလိုပဲဖြစ်ရမယ်လေ။ မိုက်နဲ့သိုက်ကို သူမ ယုံပါတယ်။ အစကတည်းက မာန် မိန်းကလေးဆိုတာ သူတို့သိနေတာပဲ။ ဒါကြောင့် နှမတစ်ယောက်လိုပဲ စောင့်ရှောက်ခဲ့ကြတာလေ။ သူတို့မှာသာ ဖောက်ပြန်ချင်တဲ့စိတ်ရှိရင် မာန် ဘဝပျက်တာ ကြာလှပေါ့။

"မာန်"

"ဟင်"

"ဖုန်းလာနေတယ်"

"ဪ…အင်း"

မာန် အတွေးလွန့်ပြီး လက်ထဲမှာ ကိုင်ထားတဲ့ ဖုန်းက အသံ





မြည်နေတာကို သတိမထားလိုက်မိတာပါ။ သိုက်ရပြောမှ သတိရပြီး ဖုန်းကိုင်လိုက်တော့ အာရုံလေ။ အာရုံဆီက ဖုန်းဆက်တာမို့ မာန် ပျော်သွားသည်သာ။

"ဟယ်လို…အာရုံ"

"မာန်…နင့်ကို ငါ အရမ်းသတိရနေတာဟ"

"ငါ့ကို သတိရတယ်ဟုတ်လား…မယုံလိုက်တာ"

"ဘာကိုမယုံတာလဲ…တကယ်ပါဆိုဟာ"

"မသိဘူးလေ…ငါ့ကို သတိရတာ ဟုတ်ရဲ့လားလို့။ ခွန်းချိုကို သတိရနေမယ့်အချိန်က ပိုများနေမှာပါနော်"

"နင်ကလည်း နင်ကနင်၊ သူကသူ မတူဘူးလေဟာ။ တစ်မျိုးစီနဲ့ နှစ်ယောက်စလုံးကို သတိရနေတာပါ"

"ဟဲ့…နင် အခုထိ သူ့ကို ဖွင့်မပြောသေးဘူးလား"

"ငါ ရှေ့အပတ်ထဲမှာ ပြန်လာမှာလေ။ ပြန်လာရင်တော့ ဖွင့်ပြောမှာပေါ့"

"တကယ်"

မာန် တကယ်လို့ မေးလိုက်တာက အာရုံ ရှေ့အပတ်ထဲမှာ ပြန်လာမယ်ဆိုတာကိုပါ။ ဒါဆို ကျွန်းမာရေးကောင်းသွားပြီပေါ့။ ဖုန်းဆက်တိုင်း ကျန်းမာရေးကောင်းနေပြီပြောပေမယ့် ကိုယ်တိုင် မမြင်ရသေးတော့ စိတ်ပူနေရတာပဲမဟုတ်လား။

"နင် အခု ဘယ်မှာလဲ မာန်…အိမ်မှာလား"

"မဟုတ်ဘူး အာရုံ…ဒီနေ့ အလုပ်နားရက်မို့လို့ မိုက်တို့နဲ့



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လည်နေတာလေ"

"ဟုတ်လား…ဒါဆို ဓာတ်ပုံရိုက်ပြီး ငါ့ဆီပို့လေ"

"အင်း…ရိုက်ပြီးပို့လိုက်မယ်လေ"

"အိုကေ…ဒါဆို ငါ ဖုန်းချလိုက်တော့မယ်။ ပြီးရင် လိုင်းဖွင့်ထားမှာနော်…အခုတော့ ခွန်းချိုဆီ ဖုန်းဆက်လိုက်ဦးမယ်ဟာ"

မမြင်နိုင်မှန်းသိပေမယ့် မာန် နှုတ်ခမ်းလေး မဲ့ပစ်လိုက်ကာ…

"ဟွန်း…ခုမှ အဖြစ်သည်းနေလိုက်တာ"

"အခုမှ သည်းခွင့်ရတာလေဟာ…အရင်တုန်းက နင်နဲ့ဘာလိုလိုကြီး ဖြစ်နေတာကိုး"

"တော်စမ်းပါဟာ…အဲဒီအကြောင်း တွေးမိရင် ငါ ရှက်လို့ပါ"

"အေးပါ…ဒါဆို ငါ ဖုန်းချလိုက်တော့မယ်နော်"

"အိုကေ"

မာန်က ပြောရင်ပြောတဲ့အတိုင်း လုပ်တတ်သူပါ။ ဒါကြောင့် ရောက်တဲ့နေရာမှာ ဓာတ်ပုံတွေရိုက်ပြီး အာရုံ့ဆီသို့ ပို့တော့သည်လေ။ ဒီလိုလုပ်ရတာကိုပဲ သူမှာ ပျော်နေသည်သာ။ အာရုံ့ဆီက စာပြန်ပို့တာကတော့…

"နင်က မိန်းကလေးလို ဝတ်ထားတော့ အရမ်းလှတာပဲ။ ငါတော့ ယောက်ဖရတော့မယ်ထင်တယ်"

ဆိုတော့…

"သေနာကောင်"

လို့ ပြန်ရေးပြီး မာန် အခ့်တာနက်ကို ပိတ်ပစ်လိုက်သည်သာ။





ခုလောက်ဆို အာရုံ ရယ်နေမလား။ အာရုံက စတာပေမယ့် မာန်က အသေအချာ ဆုံးဖြတ်ပြီးသားပါ။

ကံကြမ္မာကသာ မလှည့်စားရင်…

မာန် အချစ်ဆိုတာကို ရင်ထဲမထည့်ဘဲ တစ်သက်လုံး အပျိုကြီးဝဲ လုပ်တော့မယ်လို့လေ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃၀)

ခွန်းချို…အခုရုံကို သတိရတာကြောင့် သူ့ရဲ့စီးရီးခွေလေးကို ထည့်ကြည့်နေမိသည်လေ။ လူချင်း ဘယ်လောက်ပဲဝေးဝေး နှလုံးသား ချင်းနီးနေတော့ သူ ကိုယ့်အနားမှာ ရှိနေသလိုပါ။ သတိရလိုက်တာ အခုရုံရယ်။

"မမခွန်းချို"

"ဟင်"

နောက်ကနေ ပခုံးကိုဖက်ပြီး ခေါ်လိုက်တာကြောင့် ခွန်းချို လှည့်ကြည့်လိုက်တော့…

"ဟယ်…နေခြည်"





"မမက ကိုကြီးအခွေကို ကြည့်နေတာလား"

"ဟုတ်တယ် နေခြည်…လူက အနားမှာမရှိတော့ သတိရ တိုင်း ဒီအခွေလေးပဲ ထည့်ကြည့်ပြီး အလွမ်းဖြေနေရတာလေ"

"လွမ်းနေတယ်ပေါ့"

"ထိုင်လေ…နေခြည်ရဲ့"

"စကားလမ်းကြောင်း လွှဲပစ်တာ…ကြည့်"

နေခြည်က ရယ်ရင်းပဲ ခွန်းချိုဘေးမှာ ဝင်ထိုင်လေသည်။ ပြီးတော့ မျက်လုံးက သီချင်းဆိုနေတဲ့ ကိုကြီးဆီသို့ ရောက်သွားသည် လေ။ သူမတို့လည်း လွမ်းတာပေါ့။ မေမေဆိုရင် ကိုကြီးကို သတိရ တိုင်း ဓာတ်ပုံလေးကြည့်ပြီး ငိုနေတတ်တာလေ။

"မမခွန်းချို"

"ဟင်"

"မမဆီကို ကိုကြီး ဖုန်းဆက်သေးလားဟင်"

"အရင်ကတော့ ဆက်ပါတယ်။ အခုက မဆက်တာ ကြာပြီ လေ…နေခြည်တို့ကိုရော သူ မဆက်ဘူးလား"

"မဆက်တာ ကြာပြီ မမ…အဲဒါ မေမေက စိတ်ပူလို့ ဒီက ခေါ်တော့ ဖုန်းခေါ်လို့ မရဘူး မမ…သူက ကတ်ကို ခဏခဏ ပြောင်းတာလေ"

"အဲဒါတော့ ဟုတ်တယ် နေခြည်…မမလည်း သူ့ဖုန်းကို ခေါ် ကြည့်တာ ခေါ်လို့မရဘူး ဖြစ်နေတယ်"

နေခြည် သက်ပြင်းချလိုက်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး ဘာများဖြစ်နေပါလိမ့်…နေခြည် စိတ်ပူလိုက်တာ မမရယ်"

ခွန်းချို…နေခြည်လက်ကလေးကို ဆုပ်ကိုင်လိုက်သည်။ နေခြည်တို့သားအမိကို ကိုယ်ကမှ အားမပေးရင် ဘယ်သူက အားပေးမှာလဲ။ အာရုံကလည်း နေနိုင်စမ့်။ သူနေနိုင်လို့ ဖုန်းမဆက်တောင် ကတ်မပြောင်းရင် တော်သေးတာပေါ့။

ခုတော့…

"ဟင်"

ကိုယ့်ဖုန်းက အသံမြည်လာသဖြင့် ခွန်းချို ပျာပျာသလဲ ဖုန်းကိုင်လိုက်မိသည်လေ။

"ဟယ်လို…အမိန့်ရှိပါရှင်"

"…………….."

"ဟယ်…အာရုံ…အာရုံလားဟင်"

"……"

"နေဦး ခဏလေး"

ခွန်းချို နေခြည်ကြားအောင် စပီကာကို ဖွင့်လိုက်လေသည်။

"ဘာလဲဟ…ခဏနေနိုင်းတာ"

"ဘာမှမဟုတ်ပါဘူး…အနားမှာ နေခြည် ရှိတယ်လေ။ အဲဒါကြောင့် နင့်အသံကို ကြားရအောင် ငါ စပီကာဖွင့်ပေးတာပါ"

"ဟုတ်လား…ညီမလေး အနားမှာလား။ ငါလည်း နင့်ကို ဖုန်းဆက်ပြီးတာနဲ့ မေမေနဲ့ညီမလေးဆီကို ဆက်မလို့ပါပဲ"





"တော်ပါ…စမှလာပြီး ပြောမနေနဲ့ ကိုကြီး ဖုန်းမဆက်တော့ မေမေ ဘယ်လောက်စိတ်ပူနေလဲ…သိလား။ ဒီက ဆက်တော့ ဖုန်းက ခေါ်လို့မရဘူး…အဟင့်"

သားကနေပြောရင်းပဲ နေခြည် ငိုပါလေတော့သည်။ နေခြည်ကို ကြည့်ပြီး ခွန်းချိုလည်း မျက်ရည်ကျမိ၏။

"ဟာ…ညီမလေး မငိုနဲ့လေ…ကိုကြီး ဖုန်းမဆက်ဖြစ်တာက ကိုကြီး ပြန်လာတော့မှာမို့လို့ ညီမလေးရဲ့"

"ဟင်"

"မာနဲဆီကိုတော့ ဖုန်းဆက်ဖြစ်ပါတယ်"

ပြန်လာတော့မယ်ဆိုတဲ့စကားကြောင့် နေခြည်ရော ခွန်းချိုပါ ခါးလေးတွေ မတ်သွားကြကာ…

"နင် ပြန်လာတော့မယ်…ဟုတ်လား…အာရုံ…ဘယ်တော့ ပြန်လာမှာလဲ၊ နင် တကယ်ပြောတာနော်"

"တကယ်ပေါ့…ငါ ရှေ့အပတ်ထဲမှာ ပြန်လာမှာ"

"ဟယ်"

နေခြည် ဝမ်းသာသွားကာ ခွန်းချို အနားသို့ ပိုတိုးကပ်လာပြီး စကားပြောရမှာ အားတွေပါလာသလိုပါလေ။

"ဒါ…ဒါဆို ကိုကြီး ဖုန်းဆက်ပြီး မေမေ့ကို ပြောလိုက်ဦးနော်။ မေမေသိရင် အရမ်းဝမ်းသာမှာ ကိုကြီးရဲ့"

"အေးပါ…ငါ ပြီးရင် မေမေ့ကို ဖုန်းဆက်ပြောမှာပါ"

အာရုံ ပြောပြီး ခေါင်းကုတ်လိုက်မိ၏။ ခွန်းချိုကို ရည်းစားစကား



www.burmeseclassic.com

www.burmeseclassic.com



ပြောပါမယ်ဆိုကာမှ ညီမလေးက အနားမှာရှိနေတယ်လေ။ အချိန် အကြာကြီး မျိုသိပ်ခဲ့ရတဲ့ အချစ်တွေကလည်း ရင်ထဲမှာ မကာတော့ ပါဘူး။ ဒီနေ့ကနေ မနက်ဖြန်ကူးသွားရင်ပဲ ခွန်းချိုကိုချစ်တဲ့အချစ်တွေ က ရင်ဘတ်နဲ့ မဆံ့ဖြစ်ပြီး ပေါက်ထွက်သွားတော့မလို ခံစားနေရတာ ပါ။

ဒီနေ့ပြောမှကို ဖြစ်တော့မှာမို့…

ဟူး…ဘယ်လိုပြောရပါ့မလဲ။

"ညီမလေး"

"ရှင်…ကိုကြီး"

"ဟို…အိမ်ကိုပြန်ပြီး မေမေ့ကို ပြောပြလိုက်ဦးလေ"

"ဟာ…ကိုကြီးကလည်း ကိုကြီးပဲ ပြီးရင် ဖုန်းဆက်ပြောမလို့ ဆိုပြီး ညီမလေး လုံးဝ မပြန်သေးဘူး။ ကိုကြီးနဲ့ မမခွန်းချို ဘာတွေ ပြောကြမလဲဆိုတာကို နားထောင်ဦးမှာ"

ဒီကောင်မလေးတော့ ကိုယ့်ညီမလေးမို့ ရှပ်တယ်လို့လည်း မပြောရက်ပါဘူး။ အင်း…ပထုတ်လို့မရမှတော့ တည့်တည့်ပဲပြောရ တော့မှာပေါ့။

"နေခြည်"

"ရှင်…"

နေခြည်က အသံရှည်နှင့်ထူးတော့ ခွန်းချိုက ရယ်လေသည်။

"နင် တော်တော်အလိုက်ကန်းဆိုး မသိတာပဲ။ ငါ ခွန်းချိုကို ပြောစရာရှိလို့ နင် အိမ်ပြန်တော့"





"ပြောလေ…ပြောပါလား"

"ဟာ…နင်ရှိနေရင် ပြောလို့ဖြစ်မလားဟ…တော်ကြာ အတုမြင်အတတ်သင်သလို ဖြစ်နေမယ်…နင် ပြန်တော့"

"ဟင်"

အာရုံ့စကားကြောင့် ခွန်းချို ရင်တွေခုန်လာတာ တဒိတ်ဒိတ် နှင့်ပါ။ ဒါဆို သူ ခွန်းချိုကို ချစ်တယ်လို့ပြောတော့မှာလား။ ခွန်းချိုက မျှော်လင့်ခဲ့တာ ကြာပြီပဲလေ။ ခွန်းချို ရှက်သလိုလို ဖြစ်သွားပေမယ့် အာရုံ နှုတ်ကပြောလာမယ့် ချစ်တယ်ဆိုတဲ့စကားကိုတော့ ကြားချင်နေ ပါပြီ။

"သြော်…ကိုကြီးက ဒီလိုလား။ နေခြည်ကို အနားမှာ မရှိစေ ချင်ဘူးဆိုတော့ မမခွန်းချိုကို ချစ်တယ်လို့ပြောမှာ ထင်တယ်"

"အေး…ဟုတ်တယ်၊ နင် အလိုက်သိတော့လေ"

"ကဲ…ဟုတ်ပါပြီ၊ အလိုက်သိစွာနဲ့ ပြန်ပါ့မယ်နော်…တော်ကြာ ဝဋ်လည်နေမှာစိုးလို့"

"ကြည့်စမ်း…ဒီကောင်မလေး…အဲဒါ အစ်ကိုကို ပြောရမယ့် စကားလား"

အာရုံပြောတဲ့စကားကို မကြားဟန်ပြုပြီး နေခြည်က ထွက်သွား လေတော့သည်။

"ဟယ်လို…အာရုံ"

"အင်း…နေခြည် သွားပြီလား"

"သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို ငါ ပြောတော့မယ်နော်"

"ဘာပြောမှာလဲ…ပြောလေ"

တစ်ဖက်မှ အာရုံ အသံခေတ္တတိတ်သွားပြီး…

"ခွန်းချို"

"ဟင်"

"နင့်ကို ငါ အရမ်းချစ်တယ်"

"အင်း"

"အင်း…ဘာအင်းလဲ…နင် ငါ့ကို ပြန်ချစ်လား၊ မချစ်ဘူးလား ပြောရမှာကို"

"နင်ကလည်း"

"ဘာလဲ"

"အဲဒါ နင် ပြန်လာမှပြောမယ်လေ"

ပြန်လာလို့ ဖြေမယ့်အဖြေက နင် ကြားချင်တဲ့အဖြေပါပဲ အာရုံ။ အခုချက်ချင်းကြီး ဖြေဖို့ကျတော့ ငါ ရှက်နေသေးလို့ပါ။ ကိုယ်မျှော်လင့်နေတဲ့စကားသံကို ကြားလိုက်ရတော့ ဝမ်းသာပြီး ရင်တွေခုန်လွန်းလို့ ဘာပြောရမှန်းတောင် မသိတော့ပါဘူး။

"ဒါဆို စောင့်ရဦးမှာပေါ့"

"ဒီလောက်အချိန်လေးတောင် မစောင့်နိုင်ဘူးလား"

"စောင့်ပါ့မယ်ဗျာ…စောင့်ပါ့မယ်၊ လိုချင်တဲ့အဖြေသာရမယ်ဆိုရင် ဘယ်လောက်ပဲစောင့်ရစောင့်ရပါ။ ငါက စောင့်နေမယ့်သူပါ ခွန်းချိုရယ်"





"ဟင်"

ချစ်တယ်ဆိုတဲ့အဖြေကို မြန်မြန်ရအောင်မတောင်းဘဲ ဘယ်အချိန်ထိပဲ စောင့်ရစောင့်ရ စောင့်မယ်ဆိုတော့ ခွန်းချို စိတ်တိုသွားရသည်။

"ဘယ်အချိန်ထိပဲ စောင့်ရစောင့်ရ စောင့်မယ်…ဟုတ်လား အာရုံ"

"ဟုတ်တယ်လေ…နင်ကသာ ငါ့ကို ချစ်တယ်ဆိုတဲ့အဖြေ ပေးပေါ့"

"အေး…ပေးမယ်။ နင် နောက်ထပ် အနှစ်သုံးဆယ်စောင့်"

စိတ်တိုပြီး ခွန်းချို ဖုန်းချပစ်လိုက်လေလျှင်…

"ဟာ…ခွန်းချို…ခွန်းချို"

***



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၁)

ဒီနေ့ အာရုံနဲ့ဒက်ဒီ နိုင်ငံခြားကနေ ပြန်လာတော့မည်လေ။ လေဆိပ်မှာ လာကြိုမယ်ဆိုတော့ မကြိုနဲ့တဲ့။ အိမ်ကိုပြန်လာရင် တွေ့ရမှာပေါ့တဲ့လေ။ မာန်ကတော့ ကိုယ့်အိမ်ကနေ မကြိုပါဘူး။ ဒေါ်လေးနနတို့အိမ်ကနေပဲ စောင့်ကြိုနေပါမည်။ ဘာဖြစ်လို့လဲဆို အာရုံက နောက်မှသာ ကိုယ့်အိမ်ကို အလည်လာချင်လာမှာ။

ပြန်မှာက ဒေါ်လေးနရှိတဲ့အိမ်ကိုပဲလေ။

သွေးသားအရင်းအချာတွေနဲ့ ဘယ်လိုပဲ ပြန်တွေ့တွေ့ နှစ်ပေါင်းများစွာ အတူနေလာခဲ့တဲ့ သူ့မွေးစားမိခင်ကို ဘယ်ခွဲချင်မှာလဲ။ သူက အဲဒီအိမ်မှာပဲနေမှာမို့လို့ ထွက်လာခဲ့တာပါ။





"ဒေါ်လေး…ဒေါ်လေး"

"…………"

"ဒေါ်လေးရေ"

"ဟယ်…ကိုမာန်…အဲ…အဲလေ မမမာန်"

နေခြည် မာန့်ကို ခေါ်ရာမှာ အထစ်ထစ်အငေါ့ငေါ့ ဖြစ်သွားလေသည်။ မိန်းကလေးအဖြစ်နဲ့ တွေ့ခဲ့မြင်ခဲ့ရတာတွေရှိပေမယ့် ပါးစပ်တ ဘယ်လိုမှ မခေါ်ဘဲ စိတ်ထဲမှာက ကိုမာန်လို့ပဲ ခေါ်နေမိတာ အကျင့်ပါနေခဲ့တာကိုး။

"ဒေါ်လေး ရှိလား…နေခြည်"

"ရှိတယ် မမ…လာ…အိမ်ထဲဝင်လေ"

"ဒီနေ့ အာရုံပြန်လာမှာ နေခြည်ရဲ့…အဲဒါကြောင့် ဒီကနေစောင့်နေမလို့ပါ။ အာရုံက ဒီကိုပဲ ပြန်လာမှာလေ"

"ဟုတ်ကဲ့ မမ…မေမေလည်း ကိုကြီးပြန်အလာကိုပဲ စောင့်နေတာပါ"

မာန် ခေါင်းညိတ်ပြီး အိမ်ထဲသို့ ဝင်လာခဲ့သည်။ နေခြည်က တံခါးဖွင့်ပေးပြီးလို့ အခု တံခါးပြန်ပိတ်ဖို့ ကျန်ခဲ့သည်လေ။ မာန် ဝင်လာတော့ ဒေါ်လေးနကို ညှော်ခန်းထဲမှာ ထိုင်နေတာ အဆင်သင့်တွေ့လိုက်ရ၏။ သူလည်း သူ့သားကို အဆင်သင့်စောင့်နေတာပဲ ဖြစ်မှာပေါ့။

"ဒေါ်လေး"

"မောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လေး နေကောင်းတယ်နော်"

"ဩော်…မာန်…လာ…သမီး…ဒေါ်လေး နေကောင်းပါတယ်ကွယ်။ ဒီနေ့ သားပြန်လာမယ်ဆိုလို့ စောင့်နေတာပါ"

"ဟုတ်ကဲ့…မာန်လည်း အာရုံကို လာစောင့်တာပါ"

"မေမေရေ"

"……………"

"မေမေ"

နေခြည်ခေါ်သံကြောင့် ဒေါ်နုနု အသံကြားရာဆီသို့ မျှော်ကြည့်ကာ–

"ဟဲ့…ကလေးမ…ဘယ်လိုဖြစ်လို့ အော်ကြီးဟစ်ကျယ်နဲ့ ခေါ်နေတာလဲ"

"ဒီမှာ ကိုကြီးကို စောင့်ကြိုမယ့် ဧည့်သည်တစ်ယောက် လာပြန်ပြီ မေမေရေ"

နေခြည့်စကားကြောင့် ဘယ်သူများဖြစ်နေမလဲလို့ စောင့်ကြည့်နေကြစဉ်…

"ဒေါ်လေး"

"ဩော်…ခွန်းချိုပါလား။ လာ…လာ…သမီး"

ခွန်းချိုက မာန့်ကို မြင်သွားပြီး…

"ဟယ်…မာန်လည်း ရောက်နေတာကိုး"

"ဟုတ်တယ် ခွန်းချို…လာ…ထိုင်လေ"

"ထိုင်မှာပေါ့"





ပြောပြောဆိုဆို ခွန်းချိုက မာန့်ဘေးမှာ ဝင်ထိုင်လေသည်။ နေခြည်လည်းရောက်လာပြီး မိခင်၏ဘေးမှာ ဝင်ထိုင်လေ၏။ အရင်တုန်းကတော့ အာရုံ ကျန်းမာရေးကြောင့် အာရုံအတွက် စိတ်ပူခဲ့ရတဲ့ သူတွေ အခုတော့ စိတ်ချမ်းသာကြရတော့မည်လေ။ အာရုံ ကျန်းမာရေးက ကောင်းသွားခဲ့ပြီကိုး။

နေခြည်က ပြုံးစိစိနှင့် ခွန်းချိုကို ကြည့်ကာ…

"မမခွန်းချို"

"ဟင်"

"ကိုကြီးက မမကို ပရိုပို့စ် လုပ်ပြီးပြီလား"

"အဟွန်း…နေခြည်ကလည်း"

ခွန်းချို ရှက်မျက်နှာလေးနှင့် ခေါင်းငုံ့သွားလေတော့…

"အမယ်…အမယ်…ရှပ်ကြီးက…ရှပ်ကြီးက ဒီလောက် ရှက်သွားပုံထောက်တော့ ပြောပြီးပြီဆိုတာ သိပါတယ်နော်။ ဘယ်လိုလဲ တစ်ခါတည်း အဖြေပေးလိုက်ရဲ့လား"

"နေခြည်ရယ်…တော်ကြာ ခွန်းချို ရှက်ပြီး ထပြေးလို့ ခလုတ်တိုက်ပြီး လဲနေပါဦးမယ်"

"ဟုတ်သားပဲ သမီးရဲ့…သိသာသိစေ မမြင်စေနဲ့ဆိုတာမျိုးပေါ့။ မသိချင်ယောင်ဆောင်နေလိုက်လေ"

လေးယောက်သား ရယ်မိလိုက်ကြသည်။ အချိန်တန်ရင် ခွန်းချို ဘက်ကလည်း ပြဿနာမရှိပေ။ အရင်တုန်းက အခြေအနေမျိုးနဲ့ဆိုရင် တော့ ခွန်းချိုမိဘတွေက ခွန်းချိုနဲ့အာရုံကို သဘောတူချင်မှ တူမှာပေါ့



www.burmeseclassic.com

www.burmeseclassic.com



အခု အာရုံက ပန်းချောင်းရတဲ့ ပန်းသည်၊ ဟင်းသီးဟင်းရွက်စိုက်စား ရတဲ့ ဘဝမျိုးမှ မဟုတ်တော့ဘဲ။

သူဌေးသားဆိုတာထက်…

ကိုယ်တိုင်က နိုင်ငံကျော်အဆိုတော် ဖြစ်နေတာပဲလေ။ မာန်တို့ မိသားစုကလည်း လုပ်ငန်းကိုယ်စီနဲ့မို့ အာရုံအတွက်ဆို စည်းစိမ် တစ်ဝက်ခွဲပေးရမယ်ဆိုလည်း ပေးမယ့်သူတွေပါ။

"တီးတောင်…တီးတောင်…တီးတောင်"

"ဟင်"

ဖုန်း ringtone သံကြောင့် မာန့်လက်ထဲက ဖုန်းကို ငုံ့ကြည့်လိုက် တော့ မမကြီး ဖုန်းဆက်တာပါ။

"ဟယ်လို"

"………."

"မာန်…ဒေါ်လေးနတ်တို့အိမ်မှာ မမကြီး"

"………"

"ဘာ"

"…………"

"မိုက်တို့ ဝဏ္ဏအောင်တို့အုပ်စုနဲ့ ရန်ဖြစ်လို့ ဟုတ်လား… ဘယ်သူ ဘာဖြစ်သွားသေးလဲ…မမကြီး"

"……………"

"ဟင်…သိုက် ဓားထိုးခံရလို့ ဆေးရုံတင်ထားရတယ်… ဟုတ်လား"





"………"

"အခြေအနေ ဘယ်လိုလဲ မမကြီး…အခု မမကြီး ဆေးရုံမှာ လား"

"……………."

"မာန်…အခုပဲ လာခဲ့မယ်"

မာန် ဖုန်းချလိုက်တာနှင့်…

"မာန်"

မာန် ထရပ်လိုက်တာနှင့် ခွန်းချိုပါ ထရပ်လိုက်ပြီးခေါ်တာ ဖြစ်၏။ မာန်နဲ့ခွန်းချိုက အခုချိန်မှာ သူငယ်ချင်းပဲလေ။ မာန့်အရေးက ကိုယ့်အရေးပဲပေါ့။ ပြီးတော့ သိုက်နဲ့မိုက်က ခွန်းချိုနဲ့ မသိတဲ့သူတွေမှ မဟုတ်တာ။

"သိုက်…ဓားထိုးခံရလို့…ဟုတ်လား"

"ဟုတ်တယ် ခွန်းချို"

"အခု မာန် ဆေးရုံကိုသွားမှာလား"

"ဟုတ်တယ်"

"ဒါဆို ခွန်းချိုပါလိုက်မယ်"

"ဒေါ်လေးလည်း လိုက်မယ်…မာန်"

"ဒေါ်လေး မလိုက်ပါနဲ့၊ ဒေါ်လေးက အာရုံကို စောင့်ရဦးမှာ လေ"

ဒေါ်နုနု ခေါင်းခါလိုက်သည်။ မာန်နဲ့ပတ်သက်ပြီး သိရတာဆို ပေမယ့် မိုက်နဲ့သိုက်က သူမတို့ကို ကူညီခဲ့တာတွေရှိသည်လေ။



www.burmeseclassic.com

www.burmeseclassic.com



"အာရုံက အကောင်းပကတိနဲ့ ပြန်လာမှာပဲ သမီးရယ်…သူ သိရင်လည်း စိတ်မကောင်းဖြစ်မှာပါ။ မာန်နဲ့ပတ်သက်ပြီး သူတို့က ဒေါ်လေးတို့ကို ကူညီခဲ့တာတွေ ရှိတာယ်လေကွယ်။ ဒေါ်လေး လိုက်ပါ ရစေ"

"ဒါဆိုလည်း ဒေါ်လေးသဘောပါ"

ပြောပြီး မာန် ထွက်လာတာနှင့် နောက်မှ အသီးသီးလိုက်လာကြသည်။ အာရုံ ပြန်လာမယ်ဆိုလို့ အားလုံး ဝမ်းသာနေတဲ့အချိန်မှာ ဘာလို့များ ကံကြမ္မာမုန်တိုင်းက ဝင်မွှေရပါလိမ့်နော်။

***





## အခန်း (၃၂)

"သိုက်"

"…………"

"သိုက်"

မြင်နေရတာ မမကြီးပေမယ့် မာန်…သိုက်နာမည်ကိုပဲ ခေါ်နေမိတော့သည်။ မမကြီးရဲ့ဘေးမှာက မိုက်ပါ။ မိုက်မှာလည်း ခေါင်းမှာ ဝတ်တီးအဖွေးသားနှင့်ပါလား။ ဒီလိုတွေ မြင်လိုက်ရတော့ မာန် ချက်ချင်းပဲ ဝဋ္ဋအောင်တို့ရုပ်စုကို ပြေးသတိချင်စိတ်ပေါက်သွားသည် လေ။

ဇလာလောဆယ်အဖို့မှာတော့…

သိုက်က အရေးကြီးနေသည်မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



"မမကြီး"

"မာန်"

"သိုက်အခြေအနေ ဘယ်လိုလဲဟင်"

မမကြီးမှာ မဖြေနိုင်ဘဲ မျက်ရည်တွေသာ ကျနေတော့သည်။ သိုက်ကိုကြည့်လိုက်တော့လည်း မျက်နှာမကောင်းပေ။

"မိုက်"

"…………"

"သိုက်အခြေအနေ ဘယ်လိုလဲလို့ ငါ မေးနေတယ်လေ"

"နင့်ဘာသာနင်ပဲ သွားကြည့်လိုက်တော့ မာန်"

ပြောလိုက်သူက မမကြီးပါ။ ရှိုက်သံနှင့် ပလုံးပထွေးပြောပြီး အပြေးတစ်ပိုင်း ခြေလှမ်းတွေနဲ့ မာန် ရှေ့မှထွက်သွားသည်လေ။ မိုက်ကလည်း ခေါင်းငိုက်စိုက်ချလို့ပါပဲ။ မာန် အခြေအနေကို နားလည်လိုက်စွာ…

"သိုက်"

"…………"

"သိုက်"

တွန်းလာတဲ့ ထရော်လီနားကိုကပ်ပြီး မာန်…သိုက် မဖြစ်ပါစေနဲ့လို့ ဆုတောင်းရင်း မျက်နှာပေါ်က ပိတ်စကို ဖွင့်လိုက်စဉ်…

"ဟင်…"

မြင်လိုက်ရတဲ့မျက်နှာကို စူးစိုက်ကြည့်ပြီး မာန် မျက်ရည်မထိန်းနိုင်တော့ပေ။ ဘယ်လောက်ပဲသတ္တိရှိခဲ့ပါစေ မိန်းကလေးထ





မိန်းကလေးပါပဲ။ နူးညံ့တဲ့ နှလုံးသားပိုင်ရှင်မို့ ခံစားစရာရှိရင် ခံစားတတ်တာပဲလေ။

"သိုက်"

"…………"

"သိုက်ရယ်"

မာန့်ရင်ထဲမှာ ဆို့နင့်စွာနှင့် မျက်ရည်တွေက ပိုးစိုးပေါက်ပေါက် ကျလာသည်။ ငယ်ငယ်လေးကတည်းက မိုက်စရာရှိလည်း အတူတူ၊ ဆိုးစရာရှိလည်း အတူတူနဲ့ စားအတူ သွားအတူ နေလာခဲ့ကြတဲ့ သံယောဇဉ်က သေးသေးကွေးကွေးမှ မဟုတ်ပဲလေ။

အခုတော့…

သိုက်က မာန်တို့ကို ထာဝရခွဲခွာသွားပြီပေါ့။ ဝဋ္ဋအောင်… သူတောင်းစား။ နင်နဲ့ငါ တွေ့ကြသေးတာပေါ့ ဝဋ္ဋအောင်ရယ်။ သိုက် သေသလို နင် သေစေရမယ်။

"ဟင်…မာန်"

"မာန်"

ချာကနဲ လှည့်ထွက်သွားတဲ့ မာန့်နောက်ကို ခွန်းချို ပြေးလိုက်ရလေသည်။ မာန့်စိတ်ကို သူတို့မသိဘဲနေပါ့မလား။ မာန်က စိတ်မြန် လက်မြန်ရှိသူလေ။ အခု သိုက် ဆုံးသွားခြင်းအတွက် သူ့ရင်ထဲမှာ လက်စားချေလိုစိတ်တွေ ပြင်းပြသွားမှာပေါ့။

"ဟင်…မာန်"

မိုက် ခြေလှမ်းကျဲတွေနှင့် လျှောက်လာတဲ့ မာန်ကို မြင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ခြင်းနှင့်အတူ နောက်ကပြေးလိုက်လာတဲ့ ခွန်းချိုကိုပါ မြင်လိုက်ရတော့ ဘာတွေဖြစ်လာပါလိမ့်ဟု တွေးလိုက်စဉ်…

"မာန်"

"…………"

"မာန်"

"………"

"မိုက်…မိုက်…လုပ်ပါဦး၊ မာန့်ကို ထွက်မသွားအောင် တားပေးပါ"

"ဟင်"

မိုက် အခြေအနေကို နားလည်သွားပြီး မာန့်နောက်သို့ ချက်ချင်း လိုက်ကာ မာန့်လက်ကို ဆွဲထားလိုက်၏။

"မာန်"

"ဖယ်စမ်း"

"မာန်…နင် ဘယ်သွားမလို့လဲ၊ မသွားရဘူး…ငါ သွားခွင့် မပြုဘူးနော်"

"ငါ့လက်ကိုလွှတ်…ငါသွားမှဖြစ်မှာ။ သိုက်သေသလို အဲဒီကောင်တွေလည်း သေစေရမယ်။ ဝဏ္ဏအောင်ကို ငါ သတ်ရမှကျေနပ်မယ်"

"မာန်…မသွားရဘူး"

"ခွပ်"

"အ"





"မာန်"

မာန်က မိုက်ကို လက်သီးနှင့်ထိုးပြီး ထွက်သွားဖို့ ကြိုးစားပေမယ့် ခွန်းချိုက မရမက တားဆီးဖို့အတွက် မာန့်ခါးကို ပြေးဖက်ထားသည်လေ။ မိုက်မှာလည်း ကိုယ့်နာကျင်မှုဝေဒနာကို ဂရုမစိုက်နိုင်ဘဲ မာန် ထွက်မသွားရေးသာ တားဆီးဖို့အတွက် မာန့်ရှေ့က ပိတ်ရပ်ကာ ဆီးတားသည်လေ။

"မိုက်…နင် ရှေ့ကဖယ်နော်"

"မသွားပါနဲ့ မာန်ရယ်…ခွန်းချို တောင်းပန်ပါတယ်နော်၊ သူ့ကို သတ်ရင် မာန် ထောင်ကျမှာပေါ့။ မသွားပါနဲ့နော်"

"ဟုတ်တယ် မာန်…မင်းသွားလည်း ဝဏ္ဏအောင်တို့ကို တွေ့မှာ မဟုတ်ဘူး"

"………"

"အဲဒီနေ့ကပဲ သူတို့ကို ရဲတွေ ဖမ်းသွားကြတယ်"

"ဘာ"

"နင် သတ်စရာမလိုပါဘူး"

မာန် အံကြိတ်ပြီး လက်သီးကို တင်းနေအောင် ဆုပ်ထားမိ၏။ သိုက် သေဆုံးခြင်းအတွက် မာန်က ကိုယ့်လက်နဲ့ ပြန်သတ်ပြီး လက်စားချေချင်တာ။ မာန့်ဘဝမှာ ဆုံးရှုံးခြင်းဆိုတာ ဒါ ပထမဆုံး အကြိမ် ကြုံရခြင်းပါပဲ။

"တောက်…ငါက အဲဒီကောင်တွေကို ငါကိုယ်တိုင် ငါ့လက်နဲ့ သတ်ပြီး လက်စားချေချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အခု သူစရိတ်နဲ့သူ သွားကြပြီပဲ မာန်ရယ်"

မာန် မျက်ရည်တွေကျလာပြန်သည်။ သိုက်အတွက် သူ မဖြေနိုင်ဘူးလေ။ ဒါကြောင့် ခေါသဆိပ်တက်ပြီး အံကြိတ်ထားတာကိုကာနဲ့ မြည်သံပင် ထွက်သွားလေသည်။

"သမီး…မာန်"

"…………"

"စိတ်ကို လျှော့ပါ သမီးရယ်…ဘာပဲဖြစ်ဖြစ် ဘယ်သူမြမြမိမိမှုပါပဲ။ သူပြုတဲ့ကံ သူတို့ခံသွားရပြီပဲလေ"

နောက်မှရောက်လာပြီး တရားချသူက ဒေါ်နုနုပါ။ သူမလည်း သိုက်အတွက် စိတ်မကောင်းပါဘူး။

"သေခြင်းတရားကို ဘယ်သူကမှ မလွန်ဆန်နိုင်ပါဘူးကွယ်။ မဖြေနိုင်တာက အသေဆိုးနဲ့ သေရတာကိုပါပဲ။ သေတာတော့ လူတိုင်းသေမယ့်ရက်ကို ထမင်းစားပြီး စောင့်နေကြရတာမဟုတ်လား"

"မာန်…မာန် မဖြေနိုင်ဘူး ဒေါ်လေးရယ်"

"ဒေါ်လေးတို့လည်း စိတ်မကောင်းပါဘူးကွယ်"

"တောက်"

"စိတ်လျှော့ပါ သမီးရယ်"

"အဟင့်"

မာန်…ဒေါ်နုနု၏ရင်ခွင်ထဲသို့ တိုးဝင်ပြီး ငိုရှိုက်လေတော့ ဒေါ်နုနုက ကျောကို ပွတ်ပေးရင်း နှစ်သိမ့်ပေးနေသည်သာ။

"မာန်"





"ဟင်"

သူတို့ဆီသို့ နောက်ထပ် အပြေးအလွှားရောက်လာသူကတော့ အာရုံပါ။ အိမ်ရောက်လို့ သတင်းကြားကြားချင်းပဲ ပြေးလာခဲ့တာလေ။ သိုက် ဆုံးသွားပြီတဲ့။ မာန့်လောက် မရင်းနှီးခဲ့ပေမယ့် သိုက်ဆိုတာ မာန်နဲ့ပတ်သက်ပြီး သူ့ကို အကူအညီတွေပေးခဲ့သူ။

"အာရုံ"

"သိုက် ဘယ်မှာလဲ"

"သူ ဆုံးသွားပြီ"

ဖြေလိုက်သူက ခွန်းချိုပါ။ မာန်ကတော့ ဒေါ်နုနု ရင်ခွင်ထဲမှ ထွက်လိုက်ပြီး အာရုံ့ရင်ခွင်ထဲသို့ ကူးပြောင်းခိုဝင်ကာ…

"သိုက်…သိုက် မရှိတော့ဘူး အာရုံရဲ့…ဟီး"

အာရုံ အစ်မဖြစ်သူ၏ပခုံးကို ပြန်လည်ပွေ့ဖက်ထားလိုက်မိသည်။ မာန် အရမ်းခံစားနေရမှာပေါ့။ သိုက်နဲ့မိုက် နှစ်ယောက်စလုံးက မာန့်စိတ် သူတို့ကိုယ်နဲ့ ရပ်တည်နေကြတဲ့သူတွေလေ။ သိုက် သေဆုံးခြင်းက မာန်ရဲ့လက်တစ်ဖက် ကျိုးသွားခြင်းနဲ့ အတူတူပါပဲ။

မိသားစုတွေနဲ့ ပြန်တွေ့ရတော့မှာမို့ ဝမ်းသာအားရနဲ့ ပြန်လာခဲ့တဲ့ အာရုံ…ဒီရောက်တော့ စိတ်မကောင်းစရာသတင်းကို ကြားလိုက်ရတော့ အမောမပြေဘဲ အမောဆို့ချင်သွားတာပါ။ သိုက်နဲ့ပတ်သက်ပြီး မာန် အရမ်းခံစားနေရတာတွေတော့ သူလည်း ဒီညီမနှင့်အတူ ထပ်တူထပ်မျှပါပဲလေ။

"မာန်"



www.burmeseclassic.com

www.burmeseclassic.com



“............”

“စိတ်ကိုဖြေပါ မာန်ရယ်…တော်ကြာ စိတ်ထောင်းလို့ကိုယ်ကြေ ဖြစ်နေပါ့မယ်။ မငိုနဲ့တော့နော်”

“ငါ…ငါ မဖြေနိုင်လို့ပါ အာရုံရယ်”

“ငါ နားလည်ပါတယ်။ အခု အိမ်ပြန်ရအောင်နော်။ ငါနဲ့ အိမ်ပြန်လိုက်ခဲ့ပါ မာန်”

“ဟင့်အင်း…ငါ မပြန်သေးဘူး”

“မာန်”

မိုက်က မာန့်ကို ပြန်ခေါ်သွားဖို့ မျက်ရိပ်ပြလေသည်။ မာန် ဒီမှာ ဆက်ရှိနေရင် သူ့ကို ထိန်းနေရတာနဲ့ လုပ်စရာရှိတာတွေ လုပ်တဲ့နေရာမှာ စိတ်စနိုးစနောင့် ဖြစ်ကုန်မှာစိုးလို့လေ။ မိုက်လည်း မခံစားရပဲနေပါ့မလား။ အဖေပါနဲ့အမေပါဆိုပေမယ့် သူများတွေလို သွေးမကွဲဘဲ ညီအစ်ကိုအရင်းလို့ ချစ်ခဲ့ကြသူတွေ။

သိုက်ရယ်…

နောက်ဘဝဆိုတာရှိခဲ့ရင် မင်း ဒီလိုအဖြစ်ဆိုးနဲ့ မကြုံရပါစေနဲ့လို့ ငါ ဆုတောင်းပေးပါတယ်ကွာ။ သိုက် ကောင်းရာသုဂတိလားပါစေ။

“မပြန်လို့မရဘူး မာန်…လူကြီးတွေ စိတ်ပူနေကြတယ်။ ပြန်လိုက်ခဲ့နော်”

“ဟုတ်တယ် မာန်…နင် ပြန်လိုက်သွားပါ”





အာရုံ အမြှာအစ်မဖြစ်သူကို ပွေ့မတတ်နှင့်ပဲ ဆွဲခေါ်လာခဲ့တော့သည်။

“ခွန်းချိုနဲ့ဒေါ်လေး ပြန်လိုက်သွားလိုက်လေ…သိုက်ကိစ္စအတွက် ကျွန်တော်ပဲ တာဝန်ယူဖြေရှင်းလိုက်ပါ့မယ်။ တော်ကြာ လူကြီးတွေလည်း လိုက်လာကြတော့မှာပါ”

“ကောင်းပြီလေ…ဒါဆို ဒေါ်လေးတို့ သွားမယ်နော် သား”

“ဟုတ်”

ဒေါ်နုနုနဲ့ခွန်းချိုလည်း ထွက်သွားကြပြီး အနားမှာ ဘယ်သူမှမရှိတော့တဲ့အချိန်ကျမှ မိုက် ဒူးကို ချိုးချပြီး အားရပါးရ ငိုရှိုက်မိတော့သည်။

“သိုက်ရာ”



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၃)

မျှော်သောသူရှာရင်တွေ့၊ သေသောသူကြာရင်မေ့တဲ့။ သိုက်ကို မမေ့နိုင်ပေမယ့် ထာဝရငိုနေလို့မှ မဖြစ်ပဲလေ။ သိုက် ရက်လည်ပြီးနောက်မှာတော့…မာန် စိတ်ပြေလက်ပျောက်ဖြစ်အောင် အာရုံတို့အိမ်သို့ ထွက်လာခဲ့မိသည်။

အာရုံတို့ကတော့…

သိုက်အတွက် စိတ်မကောင်းဖြစ်ရပေမယ့် မာန့်လောက်တော့ဘယ်ခံစားနေရမှာလဲ။

ဒါကြောင့်…

"ခွန်းချို"

"ဟင်"





"ငါ သီချင်းဆိုပြမယ်…နားထောင်မလား"

အာရုံက ဂစ်တာကို လှမ်းယူရင်း မေးလိုက်တာဖြစ်၏။ အာရုံတို့ခြံက ကျယ်ပြီး အရင်တုန်းကလို သစ်သားအိမ်သေးသေးလေး မဟုတ်တော့ပေ။ ခုဆိုရင် နှစ်ထပ်တိုက်ကြီး မဟုတ်ပေမယ့် နှစ်ထပ်တိုက်ကလေးတော့ ဖြစ်လာခဲ့ပြီလေ။ ဒါ အာရုံ အဆိုတော်ဖြစ်ပြီးမှဆောက်ခဲ့ကြတာပါ။

အာရုံမေးတော့ ခွန်းချိုက ခေါင်းညိတ်ပြပြီး…

"နားထောင်မှာပေါ့…နင် သီချင်းဆိုပြတာ နားမထောင်ရတာကြာပြီပဲလေ။ အခွေထည့်ကြည့်ပြီးပဲ အလွမ်းဖြေနေရတာ"

"ဟုတ်လား…အမြဲသတိရနေတယ်ပေါ့"

"အင်း"

"ငါလည်း နင့်ကို တစ်နေ့မှ မေ့မရပါဘူးဟာ…အချိန်တိုင်းကိုသတိရနေတာ"

"ဟွန်း…ယုံတမ်းစကားတွေ"

"တကယ်ပါဆို…မယုံဘူးလား"

ခွန်းချိုက မဖြေ။ မယုံဘူးပြောရင် ယုံအောင် ဘယ်လိုလုပ်ပြရမလဲလို့ပဲ မေးမှာလေ။ လုပ်ပြခိုင်းစရာမှ စဉ်းစားလို့မရတာ။ ယုံတယ်ပြောရင်လည်း ရောင့်တက်မှာစိုးလို့ပါ။

"ဟိတ်"

"…………"

"မေးနေတာ ဖြေလေ"



www.burmeseclassic.com

www.burmeseclassic.com



"..................."

"ဟောဗျာ…ပါးစပ်မပါဘူးလား မသိဘူး။ အဲ…ပါးစပ်က တော့ ပါပါတယ်။ အ,သွားတာလား…ဩော်…သိပြီ။ ကလေးဆို တော့ စကားမပြောတတ်သေးတာပဲ။ စကားပြောတတ်အောင် ကြက်ဖင်ကျွေးမှထင်တယ်။ စားမယ်မဟုတ်လား"

"အာရုံနော်…နင် စားပါလား"

ခွန်းချို မျက်စောင်းထိုးပြီး ပြောလေတော့ အာရုံက ရယ်လေ သည်။ အကြောင်းကြောင်းကြောင့် မပြောဖြစ်သေးတဲ့ ချစ်စကားတွေ ဒီနေ့တော့ ပြောမှကိုဖြစ်မှာပါ။ ကြာရင် ရင်ဘတ်ကြီး ကွဲထွက်သွားမှာ နိုးလို့လေ။

"ကဲ…ခွန်းချို"

"ဘာတုန်း"

"ခြံထဲသွားရအောင်…သီချင်းဆိုပြမယ်လေ"

"အိုကေ"

နှစ်ယောက်သား ခြံထဲသို့ဆင်းခဲ့ကြပြီး ပန်းပင်တွေကြားက ခုံတန်းလေးပေါ်မှာ ထိုင်မိလိုက်ကြသည်။ အိမ်အသစ်ဆောက်လိုက် ပေမယ့် ခြံထဲမှာ ပန်းပင်တွေကတော့ ရှိနေဆဲပါ။

"သီချင်းဆိုမပြခင် နင့်ကို ငါ ပြောစရာရှိသေးတယ် ခွန်းချို"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့"

"ဒါဆိုပြော"





ပြောခိုင်းပြီး ခွန်းချို မျက်နှာလွှဲထားလိုက်သည်လေ။ သူ ဘာ ပြောမလဲဆိုတာ ခွန်းချို သိတာပေါ့။ ဒါကြောင့် ရင်တွေခုန်ပြီး သူ့ မျက်နှာကို မကြည့်ရဲတော့ပါဘူး။ အာရုံကတော့ ခွန်းချို မျက်နှာလေး ကို စေ့စေ့ကြည့်ကာ…

"ပြောပြီးသားစကားပါ…ဒါပေမယ့် ထပ်ပြောချင်လို့"

"................"

"နင့်ကို ငါ အရမ်းချစ်တယ်"

"................"

"နင်ရော ငါ့ကိုချစ်လား"

"................"

"ခွန်းချို ငါ မေးတာကို ဖြေဦးလေဟာ…ငါ့ကို ချစ်လားလို့။ မဖြေရင်တော့နော်…"

ခွန်းချို ဖျတ်ကနဲ လှည့်ကြည့်ပြီး…

"ဘာလုပ်မှာလဲ"

"ဖက်ထားမှာပေါ့၊ ချစ်တယ်လို့ မပြောမချင်း လွှတ်မပေးဘူး"

"ဟင်"

သူ တကယ်ပဲ ခွန်းချိုကို ဖက်ထားလေတော့ ခွန်းချို မရုန်းမိ ပေ။ ကိုယ်လည်း ချစ်နေတာမို့ ရုန်းမနေချင်တော့ဘူးလေ။ ကိုယ့်ရင်ထဲ မှာ သူ့အတွက် အချစ်တွေက တောင်ပြိုကမ်းပြို ရှိနေပြီးသားပဲဥစ္စာ။

"ကဲ…မပြောသေးဘူးလား…ချစ်တယ်လို့ မပြောရင် တစ်ဆင့်တက်မှာနော်"



www.burmeseclassic.com

www.burmeseclassic.com



"အာရုံနော်"

"ချစ်တယ်လို့ပြော"

"မပြောဘူး"

"မပြောဘူးလား"

"မပြောဘူး"

"ကောင်းပြီလေ…ဒါဆို မပြောတဲ့ ပါးစပ်ကို ဒဏ်ခတ်မယ်"

"ဟာ"

အာရုံ ခွန်းချိုကို နမ်းမည်လုပ်တော့ ခွန်းချိုက သူ့မျက်နှာကို တွန်းလိုက်ကာ…

"အာရုံ ဘယ်လိုဖြစ်နေတာလဲ"

"နင်က ငါ့ကို ချစ်တယ်လို့မှ မပြောတာ"

"ဒီလောက်ဖက်ထားပြီးမှ ပြောနေစရာလိုလို့လား"

"ဟင်…ဖက်တာကဖက်တာပဲလေ။ နင်ကမှ ချစ်တယ်လို့ မပြောတာ။ ဒီပါးစပ်ကပြော…ချစ်တယ်လို့"

"ကဲ…ချစ်တယ်…ချစ်တယ်…ချစ်တယ်…ချစ်တယ်…ချစ်တယ်…ချစ်တယ်"

"ဟိုး…ရပြီ"

ခွန်းချို မျက်လုံးကို စုံမှိတ်ပြီး အော်နေတော့ အာရုံ သူ့လက်ချောင်းလေးနှင့် ခွန်းချိုပါးစပ်ကို ပိတ်လိုက်ပြီး ရယ်လေသည်။ ပြီးမှ…

"ဒါဆို ဘယ်လောက်ချစ်"





ခွန်းချို စဉ်းစားသလို တွေတွေလေးလုပ်ပြီး…

"မိုးအဆုံး မြေအနှံ့"

"မောင့်ကိုပဲ အချစ်ဆုံးပေါ့"

"ဒါပဲပေါ့"

"ဝမ်းသာလိုက်တာ ခွန်းချိုရယ်"

အာရုံ ဒီတစ်ခါလည်း ခွန်းချို ပါးပြင်လေးကို နမ်းမည်လုပ်တော့

"ဟို…ဆရာ…ဟိုး"

"ဟင်"

"မာန်"

"ငါ့ကားဝင်လာတာတောင် မသိရအောင် တော်တော်ကြည်နူးနေကြတယ်ပေါ့လေ…ဟုတ်လား"

မာန်က သူတို့ဆီသို့ ဘောက်ဆတ်ဆတ်နှင့် လျှောက်လာလေလျှင် အာရုံ ရှက်ရှက်နှင့် လည်ပင်းပွတ်လိုက် မျက်နှာကို ပွတ်လိုက်နှင့် ဖြစ်နေ၏။ မာန်နဲ့မှ တိုးရတယ်လို့။ ဒီကောင်မလေးကလည်း အလိုက်ကန်းဆိုးမသိတာပါ။ မမြင်ချင်ယောင်ဆောင်သွားရင် ပြီးတဲ့ကိစ္စကို။

"ကဲ…ပြောပါဦး၊ အဲဒါ ဘာလုပ်နေကြတာလဲ"

"ချစ်နေကြတာလေ…ချစ်နေကြတာပေါ့"

အာရုံ စိတ်မရှည်သလို ပြောလေတော့ မာန်က ခါးထောက်ပြီး

"သြော်…ဟုတ်လား"

ခပ်ရွဲ့ရွဲ့ပုံစံနှင့် ပြောလေတော့ အာရုံကလည်း ခပ်ရွဲ့ရွဲ့ပဲ ကရွဲ့ကရွဲ့လုပ်ပြကာ…



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာပေါ့"

"ဟွန်း…ရုပ်ကိုက အမြင်ကတ်ဖို့ကောင်းလိုက်တာ။ ကိုယ့်အစ်မလာတယ်ဆိုပြီး ဖော်ဖော်ရွေရွေ ကြိုဆိုမယ်မရှိဘူး။ ငမ်းကြောက ထူနေလိုက်တာ…မပြောချင်တော့ဘူး"

"မပြောချင်မပြောနဲ့ပေါ့…သူများတွေ ချစ်နေကြတာကို ဖျက်လိုဖျက်ဆီးနဲ့။ နင် ဝဋ်လည်ဦးမယ်…သိလား"

"ဘာမှ ဝဋ်လည်စရာမရှိဘူး။ ငါက တစ်သက်လုံးပဲ ဒီအတိုင်းနေသွားမှာ…သိလား"

"ယုံရချေသေးရဲ့"

"မယုံလဲညီး မတတ်နိုင်ဘူးဟေ့…အနားမှာမရှိစေချင်လည်း သွားပြီ"

ပြောပြောဆိုဆိုနှင့် မာန် လှည့်ထွက်သွားလေတော့…

"ဟား…ဟား…ဟား…ဟား…ပြောတော့ဖြင့် ဘာလေး ညာလေးနဲ့ ဝဋ်လည်မှာကြောက်လို့ သွားပြီ…တွေ့လား"

မာန် လှည့်မကြည့်တော့ပေ။ သူများတွေ ပျော်ရွှင်နေတာကို မာန် မဖျက်ဆီးချင်ပါဘူး။ မာန်လည်း အခုလောလောဆယ် စိတ်တွေ မတည်ငြိမ်သေးပေမယ့် ပျော်နိုင်အောင် ကြိုးစားမှာပါလေ။

"ကဲ…ခွန်းချို"

"ဟင်"

"မပြီးပြတ်သေးတဲ့ကိစ္စ ပြန်ဆက်ကြရအောင်နော်"

"ဘာလဲ…အာရုံရဲ့"





"အာ…ဘွား"

ဒီတစ်ခါတော့ အတားအဆီးမဲ့စွာနှင့် ခွန်းချို ပါးပြင်ဆီမှာ နွေးကနဲ ဖြစ်သွားလေသည်။

သြော်…

ဒီလိုချစ်သူဆိုတဲ့ ဘဝမျိုးကို ခွန်းချိုရော အာရုံပါ ကြိုတွေးပြီး စိတ်ကူးယဉ်ခဲ့တာ ကြာပြီပေမယ့်…

အခုတော့…

လက်တွေ့ဘဝကို ပိုင်ဆိုင်ခဲ့ပါပြီလေ။

ဆန္ဒနှင့်ဘဝ တစ်ထပ်တည်းကျနိုင်ကြပါစေ…

အလင်းသစ်

၁၇·၁၂·၂၀၁၅



www.burmeseclassic.com